# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 22 December 2016 (၈၇၈၃)


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ်ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် တရုတ်နိုင်ငံ သံအမတ်ကြီးနှင့် ဗြိတိန်နိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အလားတူ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အင်ဒရူး ပတ်ထရစ် အား မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌တွေ့ဆုံပြီး မြန်မာ-ဗြိတိန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ပြီးစီးပါက နိုင်ငံတကာလေကြောင်းလိုင်းများ ဝင်ထွက်သွားလာရာတွင် အဆင်ပြေလာမည်



ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ၏ ပထမအကြိမ်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်ပြီးစီးပါက မြန်မာနိုင်ငံသို့ အဓိကဝင်ပေါက်ဖြစ်လာမည်ဖြစ်သည့်အတွက် နိုင်ငံတကာလေကြောင်းလိုင်းများ ဝင်ထွက်သွားလာရာတွင်လည်း အဆင်ပြေလာမည်ဖြစ်ကြောင်း ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သည့် အားလျော်စွာ မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတော်စီမံကိန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းသည် ကြီးမားသည်နှင့်အမျှ စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်အရေးကြီးကြောင်း၊ စီမံကိန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် လိုအပ်သကဲ့သို့ စနစ်တကျဖြစ်ရန်လည်း လိုအပ်ကြောင်း၊ ထို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရများ အနေဖြင့် တာဝန်ယူဆောင်ရွက်သွားရမည့် အပိုင်းအလိုက် တာဝန်ကျေပွန်ရန်နှင့် နိုင်ငံတော်နှင့် ပြည်သူအတွက် စံနမူနာ စီမံကိန်းကြီးဖြစ်လာစေရန်အတွက် အလေးအနက်ထားဆောင်ရွက်ပေးကြရန် ဦးဆောင်ကော်မတီဥက္ကဋ္ဌက တိုက်တွန်းပြောကြားသည်။

ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်း ဦးဆောင်ကော်မတီ၏

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




## ကြေးမုံ

# ညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်

လူသားများပေါ်စကတည်းက လူ၏အတွင်းအဇ္ဈတ္တသန္တာန်တွင် အစဉ်ကိန်းအောင်းနေတတ်သည့် လောဘ၊ ဒေါသ၊ မောဟတရားများလည်း အတူတွဲပါလာသည်။ ရှေးအစဉ်ကတည်းက ဖြစ်ပေါ်လာတတ်သည့် အဆိုပါအကုသိုလ်မီးများမှာ လောဘ၊ ဒေါသ၊ မောဟတို့၏ စေ့ဆော်မှုကြောင့်ဖြစ်တတ်ပေရာ မျက်မှောက်ကာလတွင်လည်း လူ့လောကတစ်ခွင်၌ တောက်လောင်နေဆဲဖြစ်သည်။

အဆိုပါလောဘ၊ ဒေါသတရားများကြောင့် လူ့ဘောင်လောကတစ်ခွင်တွင် အချင်းချင်းနှိပ်စက်ညှဉ်းပန်းအနိုင်ကျင့်သတ်ဖြတ်ခြင်းများရှိလာသည်။ ထိုမနှစ်မြို့ဖွယ်မကောင်းသောအမှုများကို မိသားစုအချင်းချင်း၊ လူမှုသိုက်မြုံအသိုင်းအဝိုင်း အချင်းချင်းကြား၌ ကြုံတွေ့ရမှုကြောင့် ဆုံးရှုံးမှုများဖြစ်ပေါ်လာရသည်။

ယင်းမှာ သာမန်ပုထုဇဉ်လူသားတို့၏ ရှိရင်းစွဲစိတ်သန္တာန်ကြောင့် ဖြစ်တတ်သည် ဆိုကြသော်လည်း မိမိတို့သည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် အတူနေကြသူများဖြစ်သည်ကို မေ့လျော့ပြီး စည်းလုံးညီညွတ်မှုပြိုကွဲနေကြမည်ဆိုလျှင် တစ်ပါးသူ(မလိုသူ)တို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်သာဖြစ်သည်။

ပြည်ထောင်စုဖွားအချင်းချင်း ချစ်ချစ်ခင်ခင် မနေထိုင်ခြင်း၊ စည်းလုံးညီညွတ်စွာ မနေနိုင်ခြင်းတို့ကြောင့် မိမိတို့လူမှုဘဝများပင် ထိခိုက်နစ်နာခြင်း၊ ပျက်သုဉ်းရခြင်းရှိကြရသည့်အပြင် မိမိတို့၏ ပြည်ထောင်စုကြီး ပြိုကွဲရသည်အထိ ဖြစ်ခဲ့ရသည့် သမိုင်းဖြစ်စဉ်များရှိခဲ့သည်ကိုလည်း သိရှိထားကြပြီးဖြစ်သည်။

သို့သော် လူသားတို့၏ မူလဘူတသဘောတရားအရ လောဘ၊ ဒေါသ၊ မောဟတရားများမှာ ပါးလျားလာသည်ဟူ၍ မတွေ့ရသေးချေ။ အရင်းခံအကြောင်းတရားမှာ ဤမြေတွင်အတူနေထိုင်ကြပြီး ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးစိတ်၊ တိုးတက်ကြီးပွားလိုစိတ် နည်းပါးနေသေးသောကြောင့်ဟု ဆိုလိုချင်သည်။

စည်းလုံးညီညွတ်မှုပျက်ယွင်းသောကြောင့် တိုင်းပြည်ပြိုကွဲခဲ့ရမှု၊ လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှုများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် စည်းလုံးညီညွတ်မှုကို ပြန်လည်တည်ဆောက်၊ တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စိတ်တို့ကို ပြန်လည်မွေးမြူကာ လွတ်လပ်သောနိုင်ငံတော်၊ ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ဦးဆောင်စုစည်းထူထောင်ပေးခဲ့ကြသူ မြန်မာပြည်ဖွား မျိုးချစ်သူရဲကောင်းများ၏ ကျေးဇူးကိုလည်း မမေ့သင့်ချေ။

ဆိုင်ရာဆိုင်ရာ နယ်ပယ်အသီးသီးမှ သမိုင်းကြောင်းတစ်လျှောက်၊ ရာဇဝင်တစ်လျှောက် ပေါ်ထွက်ခဲ့သော မျိုးချစ်သူရဲကောင်းများ၊ ခေါင်းဆောင်ကောင်းများသည် ကိုယ်ကျိုးစီးပွားအတွက် ဖြစ်ထွန်းလာခြင်းမဟုတ်၊ ခေါင်းဆောင်လုပ်လို၍ ပေါ်ထွန်းလာခြင်းမဟုတ်၊ နယ်ချဲ့ကိုတွန်းလှန်လို၍ မိမိနိုင်ငံ၊ မိမိလူမျိုးကြီးပွားတိုးတက်စေလို၍ တိုင်းရင်းသားပြည်သူလူထုကြားက ပေါ်ပေါက်လာသော လူထုခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင်များသာဖြစ်သည်။

အမျိုးသားခေါင်းဆောင်များ၏ဦးဆောင်မှုဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ညီညီညွတ်ညွတ် အတူလက်တွဲကာ ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို အရယူနိုင်ခဲ့ကြသလို ရရှိပြီးသောလွတ်လပ်ရေးကို အရှည်တည်တံ့စေရန် ညီညီညွတ်ညွတ် ဆက်လက်လက်တွဲ၍ ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

ကိုယ်ကျိုးစွန့်အနစ်နာခံသော နိုင်ငံ့ခေါင်းဆောင်များသည် အချည်းနှီးပေါ်ထွန်းလာခြင်းမဟုတ်၊ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးအတွက် သမိုင်းကြောင်းလိုအပ်ချက်အရ ပေါ်ထွန်းလာခြင်းဖြစ်၍ အဆိုပါခေါင်းဆောင်များ၏ ဦးဆောင်မှုအောက်တွင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ညီညီညွတ်ညွတ် အတူပူးပေါင်းလက်တွဲကာ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆက်လက်သယ်ပိုးကြရမည်ဖြစ်ပါသည်။ ။

# မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေး ပူးတွဲကော်မတီ၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေး ကျင်းပပြီးစီး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် ဒီဇင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ကျင်းပသော မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ အမျိုးသားပို့ဆောင်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ ဥက္ကဋ္ဌများဖြင့် ဖွဲ့စည်းထားသော ပူးတွဲကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၁၆ ရက်တွင် ကျင်းပသော အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများ၊ ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေးဆောင်ရွက်နေမှုများ၊ အမျိုးသားပို့ဆောင်မှု လွယ်ကူချောမွေ့စေရေးကော်မတီအား ဖွဲ့စည်း၍ နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေးလုပ်ငန်း လိုအပ်ချက် ညှိနှိုင်းဖြည့်ဆည်းပေးမှုများကို ရှင်းလင်းပြောကြားသည်။

အစည်းအဝေးတွင် ဆွေးနွေးသဘောတူညီမှုအရ မြန်မာနိုင်ငံမပါ အခြားအဖွဲ့ဝင်နိုင်ငံများသည် GMS Cross - Border Transport Agreement မူဘောင်သဘောတူစာချုပ် အပြည့်အဝအကောင်အထည်ဖော်မှုကို (၁-၃-၂၀၁၇) ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကနဦးအကောင်အထည်ဖော်မှု(Initial Implementation) ကို ၁-၁၂-၂၀၁၇ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်သည်။

ကနဦး အကောင်အထည်ဖော်မှု အတွေ့အကြုံများကို မူတည်၍ အပြည့်အဝ အကောင်အထည်ဖော်မှု (Full Implementation) ကို ၁-၁-၂၀၁၉ ရက်တွင် မြန်မာနိုင်ငံမှ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်ရန် ထိုင်း-မြန်မာ မြဝတီ-မဲဆောက် မြစ်ကူးတံတားအမှတ် (၂)အနီး၌ နယ်စပ်ထိန်းချုပ်ရေးစခန်း (Border Control Facilities)များနှင့် ချဉ်းကပ်ကားလမ်းများ ဆောက်လုပ်ရန် လိုအပ်နေသေးကြောင်း သိရသည်။

အစည်းအဝေးများကို နိုင်ငံအက္ခရာစဉ်အလိုက် သုံးနှစ်တစ်ကြိမ် အလှည့်ကျ ကျင်းပလာခဲ့ရာ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည်။

ယခု ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ADB ၏ အရှေ့တောင်အာရှပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးတာဝန်ခံ ဦးဆောင်သော တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


# နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်

**မောက်မယ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်၏ စီစဉ်ကြီးကြပ်မှုဖြင့် ကဒူးကြီးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၀ တို့မှ တိုင်းရင်းသားလူမျိုးများကို မောက်မယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်တင်ရွှေနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို ဗန်းမတ်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်း၌ ဒီဇင်ဘာ ၁၇ ရက် ညနေ ၃ နာရီမှ ဒီဇင်ဘာ ၁၈ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ဒေသခံတိုင်းရင်းသား ၃၀၀ နှင့် အိမ်ထောင်စု လူဦးရေ ၁၀၀ တို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ငွေးကြိုင်)**

■




# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တမ်းစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**ရေဦး ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် စစ်တုရင်အဖွဲ့မှ ကြီးမှူးကျင်းပမည့် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တမ်းစစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက် စနေနေ့ နံနက် ၈ နာရီတွင် မြို့တော်မြသီတာခန်းမ၌ စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများမှအပ စစ်တုရင်အားကစားကို စိတ်ပါဝင်စားသူ အမျိုးသမီး၊ အမျိုးသားများ ကြိုတင်စာရင်းပေးဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲကို SWISS စနစ်ဖြင့် ကျင်းပပေးမည်ဖြစ်ပြီး တည်းခိုနေထိုင်နိုင်ရန် စီစဉ်ထားကာ ပြိုင်ပွဲဝင်အားကစားသမားများကို နံနက်စာ အခမဲ့စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ နှစ်စဉ် ရွှေဘို၊ ကသာ၊ မုံရွာ၊ စစ်ကိုင်း၊ တန့်ဆည်၊ ဒီပဲယင်း၊ မန္တလေးမြို့နှင့် ရေဦးမြို့နယ်မှ စစ်တုရင်အားကစားသမား ၃၀ အထိ လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ စစ်တုရင်ပြိုင်ပွဲပြုလုပ်ပေးရခြင်း အဓိကရည်ရွယ်ချက်မှာ မျိုးဆက်သစ် စစ်တုရင်အားကစားသမားများ ပေါ်ထွက်လာပြီး နိုင်ငံကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရန် ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ဆုအဖြစ် ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆု သုံးခုကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်စစ်တုရင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆန်းက ပြောသည်။

**သန်းထိုက်(ရေဦး)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကြေးမုံ



## ပြည်တွင်းရေးရာ

**❖ ဟံသာဝတီမှ**

ပထမအကြိမ်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သည် မြေနေရာအကျယ်အဝန်းအရ ပြေးလမ်းအသစ် ထပ်မံမတိုးချဲ့နိုင်ခြင်း၊ လေယာဉ်ရပ်နားရန်နေရာ လုံလုံလောက်လောက်တိုးချဲ့နိုင်မှုမရှိခြင်း၊ ပတ်ဝန်းကျင်တွင် လူနေထူထပ်မှုကြောင့် ၂၄ နာရီ Operation အတွက် ဆူညံသံများရှိခြင်း၊ တပ်မတော်(လေ)နှင့် တွဲဖက်အသုံးပြုနေရခြင်း၊ လေယာဉ်အတက်၊ အဆင်းကိစ္စရပ်များတွင်လည်း ကန့်သတ်ချက်ဆိုင်ရာကိစ္စရပ်များရှိနေခြင်း စသည့်အခက်အခဲများကို တွေ့ရသည့်အပြင် အနာဂတ်တွင် တိုးတက်များပြားလာမည့် ခရီးသည်တင်လေယာဉ်နှင့် ကုန်တင်လေယာဉ်များကို နိုင်ငံတကာ စံချိန်စံညွှန်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ်၏ ဘေးအန္တရာယ်ကင်းဝေးရေးဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ရန် လိုအပ်လာသည်။ ထို့ပြင် နိုင်ငံတကာခရီးသည်တင်လေယာဉ်နှင့် ကုန်တင်လေယာဉ်ကြီးများ တစ်ဆက်တည်း ဝင်ရောက်ဆင်းသက်နိုင်စေရေးအတွက် အဆင့်မီသည့် လေဆိပ်ကြီးများ ရှိရန်လိုအပ်နေသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ဟံသာဝတီလေဆိပ်သည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူဖြစ်လာစေမည့် အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်တစ်ခုဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်က တင်ဒါခေါ်ယူဆောင်ရွက်ခဲ့သည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် (PPP) စနစ်ကိုအခြေခံသည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး စီမံကိန်းနောက်ခံသမိုင်း၊ တင်ဒါခေါ်ယူခဲ့မှုအခြေအနေ၊ တင်ဒါရှင်များနှင့် လက်ရှိဆွေးနွေးနိုင်မှုအခြေအနေ၊ ODA ချေးငွေဆိုင်ရာအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လျာထားချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးပေးစေလိုကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့်လည်း လေဆိပ်ကြီး တည်ဆောက်ရာတွင် ရှိလာနိုင်မည့်အခက်အခဲများကို တင်ပြကြရန်ဖြစ်ကြောင်း၊ လေဆိပ်အသစ်တည်ဆောက်ရာတွင် လိုအပ်ချက်များဖြစ်သည့် ကောင်းမွန်ချောမွေ့သည့် လမ်းပန်းဆက်သွယ်သွားလာရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးအလုံအလောက်သွယ်တန်းရရှိရေး၊ ဆက်သွယ်ရေးကွန်ရက်များ တည်ဆောက်တပ်ဆင်ပေးရေး၊ လေဆိပ်နှင့်ဆက်စပ်နေသည့် လက်ရှိလမ်းများကို အဆင့်မြှင့်တင်ပေးရေး၊ အသုံးပြုမည့် စီမံကိန်းမြေနေရာကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအမည်ပေါက်ရရှိရေး၊ စီမံကိန်းဧရိယာအတွင်းရှိ ကျူးကျော်အိမ်နေရာများကို ရွှေ့ပြောင်းပေးရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များကို ဆွေးနွေးပေးစေလိုကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အနာဂတ်ကာလတွင် ပိုမိုများပြားလာမည့် ခရီးသည်ပမာဏနှင့် လိုက်လျောညီထွေမှု ရှိစေရန်အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်လိုအပ်ချက်များ၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည့် အချက်အလက်များ၊ နိုင်ငံတကာအဆင့်မီ လေဆိပ်သစ်ကြီးတစ်ခုဖြစ်လာစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများက ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့် လိုအပ်ချက်များကို အသေးစိတ်ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး မစ္စတာ အင်ဒရူး ပတ်ထရစ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်း-ရွှေဖုံး) (သတင်းစဉ်)



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် သတင်းမီဒီယာများအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်နိုင်ငံခြားသတင်းဌာနများနှင့် သတင်းစာ၊ ဂျာနယ်များမှ အယ်ဒီတာနှင့် သတင်းထောက်များအား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် မီဒီယာခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတင်းမီဒီယာများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိဘရိပ်မြောက်ဦး ဓမ္မသဘင်ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မိဘရိပ်မြောက်ဦး ဓမ္မသဘင်အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမှတ်(၂၆/၁) လှော်ကားလမ်းမကြီး (၂၀/က)ရပ်ကွက် မိဘရိပ်သစ်စက် မိသားစုပိုင်မြေနေရာ၌ ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

နှစ်ဟောင်း၏နောက်ဆုံးနေ့ရက် နှစ်သစ်(၂၀၁၇)၏ အကြိုမင်္ဂလာညတွင် မဟာကမ္မဋ္ဌာနစရိယ (ပြည်တွင်း၊ ပြည်ပ သာသနာပြု) ရတနာမာန်အောင် တောရဓမ္မရိပ်သာများ၏ ဦးစီးပဓာန နာယက မြောက်ဦးဆရာတော် ဝနဝါသီ အရှင်သီအရှင်ဝါယာမိန္ဒဆရာတော်မှ ညချမ်းချိန်ခါ ဓမ္မသဘင် (အထူးတရားပွဲ)တွင် နိဗ္ဗာန်ရောက်ကြောင်းတရားဒေသနာများ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဗဟိုအဆင့် ထူးချွန်ဆရာဆု တတိယအကြိမ် ရွေးချယ်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ သင်ကြားပြသမှု အရည်အသွေးနှင့် ဂုဏ်သိက္ခာမြင့်မားတိုးတက်ကြစေရန်၊ ဆရာ ဆရာမများ လူမှုစီးပွားဘဝမြှင့်တင်ရေး အထောက်အကူဖြစ်စေရန်နှင့် အားကျဂုဏ်ယူဖွယ် စံနမူနာပြဖြစ်စေရန်၊ ဆရာအရည်အချင်းပြည့်ဝကြသည့် ဆရာအချင်းချင်းအပြင် တပည့်များကလည်း လေးစားချစ်ခင်ကြည်ညိုခြင်းခံရသည့် ဆရာ ဆရာမများအား အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်အလိုက် ပြိုင်ပွဲကျင်းပပြီး ထူးချွန်ဆရာဆုချီးမြှင့်ရန်ရည်ရွယ်၍ ပညာတန်ဆောင်အုပ်ချုပ်ရေးအဖွဲ့ အစီအစဉ်ဖြင့် ထူးချွန်ဆရာဆု ရွေးချယ်ချီးမြှင့်ရေးကို ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ဒုတိယအကြိမ်၊ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများကို တစ်ပြည်လုံးတွင် ကျင်းပခဲ့ပြီး ထူးချွန်ဆရာဆုများ ချီးမြှင့်ခဲ့သည်။

ယခုအခါ ဗဟိုအဆင့် ထူးချွန်ဆရာဆု တတိယအကြိမ်ရွေးချယ်ပွဲအတွက် စာမေးပွဲများကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိကျင်းပမည်ဖြစ်ရာ ဗဟိုအဆင့်တက်ရောက်ယှဉ်ပြိုင်ရမည့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်များရှိ ပထမဆုရခဲ့သည့် အထက်တန်းအဆင့် ဆရာ ခုနစ်ဦး၊ ဆရာမ ၁၁ ဦး၊ အလယ်တန်းအဆင့်ဆရာ သုံးဦး၊ ဆရာမ ၁၅ ဦး ၊ မူလတန်းအဆင့် ဆရာ နှစ်ဦး၊ ဆရာမ ၁၆ ဦးတို့သည် ရေးဖြေစာမေးပွဲများကို ဖြေဆိုရန် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်တန်းအဆင့် ရေးဖြေစာမေးပွဲနှင့် မွန်းလွဲ ၁ နာရီတွင် နှုတ်ဖြေစာမေးပွဲများကို အထက(၁) ကမာရွတ်၊ အလယ်တန်းအဆင့်စာမေးပွဲကို ရန်ကင်းပညာရေးကောလိပ်၊ မူလတန်းအဆင့်စာမေးပွဲကို သဃ်န်းကျွန်းပညာရေးကောလိပ်တွင် လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီတွင် လက်တွေ့တန်းပြပြိုင်ပွဲကို အထက်တန်းအဆင့် အထက(၂) ကမာရွတ်၊ အလယ်တန်းအဆင့်ကို ရန်ကင်းပညာရေးကောလိပ်၊ မူလတန်းအဆင့်ကို သဃ်န်းကျွန်းပညာရေးကောလိပ်တို့တွင် ကျင်းပမည်ဖြစ်သည်။

ဗဟိုအဆင့်ထူးချွန်ဆုရ တတိယအကြိမ်ဆုရရှိသူများကို ဒီဇင်ဘာ ၂၅ ရက်တွင် တော်ဝင်ဂါးဒင်းဟိုတယ်၌ ဆုနှင်းသဘင်ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင် ဆရာ ဆရာမများအနေဖြင့် ထူးချွန် ဆရာဆု ရွေးချယ်ရေးဗဟိုဦးစီးကော်မတီ အတွင်းရေးမှူး ဦးအေးကြိုင်၊ ဖုန်း-၀၉-၂၅၉၃၄၄၈၄၄ နှင့် ၀၉-၇၉၉၆၅၀၇၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **ကိုလတ်(သတင်းစဉ်)**

## တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

တာမွေမြို့နယ် ကျားကွက်သစ်ရပ်ကွက်လုံးဆိုင်ရာ နဝမအကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ လှည့်လည်အပူဇော်ခံမည့် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနားကို ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ သာသနဟိတ ဓမ္မာရုံရှေ့ရှိ ဗဟိုမဏ္ဍပ်တွင် ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ယာယီကိန်းဝပ်စံမြန်းသည့် ဗဟိုမဏ္ဍပ်စံကျောင်းတော်မှ ရပ်ကွက်အတွင်းရှိ လမ်းပေါင်း ၁၃ လမ်းမှ ယာယီစံကျောင်းတော်များသို့ ပင့်ဆောင်ကြည်ညိုကြရာ ဘာသာရေး၊ သာသနာရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများက အလှဆင်ရုပ်တုများဆင်ယင်ထားသည့် မော်တော်ယဉ်များဖြင့် ပင့်ဆောင်ကြသည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များသည် ယာယီစံကျောင်းတော်အသီးသီးတွင် ဒီဇင်ဘာ ၂၁ ရက်မှ ၂၅ ရက်အထိ အပူဇော်ခံယူကြမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် ကျားကွက်သစ် ရပ်ကွက်အတွင်းရှိ လမ်းအသီးသီးသို့ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံယူပြီး စံကျောင်းတော်တွင် ပြန်လည်ကိန်းဝပ်သီတင်းသုံးတော်မူကြမည်ဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ပူဇော်ပွဲအောင်ပွဲအဖြစ် ဓမ္မပူဇာပွဲကို ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်းရှိ သာသနဟိတ ဓမ္မာရုံရှေ့တွင် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်ထိ ညစဉ် ၇ နာရီခွဲ၌ စတင်ကျင်းပမည်ဖြစ်ပြီး သီတဂူအရှင်ဒေဝိန္ဒာ ဘိဝံသ၊ မဏိရတနာ ဒေါက်တာ အရှင်ဥတ္တမသာရနှင့် မာန်အောင်စည် ဆရာတော် အရှင်မာနိတ(ပဲခူး-ဒေးစွန်ပါ) ဆရာတော်များက တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

**(ဇော်မိုးသောက်)**

# ရုရှား၊ အီရန်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီးများ ဆီးရီးယားအရေး ဆွေးနွေး

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှား၊ အီရန်နှင့်တူရကီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် ဆီးရီးယားပြည်တွင်းစစ်အဆုံးသတ်နိုင်စေရေး သုံးပွင့်ဆိုင် ဆွေးနွေးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအစည်းအဝေးကို မော်စကိုမြို့တွင် ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လစ်ရိုဗ်၊ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်နှင့် တူရကီနိုင်ငံခြားရေးဝန်ကြီး မက်လတ် ကာဗူဆိုလု တို့သည် သုံးပွင့်ဆိုင် အစည်းအဝေးပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပခဲ့သည်။

ရုရှားနှင့်အီရန်တို့သည် ဆီးရီးယားသမ္မတ ဘာရှား အယ်အာဆတ်အစိုးရအဖွဲ့ကို ထောက်ခံအားပေးနေစဉ် တူရကီနိုင်ငံအနေဖြင့် သမ္မတ အာဆတ်ကို ဆန့်ကျင်သည့် လက်နက်ကိုင်အုပ်စုများကို ထောက်ခံအားပေးလျက်ရှိသည်။

ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး ကနဦးလုပ်ဆောင်ရမည့်အချက်မှာ အကြမ်းဖက်မှုလုပ်ရပ်များရပ်တန့်ပစ်ရန်နှင့် သမ္မတအာဆတ်အား ရာထူးမှ ဖြုတ်ချခြင်းကို မတောင်းဆိုရန်ပင်ဖြစ်သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီ လစ်ရိုဗ်က ဆိုသည်။

ရုရှား၊အီရန်နှင့်တူရကီနိုင်ငံတို့၏ သုံးပွင့်ဆိုင်အစည်းအဝေးသည် ဆီးရီးယားအရေး ငြိမ်းချမ်းစေရန်အတွက် အကျိုးသက်ရောက်မှုရှိသော ဖြေရှင်းနည်းပင်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ထောက်ခံအားပေးသည့် ဆီးရီးယားအစိုးရအဖွဲ့များက အလက်ပိုမြို့၏ အချက်အချာကျသော နေရာဒေသအများစုကို လက်နက်ကိုင်ဆန့်ကျင်သူများလက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါပြန်လည်သိမ်းပိုက်နိုင်မှုသည် ငါးနှစ်တာစစ်ပွဲကာလအတွင်း အကြီးမားဆုံးသော အောင်ပွဲတစ်ရပ်ဖြစ်သည်။

ယခုကဲ့သို့ ရုရှား၊အီရန်နှင့်တူရကီနိုင်ငံတို့ သုံးပွင့်ဆိုင်အစည်းအဝေးကျင်းပနေစဉ် အမေရိကန်အနေဖြင့် သမ္မတ အိုဘားမားရာထူးမှ သက်တမ်းပြည့်သည့်အတွက် သမ္မတရာထူးမှ ဆင်းရန်ပြင်ဆင်နေချိန်ဖြစ်သည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး ဆွေးနွေးပွဲပြုလုပ်ရာတွင် အမေရိကန်နိုင်ငံကို ဖိတ်ကြားခြင်းမရှိသော်လည်း အမေရိကန်နိုင်ငံအနေဖြင့် မထီမဲ့မြင်ပြုလုပ်ခြင်းတစ်ရပ်ဟု မယူဆပါကြောင်း၊ ရုရှားနှင့် တူရကီနိုင်ငံခြားရေး ဝန်ကြီးများကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့သည်။ အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားပြည်တွင်း အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုနှင့် နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုများပြန်လည်ပေါ်ပေါက်လာစေရန် မည်သည့်လုပ်ဆောင်ချက်ကိုမဆို ကြိုဆိုပါကြောင်းနှင့် စစ်မီးတောက်ငြိမ်းစေရန်အစွမ်းကုန် ပါဝင်ကြိုးပမ်းမည်ဖြစ်ကြောင်း ဝန်ကြီး ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။



**အင်န်အိတ်ချ်ကေ။**

# မက္ကစီကိုနိုင်ငံရှိ မီးရှူးမီးပန်းဈေးတစ်ခု မီးလောင်ကျွမ်း၊ အနည်းဆုံး လူ ၃၁ ဦးသေဆုံး



**မက္ကစီကိုစီးတီး ဒီဇင်ဘာ ၂၀**

မက္ကစီကိုနိုင်ငံရှိ မီးရှူးမီးပန်းရောင်းသော ဈေးတစ်ခုတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ပြီး မီးရှူးမီးပန်းများ မီးလောင်ကျွမ်းခဲ့ရာ အနည်းဆုံးလူ ၃၁ ဦး သေဆုံးခဲ့ပြီး ၇၂ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

မြို့တော်မက္ကစီကိုစီးတီးမြောက်ဘက်ပိုင်းရှိ တုတီပက်စ်မြို့ရှိ လဟာပြင်ဈေးတစ်ခုတွင် အဆိုပါပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုကြောင့် မီးရှူးမီးပန်းများ မီးလောင်ကျွမ်းကာ မီးခိုးငွေ့များ ကောင်းကင်ယံသို့ တလိတ်လိတ် တက်ခဲ့ပြီး လူများ ဘေးလွတ်ရာသို့ ပြေးလွှားခဲ့ကြောင်း အန်နင်အိတ်ချ်ကေ ရုပ်သံဗီဒီယို ဖိုင်တစ်ခုတွင် ပြသထားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မီးသတ်သမားများက သုံးနာရီကြာ မီးငြိမ်းသတ်ခဲ့ရသည်။ အာဏာပိုင်များက ပေါက်ကွဲမှု၏ မူလအရင်းအမြစ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အခင်းဖြစ်ပွားခဲ့သည့်ဈေးတွင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေရှိသေးသည့်အတွက် ဈေးအနီး ငါးကီလိုမီတာအတွင်းသို့ ပြည်သူများ ဝင်ရောက်မှုမရှိစေရန် အာဏာပိုင်များက သတိပေးတားမြစ်ထားကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်သည့်အချိန်တွင် ဈေးအတွင်း၌ နှစ်သစ်ကူးပွဲတော်နှင့် ခရစ္စမတ်ပွဲတော်ရက်များတွင် ကစားရန် မီးရှူးမီးပန်းဝယ်ယူသူများနှင့် စည်ကားများပြားလျက်ရှိခဲ့သည်။

အဆိုပါဈေးသည် ၂၀၀၅ ခုနှစ်က မီးလောင်ကျွမ်းခဲ့ဖူးကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

## ပုဂ္ဂလိက သေနတ်လက်နက်ကိုင်ဆောင်မှု ဥပဒေစည်းမျဉ်းတင်းကျပ်ရန် အီးယူသဘောတူညီ

**ဘရပ်ဆဲလ် ဒီဇင်ဘာ ၂၀**

စစ်သွေးကြွများ၏ တိုက်ခိုက်မှုများကို ထိန်းချုပ်နိုင်စေရေးအတွက် ပုဂ္ဂလိက သေနတ်လက်နက် ကိုင်ဆောင်မှုဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပိုမိုတင်းကျပ်သွားရန် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများ သဘောတူညီလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလက ပြင်သစ်နိုင်ငံ၌ ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်၏ ရုံးခန်းများကို စစ်သွေးကြွနှစ်ဦးက တိုက်ခိုက်မှုကြောင့် ၁၂ ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် သေနတ်လက်နက်အရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများကို အီးယူက တိုးမြှင့်လုပ်ဆောင်လာခဲ့သည်။ လွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၌ စစ်သွေးကြွများ၏ တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၀ သေဆုံးခဲ့ရသည်။

ပြောင်းဝကျယ် သေနတ်အချို့ အရောင်းအဝယ်ပြုလုပ်ခြင်း၊ သေနတ်များကို မှောင်ခိုဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်ခြင်းတို့ မရှိစေရန် ကန့်သတ်သည့် စည်းမျဉ်းများကို ပိုမိုတင်းကျပ်ရန် အဆိုပြုခဲ့သော်လည်း ဥရောပသမဂ္ဂအဖွဲ့ဝင် ၂၈ နိုင်ငံအတွင်း အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ သို့ရာတွင် ဥရောပကော်မရှင်က ကန့်ကွက်မှုများ ရှိနေသည့်ကြားမှ ရုရှားလုပ် အေကေ-၄၇ ရိုင်ဖယ်သေနတ်ကဲ့သို့သော သေနတ်လက်နက်များကို ပုဂ္ဂလိကပိုင်ဆိုင်ခြင်းမှ တားမြစ်နိုင်ရန် အစီအစဉ်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း ဥရောပကော်မရှင်ဥက္ကဌ ဂျင်ကလော့ဂျန်းကားက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၏ သေနတ်ထိန်းချုပ်ရေးဆိုင်ရာ ဥပဒေများမှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားခြားနားလျက်ရှိကြသည်။ နိုင်ငံအချို့၏ ဥပဒေအရ သေနတ်ပစ်လေ့ကျင့်ရေးကလပ်များမှသည် သေနတ်ဝယ်ယူစုဆောင်းသူများအထိ ဆီမီး-အော်တိုမက်တစ် သေနတ်များ အရောင်းအဝယ်ပြုခြင်းကို ကင်းလွတ်ခွင့်ပေးထားသည်။

ရုရှားနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်နေပြီး အမျိုးသားများအားလုံး စစ်မှုမထမ်းမနေရ ဥပဒေပြဋ္ဌာန်းထားသော ဖင်လန်နိုင်ငံသည် အီးယူကော်မရှင်၏ ကနဦးအဆိုပြုချက်ကို ကန့်ကွက်ခဲ့သည်။ ဥပဒေစည်းမျဉ်း တင်းကျပ်မှုကြောင့် စေတနာ့ဝန်ထမ်း အရန်တပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်း ထိခိုက်ရသည်ဟုဆိုကာ ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

## မီးခိုးမြူကျဆင်းချိန် ကျောင်းအဆောက်အအုံပြင်ပ၌ စာမေးပွဲစစ်ခဲ့သည့် ကျောင်းအုပ်အား ရာထူးချ

**ကျန်းကျိုး ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟဲနန်ပြည်နယ်တွင် အလယ်တန်းကျောင်းတစ်ကျောင်း၏ ကျောင်းအုပ်တစ်ဦးအား ရာထူးမှ ချထားလိုက်ကြောင်း၊ ၎င်းပြည်နယ်ရှိ လင်ကျိုးမြို့မှ မူလတန်းကြိုကျောင်းများ အပါအဝင် စာသင်ကျောင်းများ အားလုံးကို လေထုညစ်ညမ်းမှု အနီရောင်အဆင့် ထုတ်ပြန်ကြေညာထားချိန်အတွင်း ကျောင်းပိတ်ထားရန် ဒီဇင်ဘာ ၁၉ ရက်(တနင်္လာနေ့)တွင် ပြည်နယ်အစိုးရက ညွှန်ကြားခဲ့မှုကို မလိုက်နာသောကြောင့် ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

စာသင်ကျောင်းများ ပိတ်ထားမှုကြောင့် ကျောင်းသားများ နေအိမ်တွင် ရှိနေစဉ် လင်ကျိုမြို့နယ် အမှတ်(၁) အလယ်တန်းကျောင်းမှ ကျောင်းသားများ စာမေးပွဲဖြေဆိုရန် ကျောင်းသို့ လာရောက်ရန် ကျောင်းအုပ်က ဆင့်ခေါ်ခဲ့ကြောင်း၊ ယင်းကျောင်းမှ ကျောင်းသား ၄၀၀ ကျော်သည် ကျောင်းအားကစားကွင်း၌ စာမေးပွဲဖြေဆိုခဲ့ကြရကြောင်း၊ စာမေးပွဲကျင်းပသည့်နေ့ရက်မှာ ယခုနှစ်အတွက် မီးခိုးမြူအဆိုးရွားဆုံး ကျဆင်းသည့် ဒီဇင်ဘာ ၁၉ ရက်ဖြစ်ကြောင်း၊ ကျောင်းသားများသည် နံနက်ပိုင်း၌ အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာရပ်များကို ဖြေဆိုခဲ့ရကာ မွန်းလွဲပိုင်း၌ တရုတ်ဘာသာနှင့် ရူပဗေဒ ဘာသာများကို ဖြေဆိုခဲ့ရသည်ဟု သတင်းတွင်ဖော်ပြသည်။

ရာနှင့်ချီသော ကျောင်းသားများအား ကျောင်းအဆောက်အအုံပြင်ပ၌ စာမေးပွဲဖြေဆိုစေခဲ့သော အဆိုပါ ကျောင်းအုပ်အား မြို့နယ်ပညာရေးနှင့် အားကစားဗျူရိုက စာမေးပွဲစစ်ဆေးသည့် နေ့မှစ၍ ရာထူးမှ ချထားလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ မြောက်ပိုင်းဒေသသည် ယခုရက်သတ္တပတ်အတွင်း ဆောင်းဥတု၏ အဆိုးရွားဆုံး မီးခိုးမြူ လွှမ်းခြုံမှုကို ခံစားနေရသည်။ **ဆင်ဟွာ။**



# တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ရ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့တွင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်က မူဆယ်မြို့ ခုတင်(၁၀၀) ဆေးရုံ မြေနေရာအတွက် မူလလျာထားသတ်မှတ်ပေးခဲ့သည့် မြေဧရိယာအကျယ်အဝန်းအတိုင်း ပြန်လည်ထားရှိပေးနိုင်ခြင်း ရှိ၊ မရှိ မေးမြန်းရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မူဆယ်ခရိုင် ပြည်သူ့ဆေးရုံ ခုတင် (၁၀၀)ဆံ့ လေးထပ်လူနာဆောင်ဆောက်လုပ်ရန် ကျပ်သန်း ၈၀၀ ပါရှိပြီးဖြစ်ပါသဖြင့် လက်ရှိမြေနေရာ ငါးဧကပေါ်တွင် ဆေးရုံအဆောက်အအုံဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနသို့ အပ်နှံထားပါကြောင်း၊ ယခုအခါ ဆောက်လုပ်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ မူလရွေးချယ်ပေးခဲ့သော မြေနေရာများအနက် ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများသို့ပေးထားသော မြေနေရာကို ပြန်လည်ရရှိရေးမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်ပေး၍ မရနိုင်ပါကြောင်း၊ ထပ်မံလျာထားပေးခဲ့သော မြေဧရိယာ ၈ ဒသမ ၈၅၉ ဧက အကျယ်အဝန်းရရှိရေးအတွက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားသည့်အတိုင်း မြေနေရာရရှိပါက ခုတင်(၁၀၀)ဆံ့မှ ခုတင် (၂၀၀) ဆံ့ အဆင့်သို့ တိုးမြှင့်ရန်ကိစ္စကို စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ခုတင် (၂၀၀) ဆံ့ အဆင့်သို့တိုးမြှင့်မည်ဆိုပါက မြေဧရိယာ ၁၅ ဧကမှ ဧက ၂၀ အထိလိုအပ်ပါကြောင်း ဖြေကြားသည်။

ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ၏ ဟသ်ာတမြို့ ပြည်သူ့ဆေးရုံတွင် ဆောက်လက်စ တိုးချဲ့ဆေးရုံ လေးထပ်အဆောက်အအုံအား ဆက်လက်ဆောက်လုပ်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတပြည်သူ့ဆေးရုံတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးချဲ့လေးထပ်ဆောင်ဆောက်လုပ်ရန် (MBD ဆောက်လုပ်ရေးကုမ္ပဏီ)မှ ကျပ်သန်း ၇၈၀ ဖြင့် တင်ဒါအောင်မြင်ခဲ့ပြီး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေခွင့်ပြုခဲ့ပါကြောင်း၊ လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းသတ်မှတ်၍ ဘဏ္ဍာငွေပေးချေပါကြောင်း၊ MBD ဆောက်လုပ်ရေးကုမ္ပဏီ၏ လုပ်ငန်းပြီးစီးမှုမှာ ၃၅ ရာခိုင်နှုန်းသာရှိသဖြင့် ပြီးစီးမှုနှင့် ညီမျှသော ကျပ် ၂၇၃ သန်းပေးချေခဲ့ပြီး ကျန်ရန်ပုံငွေများအား လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သို့ ပြန်လည်အပ်နှံခဲ့ပါကြောင်း၊ ပြန်လည်အပ်နှံငွေကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေတောင်းခံရန် အချိန်မမီခြင်းကြောင့်လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင်လည်း ခွင့်ပြုမိန့်မရရှိခြင်းကြောင့်လည်းကောင်း ဆေးရုံတိုးချဲ့ လေးထပ်ဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် ၅၀၇ သန်းကို တောင်းခံထားပါကြောင်း ဖြေကြားသည်။



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး။

ထို့ပြင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ငွေနှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် ပြည်သူ့ဝန်ထမ်းဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ယနေ့ ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း ၁၁၇ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အဆိုများအနေဖြင့် အရေးကြီးအဆိုတစ်ခုအပါအဝင် အဆိုစုစုပေါင်း ၁၀ ခု တင်သွင်းနိုင်ခဲ့ပြီး မှတ်တမ်းတင်အဆို ခြောက်ခုနှင့် ဆက်လက်ဆွေးနွေးရန် ကျန်ရှိအဆို လေးခု ဖြစ်ပါကြောင်း၊ ဥပဒေကြမ်းများအနေဖြင့် ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်းငါးခုအပါအဝင် ဆွေးနွေးခဲ့သည့်ဥပဒေကြမ်း ၁၇ ခုရှိပြီး အတည်ပြုနိုင်သည့် ဥပဒေကြမ်းခုနစ်ခု ရှိပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန်အတွက် ဥပဒေကြမ်း ၁၀ခု ကျန်ရှိပါကြောင်း။

ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ကိုယ်စားလှယ်အားလုံးက တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း၊ ပြည်သူ့အတွက် မိမိအပါအဝင် ကိုယ်စားလှယ်များ ဆက်လက်ထမ်းဆောင်ကြရမည့်တာဝန်များ များစွာကျန်ရှိနေပါကြောင်း၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဝါဒစွဲများ မထားရှိဘဲ ပြည်သူ့အကျိုးအတွက် အလေးထားဆောင်ရွက်ကြရန်မှာကြားလိုပါကြောင်း၊ ကိုယ်စားလှယ်များမေးမြန်းသည့် မေးခွန်းများ၊ တင်သွင်းသည့်အဆိုများသည် စိတ်ကောင်းစေတနာကောင်းနှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ကြသည်ဆိုသော်လည်း ဥက္ကဋ္ဌအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ဦးစားပေးပြီး ဆောင်ရွက်ခဲ့ရခြင်းများ ရှိခဲ့ပါကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူလူထု ထိခိုက်နစ်နာမှုမရှိစေရန် ရည်ရွယ်ခြင်းကို နားလည်ပေးကြစေလိုပါကြောင်း။

လွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များ ဆောင်ရွက်သည့်အခါတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သတိပြုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူလူထုအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိနှင့် ပြည်သူလူထုက လိုက်နာစောင့်ထိန်းနိုင်ခြင်း ရှိ ၊ မရှိ တို့ကိုလည်း အလေးအနက်ထား စဉ်းစားကြရမည်ဖြစ်ကြောင်း၊ ပြည်သူများလိုက်နာနိုင်သည့် (Law abiding) များဖြစ်မှသာ တရားဥပဒေစိုးမိုးရေး ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှသာ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်များတွင်(Accountability) ဆိုသည့် တာဝန်ခံမှု၊ (Responsibility)ဆိုသည့် တာဝန်ယူမှုများ ရှိလာမည်ဖြစ်ပါကြောင်း၊ တာဝန်ခံမှု၊ တာဝန်ယူမှုဆိုသည့် ဒီမိုကရက်တစ်ယဉ်ကျေးမှု ဖော်ဆောင်နိုင်ပြီဆိုလျှင် မိမိတို့လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်နိုင်မည်ကို သတိပြုကြစေလိုပါကြောင်း။

ပြည်သူကရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်များပီသစွာ ပြည်သူ့အကျိုးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးရန်၊ အရည်အချင်းပြည့်ဝသည့် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် တည်ဆောက်ကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ်ကာကွယ်မြှင့်တင်ဆောင်ရွက်ကြရန်၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်တည်ထောင်နိုင်ရန် ကြိုးပမ်းအားထုတ်ကြရန်၊ ဒီမိုကရေစီကို မြတ်နိုးတန်ဖိုးထားပြီး ဒီမိုကရေစီလမ်းတွင် ဆူးငြောင့်ခလုတ်များတွေ့လျှင် ဝိုင်းဝန်းဖယ်ရှားကြရန်၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတွက် အဖျက်အမှောက် လုပ်ငန်းများရှိလျှင် ပူးပေါင်းဖော်ထုတ်ပေးကြရန်နှင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်လည်း စွမ်းဆောင်ပေးကြရန် တိုက်တွန်းနှိုးဆော်ပါကြောင်း၊ ဆက်လက်ကျင်းပမည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ရွှင်လန်းတက်ကြွစွာဖြင့် ပြန်လည်ဆုံတွေ့နိုင်ကြပါစေ၊ မကြာမီရောက်ရှိတော့မည့်နှစ်သစ်အခါသမယတွင်လည်း အားလုံးကျန်းမာချမ်းသာပါကြစေ၊ သွားလမ်းသာလို့ လာလမ်းဖြောင့်ကြပါစေလို့ ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

**ကျော်သူထက်(သတင်းစဉ်)**

■

# လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် မြေယာဆုံးရှုံးခဲ့ရသည့် ရွာသူရွာသားများအတွက် လစဉ်ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံပြည်သူတို့အတွက် အမှန်တကယ်လိုအပ်လျက်ရှိသော ကိစ္စများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ပြည်သူလူထု၏အကျိုးအလို့ငှာ အမျိုးသားလွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၁၀၄ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၆၂ ခုတို့ကို မေးမြန်းနိုင်ခဲ့ပါကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားလိုက်သည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄၂)ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း၊ အစည်းအဝေးကာလအတွင်း ကော်မတီများအနေဖြင့် အစည်းအဝေးများ (၆၇)ကြိမ် ပြုလုပ်ခဲ့ပါကြောင်းပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့မဲဆန္ဒရှင် ပြည်သူများ၏ အကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်းဆုမွန်ကောင်းတောင်းသည်။ အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)မှ ဦးရဲထွဋ်၏ စစ်ကိုင်းတိုင်းဒေသကြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ၊ ထိုကော်မတီကို ပြန်လည်ဖွဲ့စည်းမည်ဆိုပါက မည်သည့်အချိန်တွင် ဖွဲ့စည်းမည်၊ ဖွဲ့စည်းရာတွင် ဒေသခံများအား ထည့်သွင်းဖွဲ့စည်းရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် ဖြစ်ပေါ်လျက်ရှိသော ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကြေးနီမိုင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်ရန် သင့်၊မသင့်နှင့် ဆန္ဒပြမှုဖြစ်စဉ်များ ထိန်းသိမ်းခြင်းတို့အပေါ် အခြေအနေအမှန် ဖော်ထုတ်နိုင်ရန်အတွက် ပြီးခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အရေးကြီးအဆို တင်သွင်းခဲ့ကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတရုံးက စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပုဂ္ဂိုလ် ၃၀ တို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ ယင်းနောက်



ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး။

စုံစမ်းစစ်ဆေးရေးကော်မရှင်ကို အဖွဲ့ဝင် ၁၆ ဦးနှင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါ စုံစမ်းစစ်ဆေးရေးကော်မရှင်က အပြီးသတ်အစီရင်ခံစာကို ၂၀၁၃ ခုနှစ် မတ်လတွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ကော်မတီ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ○

# ဂမ္ဘီရအစွမ်းဖြင့် ဖန်တီးထားသကဲ့သို့ရှိသော နဂါးမောက်သီး

## ဒေါက်တာ မောင်ဖြေ

နဂါးမောက်သီးအကြောင်းကို Azete ဆိုသူ၏ စာရေးသားချက်အရ (၁၃) ရာစုမှစ၍ ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ခဲ့သည်ဟုဆိုသည်။ ဗီယက်နမ်နိုင်ငံတွင် နဂါးမောက်သီးကို သန်လွိုင် "thang loy" ဟုခေါ်ပါသည်။ နဂါးမောက်သီးကို ပြင်သစ်နယ်ချဲ့များက ဗီယက်နမ်နိုင်ငံသို့ယူဆောင်လာသည်ဟု ယူဆကြသည်။ ဗီယက်နမ်နိုင်ငံတွင် စိုက်ပျိုးရာ၌ နဂါးမောက်သီး တစ်ဟက်တာ(နှစ်ဧကခွဲခန့်)တန် ၂၀ မှ ၂၅ တန်အထိထွက်ရှိနေပြီး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေကြသည်။

နဂါးမောက်သီးသည် နွယ်ယောင်၊ ပင်ယောင်ဖြစ်ပြီး နဂါးမောက်သီး၏ မူရင်းဒေသကို အချို့က မက္ကဆီကို အလယ်ပိုင်း အမေရိကနှင့် တောင်ပိုင်းအမေရိကဟု ဆိုသည်။ တချို့က နဂါးမောက်သီး၏ မူရင်းဒေသမှာ အရှေ့တောင်အာရှဟုလည်း ဖော်ပြကြသည်။ ယခုခေတ်တွင် အာရှတိုက်နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများတွင် အများဆုံးစိုက်ပျိုးကြလျက်ရှိနေပြီဖြစ်သည်။

မလေးရှားနိုင်ငံသည် ဗီယက်နမ်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး စိုက်ပျိုးသော နိုင်ငံဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ဆစ်သီယာဝမ်(Sitiawan)နှင့် ကူယာလာပီလာ(Kuala Pilar)ခရိုင်များတွင် စတင်စိုက်ပျိုးလာကြသည်။ ကမ္ဘောဒီးယား၊ နီကာရာဂွါနှင့် ထိုင်းနိုင်ငံတို့သည် နဂါးမောက်သီးကို စီးပွားဖြစ်စိုက်ပျိုးသော နိုင်ငံများ ဖြစ်လာသည်။

အင်ဒိုနီးရှားနိုင်ငံ (အနောက်ဂျာဗားကျွန်း)၊ ထိုင်ဝမ်၊ ဗီယက်နမ်၊ ထိုင်း၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် စိုက်ပျိုးမှု တွင်တွင်ကျယ်ကျယ်ဖြစ်သည်။ အိုကီနာဝါ၊ ဟာဝိုင်ယီ၊ အစ္စရေး၊ ပါလက်စတိုင်း၊ ဩစတြေးလျမြောက်ပိုင်း၊ ဩစတြေးလျနှင့် တရုတ်ပြည်တောင်ပိုင်းတို့တွင် စိုက်ပျိုးလာပြီဖြစ်သည်။

နဂါးမောက်သီးသည် ကျန်းမာရေးကို များစွာအကျိုးဖြစ်စေသော အံ့သြဖွယ်သစ်သီးများတွင် အပါအဝင်ဖြစ်သည်။ နဂါးမောက်အပင်သည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကိုယူ၍ အောက်ဆီဂျင်ကို ထုတ်ပေးသော အပင်ဖြစ်၍ ညပိုင်းတွင် လေထုကို သန့်ရှင်းစေသော အပင်မျိုးဖြစ်သည်။

နဂါးမောက်ပင်များကို မြန်မာနိုင်ငံတွင် ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်စပျစ်ခြံ၊ ပုပ္ပားစပျစ်ခြံနှင့် မိတ္ထီလာစပျစ်ခြံများတွင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းသည်။ ထိုမျိုးမှာ အခွံအနီရောင်နှင့် အသားအဖြူရောင်မျိုးဖြစ်ကြသည်။ ထိုမျိုးမှာ Hylocere us and utus ဖြစ်သည်။ နဂါးမောက်သီးသည် ၁၉၉၄ ခုနှစ် မတ်လတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအောက်ရှိ ဥယျာဉ်ခြံသီးနှံဌာနမှ ထိုင်းနိုင်ငံ မဲဆောက်မှ မြန်မာနိုင်ငံသို့ တင်သွင်းခဲ့သည်။

၁၉၉၅-၉၆ ခုနှစ်တွင်မှ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားစပျစ်ခြံတွင် စီးပွားဖြစ်စိုက်ပျိုးခဲ့သည်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ပြင်ဦးလွင်၊ ကျောက်မဲစသည့် ဒေသများတွင် တိုးချဲ့စိုက်ပျိုးလာကြသည်။ မြန်မာနိုင်ငံအထက်အောက်ဒေသများတွင် စီးပွားဖြစ် စိုက်ပျိုးလျက်ရှိနေကြသည်။ အပူပိုင်းဒေသ၌ စိုက်ပျိုးသော နဂါးမောက်သီးတွင် ဗီတာမင်စီနီယာစင်(Niacin)၊ ကယ်လစီယမ်နှင့် ဖော့စဖိတ်ဓာတ်တို့ကြွယ်ဝစွာပါဝင်သည်။

နဂါးမောက်သီးတွင် ကယ်လစီယမ်ကြွယ်ဝ၍ အရိုးနှင့်သွားများကို ကောင်းမွန်စေသည်။ ဖော့စဖိတ်ဓာတ်ပါဝင်၍ အမျှင်ဓာတ်တည်ဆောက်မှုကို အထောက်အကူပြုသည်။ သံဓာတ်ပါဝင်၍ သွေးအားကိုကောင်းမွန်စေသည်။

နဂါးမောက်သီးစားသုံးခြင်းကြောင့် ဗီတာမင်ဘီဓာတ်များစွာရရှိစေသည်။ ဗီတာမင်ဘီ(၁)ပါဝင်သဖြင့် ကာဗွန်ဟိုက်ဒရိတ်၏ ဇီဝကမ္မဖြစ်စဉ်များကို ကောင်းမွန်စေသည်။ ဗီတာမင်ဘီ(၂) ဓာတ်ပါဝင်သဖြင့် ဦးနှောက်ဉာဏ်ပိုမိုကောင်းမွန်စေပြီး အစာစားလိုမှုကို ကောင်းမွန်စေသည်။ ဗီတာဗင်ဘီ(၃)ဓာတ်ပါဝင်သဖြင့် ကိုလက်စထရောများကို လျော့နည်းစေပြီး အသားအရေကို စိုပြည်စေသည်။

နဂါးမောက်သီးတွင် တစ်ကြိမ်စားလျှင် ဗီတာမင်စီ ၉ မီလီဂရမ်ရရှိ၍ ခန္ဓာကိုယ်မှစုစုပေါင်း လိုအပ်သော ဗီတာမင်စီဓာတ် ၁၈ ရာခိုင်နှုန်းနှင့် ညီမျှသည်။ နဂါးမောက်သီးကိုစားသုံးခြင်းဖြင့် ကူးစက်ရောဂါခံနိုင်ရည် စွမ်းအား ပိုမြင့်မားလာလျက် ဒဏ်ရာများကိုလည်း အမြန်ပျောက်ကင်းစေသည်။ မှန်မှန်စားသုံးပါက အသက်ရှူလမ်းကြောင်း ကောင်းမွန်စေပြီး ချောင်းဆိုးရောဂါနှင့် ရင်ကျပ်ပန်းနာကို သက်သာလျော့နည်းစေသည်။

နဂါးမောက်သီးတွင် ကိုလက်စထရော မပါဝင်ပါ။ ပျော်ဝင်နေသော အဆီများလည်းမပါရှိပါ။ မှန်မှန်စားသုံးပါက သွေးလည်ပတ်မှုကို မှန်ကန်လျက် ကိုလက်စထရော မြင့်တက်မှုကိုလည်း ထိန်းထားပါသည်။ နဂါးမောက်အစေ့များတွင် OMEGA 3 နှင့် OMEGA 6 ဖက်တီးအက်စစ်များ များစွာပါဝင်သည်။ ဖက်တီးအက်စစ်များက Triglycerides(free redical)များကို လျော့ကျစေနိုင်သဖြင့် နှလုံးရောဂါဖြစ်မှု၊ နှလုံးဖောက်ပြန်မှုများကိုလည်း ကာကွယ်စေပါသည်။

နဂါးမောက်သီး၏ ပုံသဏ္ဌာန်သည် သာမန်အားဖြင့် နဂါးလေးများအမောက်ထောင်နေသည်နှင့် တူသည်။ အသီး၏အပြင်ဘက်အပိုင်းတွင် အနီရောင်ရှိပြီး နူးညံ့သောအမွေးများပါရှိသော အခွံဖြစ်သည်။ အသီး၏ အလေးချိန်သည် ဂရမ် ၁၆၀ မှ ဂရမ် ၆၀၀ အထိရှိသည်။ တချို့အသီးများမှာ တစ်ကီလိုအထိ ရှိတတ်သည်။

နဂါးမောက်သီးမှာ နူးညံ့၍ချိုသောအရသာရှိပြီး အအေးအဖြစ် သုံးဆောင်နိုင်သည်။ နဂါးမောက်သီးကို အလယ်မှဓားနှင့်ထက်ခြမ်းခွဲပြီး ဇွန်းဖြင့်ကော်၍ သုံးဆောင်ကြသည်။ ဓားဖြင့်ထက်ခြမ်းခွဲပြီး အခွံပါသော အစိတ်ငယ်များကိုစိတ်၍ တိုက်ရိုက်စားသုံးကြသည်။ နဂါးမောက်သီးကိုခွဲလိုက်ပါက နဂါးမောက်သီးထဲတွင် နှမ်းစေ့နက်များဖြူးထားသကဲ့သို့ အနက်စေ့များပါဝင်နေသည်မှာ လှပလျက်ရှိသည်။ ထိုအစေ့များကို စားသုံးနိုင်ရန် ဖြစ်သည်။

သွေးအတွင်း ကိုလက်စထရောမဖြစ်စေနိုင်သော ဖက်တီးအက်စစ်များစွာပါသည်။ အနာများကို လျင်မြန်စွာ အနာဖေးတက်၍ ပျောက်စေသည်။ ရောဂါကူးစက်မှုကို ခံနိုင်ရည်စွမ်းမြင့်တက်စေသည်။

နဂါးမောက်သီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း၌ အဆိပ်အတောက်ဖြစ်စေသော သတ္တုများကို ဖယ်ရှားစေလျက် အသက်ရှူလမ်းကြောင်း ရောဂါများဖြစ်ကြသော ပန်းနာ၊ ရင်ကျပ်ဖြစ်မှုကို သက်သာစေသည်။ ပရိုတင်းခေါ် အသားဓာတ်ပါဝင်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ အစိတ်အပိုင်းများ၏ လုပ်ဆောင်မှုကို ပိုမိုကောင်းမွန်စေသည်။ မျက်စိအမြင်ကို ကောင်းမွန်စေပြီး သွေးတိုးဖြစ်မှုကိုလည်း လျော့နည်းစေသည်။

နဂါးမောက်သီးသည် သစ်သီးဖျော်ရည်ပြုလုပ်ရန်အတွက် အကောင်းဆုံးသော သစ်သီးဖြစ်သည်။ သစ်သီးအချိုပွဲအဖြစ်လုပ်ပါက စားချင်စဖွယ်ဖြစ်သည်။ နဂါးမောက်သီးသည် အပူဓာတ်နည်း၍ ဗီတာမင်စီကြွယ်ဝသော အစားအစာဖြစ်ပြီး အမျှင်ဓာတ်ကြွယ်ဝသောကြောင့် ဝမ်းချုပ်မှုကို ကာကွယ်ပေးပြီး ဝမ်းမှန်စေသည်။ နဂါးမောက်သီးမှရရှိနိုင်သည့် အရေးကြီးဆုံးကျန်းမာရေးနှင့် ပတ်သက်သော အကျိုးကျေးဇူးများမှာ ဆီးချိုအမျိုးအစား(၂)တွင် သွေးအတွင်းဂလူးကို့စ်ဓာတ်ကို ထိန်းချုပ်ပေးနိုင်ခြင်း၊ ဆီးချိုအမျိုးအစား(၁) ရောဂါကို သက်သာစေနိုင်သည်ဟု ဆိုသည်။

နဂါးမောက်ပင်သည် ရှားစောင်းမျိုးနွယ်ဝင် နွယ်ပင်ဖြစ်သည်။ ရှားစောင်းပင်များကဲ့သို့ ပင်စည်တွင် စောင်းနှင့် ဆူးများရှိသည်။ စီးပွားဖြစ်စိုက်ပျိုးသူများအတွက် တိုင်စနစ်၊ တန်းစနစ်တို့ဖြင့် စိုက်ခင်းကြီးများ ပြုလုပ်စိုက်ပျိုးကြသကဲ့သို့ အလှစိုက်ပျိုးလိုသူများအတွက် အိုးများဖြင့် နေအိမ်၊ အဆောက်အအုံများတွင် အလှပင်အဖြစ် စိုက်ပျိုး၍ ရသည်။ ရေငတ်ခံနိုင်ရည်ရှိသည်။





**နဂါးမောက်သီးတွင် တစ်ကြိမ်စားလျှင် ဗီတာမင်စီ ၉ မီလီဂရမ်ရရှိ၍ ခန္ဓာကိုယ်မှ စုစုပေါင်းလိုအပ်သော ဗီတာမင်စီဓာတ် ၁၈ ရာခိုင်နှုန်းနှင့်ညီမျှသည်။ နဂါးမောက်သီးကို စားသုံးခြင်းဖြင့် ကူးစက်ရောဂါခံနိုင်ရည် စွမ်းအားပိုမြင့်မားလာလျက် ဒဏ်ရာများကိုလည်း အမြန်ပျောက်ကင်းစေသည်။ မှန်မှန်စားသုံးပါ...**

နဂါးမောက်သည် နွယ်ပေါက်ပင်လည်းဖြစ်၍ ကိုင်းဖြတ်ပေးခြင်းမပြုလျှင် ကိုင်းများရှည်လာပြီး အသီးမသီးတော့ပေ။ အသီးရာသီကုန်လျှင် နှစ်စဉ်ကိုင်းဖြတ်ပေးရသည်။ စိုက်ပျိုးလိုသူတို့အဖို့ မျိုးရယူရန်မှာ မိခင်အပင်မှ တစ်ပေခန့် အရှည်ရှိကိုင်းများဖြတ်ယူ၍ မြေပေါင် သို့မဟုတ် ပျိုးအိတ်များဖြင့် ပျိုးယူရသည်။ ပျိုးသက်တမ်းတစ်လကျော်လျှင် ပင်စည်တွင် အတက်များထွက်လာသည်။ ထိုသို့အမြစ်၊ အတက်စုံနေသည့် ပျိုးပင်တို့ကို စိုက်ပျိုးမည့်နေရာသို့ ရွှေ့ပြောင်း၍ စိုက်ပျိုးနိုင်ပြီဖြစ်သည်။ မျိုးကိုင်းကို ပျိုးမနေတော့ဘဲ တိုက်ရိုက်မြေချ၍လည်း စိုက်ပျိုး၍ရသည်။

ပျိုးပင်များကို မြေချစိုက်ပျိုးလျှင် တစ်လအကြာတွင် ပင်စည်မှ အတက်ဖူးလေးများစီ၍ ထွက်လာကြသည်ကို တွေ့ရပေမည်။ ထိုအတက်ငယ်များမှ တစ်တက်ချန်ပြီး ကျန်အတက်အားလုံးကို လက်ဖြင့်လှည့်၍ ခြွေချပစ်ရမည်။ ကျန်ရှိသည့်အတက်သည် စိုက်ပျိုးပြုစုမှု၊ ရရှိသည့် အာဟာရနှင့် ရေတို့အပေါ်မူတည်၍ လေးပေခန့်အမြင့်ရှိတိုင်ထိပ်၊ တန်းထိပ်သို့ ရက်သတ္တနှစ်ပတ်အတွင်း ရောက်ရှိသွားတတ်သည်။ ထိုကာလအတွင်း အတက်မှာ အစိမ်းနုရောင်ရှိပြီး လိုသည့်နေရာသို့ ကိုင်တွယ်၍ ကွေးညွှတ်လမ်းကြောင်းပေးရသည်။ အစိမ်းရင့်ရောင်ပြောင်းသွား၍ ကိုင်တွယ်မှုပြုလုပ်ပါက အတက်ရင်းမှ ကျိုးသွားတတ်သည်။

အသီးနီသီးသည့်ကာလမှာ မေလမှ အောက်တိုဘာလအထိဖြစ်သည်။ အသီးသီးရန်အဖူးများ ထွက်လာပုံမှာလည်း အကိုင်းအခက်တို့၏ အရင်း၊ အလယ်၊ အဖျားနေရာသတ်မှတ်ချက်မရှိ။ ထွက်ချင်သည့်နေရာမှ ထွက်လာကြသည်မှာ ကွဲပြားချက်တစ်ရပ်အဖြစ် ဆန်းကြယ်စွာတွေ့ရှိရသည်။

နဂါးမောက်သီးအဖူးများသည် ရက်သတ္တနှစ်ပတ်ခန့်အကြာတွင် ပန်းအဖြစ်ပွင့်ကြသည်။ အပင်အများစုပွင့်ကြသည်မှာ နေ၏အလင်းရောင်ဖြင့် ပွင့်ကြသော်လည်း နဂါးမောက်မှာ ညအချိန်လရောင်ဖြင့် ပွင့်ကြသည်မှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ ဤသို့ထူးခြားချက်ကြောင့် တချို့သောနိုင်ငံများတွင် ရာသီမဟုတ်ဘဲ အသီးရစေရန် နဂါးမောက်စိုက်ခင်းများအတွင်း ညအခါ လျှပ်စစ်မီးဖြင့် အလင်းရောင်ပေး၍ စိုက်ပျိုးကြသည်ကိုလည်း လေ့လာသိရှိရသည်။

အပွင့်မှအသီးသီးရာတွင် အသီးရင့်သို့တဖြည်းဖြည်းပြောင်းလဲသွားပြီး တစ်လခန့်အကြာတွင် စားသုံးရန်အဆင့်သို့ရောက်ရှိသည်။ နဂါးမောက်သီး၏ အသီးပတ်ပတ်လည်တွင် နဂါးများအမောက်ထောင်နေသည့် သဏ္ဌာန် အဖတ်များထောင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အသီးမှည့်ချိန်တွင် နဂါးမောက်သီးကလေးများသည် အစိမ်းရောင်ကိုယ်ထည်ရှည်ရှည်နှင့် ဦးခေါင်းနီနီနဂါးကလေးများ အမောက်ထောင်နေကြသည့်အလားမြင်တွေ့ရပေမည်။ အစိမ်းရောင်သစ်ခက်များအကြား အနီရောင်ပန်းပွင့်များ ပွင့်နေသည်မှာ လှပသည့် ပန်းခင်းတစ်ခုပမာအလား ထင်ကြရသည်။

နဂါးမောက်ပင်၏အပွင့်မှာ အဖြူရောင်ရှိ၍ ကြီးမားပြီး အလွန်လှပသည်။ နဂါးမောက်ပွင့်မှာ ညပိုင်းမှာပွင့်သည့်အတွက် လရောင်ဆမ်းပန်း (Moon Flower) သို့မဟုတ် ညသန်းခေါင်ဘုရင်မ (Queen of Night)ဟု တင်စား၍ ခေါ်ဝေါ်လျက်ရှိကြသည်။

နဂါးမောက်ပင်မှထွက်ရှိလာသော အကိုင်းအတက်အားလုံးသည် တစ်ပုံစံတည်းဖြစ်နေသောကြောင့် ဘယ်ဟာကပင်စည်၊ ဘယ်ဟာကအကိုင်း၊ ဘယ်ဟာကအခက်ဟူ၍ မကွဲပြားသောကြောင့် ခွဲခြားရန်ခက်ခဲလှသည်။ အခြားသောအပင်များနှင့်မတူ ကွဲပြားခြားနားသောအပင်ဖြစ်၍ အသီး၏ဆေးဖက်ဝင်မှုသာမက အခြားသောအပင်များနှင့်မတူကွဲပြား၍ ပင်ကိုအားဖြင့် တစ်မူထူးခြားနေကာ ဂမ္ဘီရအစွမ်းဖြင့် ဖန်တီးအပ်သော နဂါးမောက်ပင်ဖြစ်သည်ဟု တင်စားထားသူလည်း ရှိနေပေသည်။ ။

# နိုင်ငံတကာ သမဝါယမလှုပ်ရှားမှုများနှင့် မြန်မာ့သမဝါယမဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

နိုင်ငံတကာသမဝါယမလှုပ်ရှားမှုများနှင့် မြန်မာ့သမဝါယမဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများတွင်ရှိသော ငွေရေး၊ ကြေးရေး ဘဏ်လုပ်ငန်းများမှာ သမဝါယမများက ဦးဆောင်နေကြပြီး အာရှနိုင်ငံအများစုနှင့် စိုက်ပျိုးရေးဦးစားပေးလုပ်ကိုင်နေသည့် နိုင်ငံများတွင် စိုက်ပျိုးရေးသမဝါယမအသင်းများက သက်ဆိုင်ရာနိုင်ငံများ၏ လူမှုရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်မှုများတွင် ဦးဆောင်လုပ်ကိုင်နေကြကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိ သမဝါယမအသင်း ၄၀၅၆၀ ကျော်ကို ပိုမိုကျစ်လျစ်ခိုင်မာသည့် အသင်းများဖြစ်အောင် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်စနစ်နှင့်ညီညွတ်သော လိုအပ်သည့်ပြုပြင်မှုများနှင့် မူဝါဒများ တိုးတက်စေရေးတို့အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များချမှတ်နိုင်ရန်၊ နိုင်ငံတကာမှ သမဝါယမအသင်းများကဲ့သို့ မြန်မာ့သမဝါယမ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန်နှင့် ပြည်သူများအနေဖြင့် သမဝါယမ၏ ကောင်းကျိုးကို ပိုမိုသိရှိစေရန်အတွက် သမဝါယမအသင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးရေးကို ယခုအလုပ်ရုံဆွေးနွေးပွဲမှ ဝိုင်းဝန်းအဖြေရှာဖော်ဆောင်ပေးနိုင်ကြရေး ဆွေးနွေးပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ၊ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် Myanmar Leadership Management Institute မှ ကျောင်းအုပ်ကြီး ဦးအေးကျော်တို့က သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

နေ့လည်ပိုင်းတွင် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သမဝါယမတက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ ပညာရှင်များ၊ သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ စာတမ်းရှင်များက စာတမ်းများ ဖတ်ကြားတင်ပြဆွေးနွေးကြရာ ကမ္ဘာ့နိုင်ငံအသီးသီးမှ သမဝါယမလုပ်ငန်းများ အောင်မြင်တိုးတက်လျက်ရှိနေမှုများ၊ ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံအပါအဝင် အာရှဒေသတွင်းနိုင်ငံများ၏ သမဝါယမလှုပ်ရှားမှုများ၊ အနာဂတ်မြန်မာ့သမဝါယမ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသည့် အကောင်းဆုံးစနစ်များ ဖော်ဆောင်ကျင့်သုံးဆောင်ရွက်သွားနိုင်ရေးတို့ကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သုံးလသားအရွယ် ကလေးငယ် ဗိုက်ထဲရှိ သန္ဓေသားဟုယူဆရသည့် အသားလုံးများအား အောင်မြင်စွာခွဲစိတ်ထုတ်ယူနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

သုံးလသားအရွယ် ယောကျ်ားလေးတစ်ဦး၏ ဗိုက်ထဲရှိ သုံးမြွာပူးသန္ဓေသားဟု ယူဆရသည့် အသားလုံးများအား နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးတွင် အောင်မြင်စွာ ခွဲစိတ်ထုတ်ယူနိုင်ခဲ့ကာ လက်ရှိအချိန်တွင် ကလေးငယ်မှာ ကျန်းမာစွာရှိနေကြောင်း သိရသည်။

အဆိုပါကလေးငယ်အား ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် စတင်ခွဲစိတ်ခဲ့ပြီး ၁၀ နာရီခန့်တွင် ခွဲစိတ်မှုပြီးစီးခဲ့ကာ ဗိုက်ထဲရှိ သန္ဓေသားဟု ယူဆရသော အစိတ်အပိုင်းများမှ တစ်ခုသာ လူခန္ဓာအစိတ်အပိုင်းပြည့်စုံမှုရှိပြီး ကျန်သည့် အစိတ်အပိုင်းများမှာ ပြည့်စုံမှုမရှိကြောင်း၊ နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီး ခွဲစိတ်ကုပညာဌာနမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဒေါ်နော်မာသေးက ပြောကြားသည်။

"ကျွန်မ ဒီကလေးကို ခွဲစိတ်တော့ အသက်အန္တရာယ်ဖြစ်မလား ဆိုတဲ့ အထိကို စိတ်ပူထားတယ်။ ဒီဇင်ဘာ ၁၉ ရက်က ခွဲစိတ်ပြီး ၂၀ ရက်မှာ ကောင်းမွန်စွာ နို့စို့နေပါပြီ။ ကလေးကိုယ်တိုင်ကလည်း သုံးလဆိုပေမယ့် တော်တော်လေးသန်မာတဲ့ ကလေးပါ"ဟု ၎င်းက ပြောသည်။

ယင်းကလေးငယ်ကို ပျော်ဘွယ်မြို့နေ ဦးမြင့်အေး+ဒေါ်သန်းသန်းဦးတို့က မွေးဖွားခဲ့ခြင်းဖြစ်ပြီး ၎င်း၏ မိခင်မှ မွေးဖွားပြီး တစ်လခွဲခန့်အကြာတွင် ဝမ်းဗိုက်ရောင်ရမ်းလာသည့်အတွက် ပျဉ်းမနားမြို့ရှိ ခုတင် (၂၀၀)ဆေးရုံတွင် သွားရောက်ပြသခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မိတ္ထီလာမြို့ရှိ ဂျပန်ဆေးရုံသို့ သွားရောက်ကုသခဲ့ရာမှ မန္တလေးမြို့ရှိ ခုတင် (၅၅၀) ကလေးဆေးရုံကြီးသို့ ဆက်လက်လွှဲပြောင်းပေးခဲ့ကြောင်း၊ အဆိုပါဆေးရုံတွင် ရောဂါအခြေအနေကို စစ်ဆေးခဲ့ရာ ဗိုက်ထဲတွင် လေလုံး (သို့မဟုတ်) သွေးလုံး တစ်ခုခုရှိနေသည်ဟု သိရှိခဲ့ရပြီး နောက်ဆုံးတွင် နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံကြီး၌ လာရောက်ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ကြောင်း ကလေး၏ ဖခင် ကိုမြင့်အေးက ပြောသည်။

"အခက်အခဲ အမျိုးမျိုးကနေ သားလေးကို အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့တဲ့အတွက် ဝမ်းသာမှုကတော့ အတိုင်းထက်အလွန်ပါပဲ။ မခွဲခင် တစ်ရက်ကတော့ ကျွန်တော့်ကလေးက ကျွန်တော်တို့ကို နောက်ဆုံးနှုတ်ဆက်ခဲ့ပြီလို့ကို ထင်ခဲ့တာ။ ဒါပေမယ့် အခုလိုအောင်မြင်အောင် ဂရုတစိုက်နဲ့ ခွဲစိတ်ပေးခဲ့တဲ့ ဆရာဝန်၊ ဆရာမတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါဖြစ်စဉ်သည် မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာပေါ်တွင်ပါ ထူးဆန်းသည့် အဖြစ်အပျက်တစ်ခုဖြစ်ပြီး ကမ္ဘာ့မှတ်တမ်းများကို ပြန်လည်လေ့လာကြည့်ပါက ကလေးတစ်ယောက်၏ ခန္ဓာကိုယ်ထဲတွင် သန္ဓေသားဖြစ်သည့် ဖြစ်စဉ်သည် အလွန်ရှားပါးကြောင်း၊ ပုံမှန်မွေးဖွားသည့် လူငါးသိန်းတွင် တစ်ယောက်သာဖြစ်သည့် အဖြစ်အပျက်ဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ် ဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းများအရ လူ၇၀၀ သာ ဖြစ်ပွားခဲ့ဖူးကြောင်း၊ ခွဲစိတ်ဆရာဝန်တစ်ယောက်၏ သက်တမ်းတစ်ခုတွင်လည်း တွေ့ကြုံရန်ခဲယဉ်းကြောင်း ဒေါက်တာ ဒေါ်နော်မာသေးက ပြောသည်။

"ကျွန်မရဲ့ဘဝမှာတော့ ဒီဖြစ်ရပ်ဟာ ဒုတိယဖြစ်စဉ်ပါ။ ၂၀၁၁ ခုနှစ်မှာ အလားတူဖြစ်စဉ်မျိုး ကြုံတွေ့ခဲ့ရဖူးပါတယ်။ အခု ဒုတိယကလေးငယ်ကျတော့ သုံးလသားဆိုတော့ အရမ်းငယ်နေသေးတာပေါ့။ ကလေးဗိုက်ရောင်လာတဲ့အချိန်မှာ မိဘတွေက မန္တလေး ကလေးဆေးရုံမှာ ပြခဲ့တယ်လို့ပြောတယ်။ အဲဒီလိုပြတဲ့အချိန်မှာ ကလေးဗိုက်ထဲမှာ သန္ဓေသားရှိနေတဲ့အတွက် မန္တလေးကလေးအထူးကု ဆေးရုံကြီးကနေပြီး ခွဲစိတ်ဖို့ ရက်သတ်မှတ်ပေးပြီးသားပါ။ ဒါပေမယ့် ကလေးရဲ့မိဘတွေက ပျဉ်းမနားအနီးတစ်ဝိုက်မှာ နေတဲ့ မိသားစုဆီ လာလည်ရင်းက နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးဆီ ရောက်လာတာပါ"ဟု ၎င်းက ပြောသည်။

ဆေးပညာ သဘောတရားအရ ကြည့်မည်ဆိုပါက လူသားဖြစ်စဉ်တစ်ခုတွင် သာမန်ကလေးမွေးဖွားပါက တစ်ယောက် (သို့မဟုတ်) အမြွှာမွေးဖွားလာနိုင်မည်ဖြစ်သော်လည်း ယခုဖြစ်စဉ်မှာ အမြွှာကလေးငယ်များ ကွဲပြားစွာရှိမနေဘဲ ကလေးငယ်၏ဗိုက်ထဲတွင် ကျန်ရှိနေသည့် အမြွှာများ ဆက်လက်ကြီးထွားနေခြင်းဖြစ်ကြောင်း၊ အမြွှာဟုဆိုသော်လည်း ကလေးတစ်ယောက်၏ သွင်ပြင်လက္ခဏာများ အပြည့်အစုံ မရှိနိုင်တော့ကြောင်း၊ ဖြစ်စဉ်နှစ်ခုလုံးတွင် ယောကျ်ားလေးများသာ ဖြစ်ပွားခဲ့ကြောင်း ဒေါက်တာဒေါ်နော်မာသေးက ပြောကြားသည်။

**(သတင်းစဉ်)**



# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဒီဇင်ဘာ ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ကျိုက်ထိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော တင်ဒါလုပ်ငန်းများနှင့် ခရိုင်ချင်းဆက် လမ်း၊ တံတားလုပ်ငန်းများအား မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် သထုံခရိုင် ဦးစီးမှူးတို့က ကွင်းဆင်းစစ်ဆေးရာ တင်ဒါအောင်ကုမ္ပဏီများ၊ ကျိုက်ထိုမြို့နယ် ဦးစီးမှူးနှင့်အဖွဲ့တို့က ရှင်းလင်းတင်ပြသည်။

**(ကြေးမုံ)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ (၂၁-၁၂-၂၀၁၆)ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် (၂၈-၁၁-၂၀၁၆) ရက်နေ့မှ (၉-၁၂-၂၀၁၆) ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ လေးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် နှစ်ဦး၊ မဂ္ဂဇင်း နှစ်ဦးနှင့် အထွေထွေ သုံးဦး ပေါင်း ခုနစ်ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄)ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၉၅ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၉၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၄၄၁ ဦးတို့အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်အသစ်လျှောက်ထားသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ပြန်ကြားရေးဝန်ကြီးဌာန**

# အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးစည်းဝေး

**သန်လျင် ဒီဇင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာများအနက် ငပကျေးရွာသည် စီမံကိန်းအတိုးရငွေကျပ် ၁၀၅ သိန်းကျော်ရရှိပြီးဖြစ်သဖြင့် အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းအား ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငပကျေးရွာတွင် အစည်းအဝေးပြုလုပ်ရာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

○စာမျက်နှာ ၅ မှ
အနေဖြင့် အစီရင်ခံစာပါ အကြံပြုချက်(၄၂)ချက်အပေါ် (၃၇)ချက်ကို ဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း။

စီမံကိန်းလုပ်ငန်းများကို ပိုမိုပြီးအနီးကပ်ကြီးကြပ်နိုင်ရန်အတွက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ပူးပေါင်းစီမံခန့်ခွဲမှု ကော်မတီက ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့ (Joint Implementation Team-JIT)ကိုဖွဲ့စည်းခဲ့ပါကြောင်း၊ ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို လစဉ်ကျင်းပလျက်ရှိပါကြောင်း၊ ပူးပေါင်းစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်သည့်အပြင် ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ကိုပါ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးရေးအစီရင်ခံစာပါ အကြံပြုချက်များမှ ဆက်လက်ဆောင်ရွက်မည့် မြေယာလျော်ကြေးနှင့် မြေယာထောက်ပံ့ကြေးများထုတ်ပေးခြင်း၊ မိုင်းပိတ်သိမ်းမှုရန်ပုံငွေထားရှိရေးဆောင်ရွက်ခြင်း၊ ဒုတ္ထာလွှမ်းမြေများဖယ်ရှားခြင်းနှင့် အပေါ်ယံ မြေဆီလွှာသယ်ဖို့ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု စီမံခန့်ခွဲခြင်းဆိုင်ရာ လက်မှတ်များ ရရှိရေးဆောင်ရွက်ခြင်း၊ မြေယာဆုံးရှုံးခဲ့ရသည့် ရွာသူရွာသားများအတွက် လစဉ် ငွေကြေးထောက်ပံ့ပေးခြင်း လုပ်ငန်းရပ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည့်အတွက် အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီအား အသစ်ပြန်လည်ဖွဲ့စည်းရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း (ကန်တုန်)၏ ရေစုပ်အားကောင်းသည့် ယူကလစ်ပင်စိုက်ပျိုးရေးကို ပိတ်ပင်တားမြစ်၍ မြန်မာ့ရင်းမြစ် သစ်မာပင်များနှင့် ကမ္ဘာ့ဝယ်လိုအားအကောင်းဆုံးဆေးဖက်ဝင် အပင်ထွက်ပစ္စည်းနံ့သာဖြူနံ့သာနီ၊ သစ်မွှေးအကျော်စသည့် အပင်များအား ဈေးကွက်စီးပွားရေးအတွက် စီမံချက်ဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ယူကလစ်သစ်မျိုးစိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာ လေ့လာမှု စာတမ်းများအရ ဂေဟာစနစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုများတွင် စာတမ်းပြုစုတင်ပြသူ ပညာရှင်များ၏ ရှုထောင့်အမျိုးမျိုးပေါ်မူတည်၍ ကွဲပြားလျက်ရှိရာ အဆိုးရှုေးရှုတွေ့ရှိချက်များထက် အကျိုးပြုတွေ့ရှိချက်များက ပိုမိုများပြားကြောင်း လေ့လာတွေ့ရှိရသည့်အတွက် ပြင်ဦးလွင်ဒေသနှင့် ပတ်သက်ပြီး ရေစုပ်ယူခြင်း၊ လူမှုစီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအား အသေးစိတ်သုတေသနပြုလုပ်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် ရရှိလာသော ရလဒ်များအပေါ် အခြေခံ၍ ယူကလစ်သစ်မျိုး စိုက်ပျိုးတည်ထောင်ရန် မသင့်သောဒေသများနှင့် ယူကလစ်သစ်မျိုး စိုက်ပျိုးတည်ထောင်ရန် သင့်သောဒေသများကို ဇရိယာကန့်သတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအေးမင်းဟန်၏ ရန်ကုန်- မော်လမြိုင်ကားလမ်းမပေါ်ရှိ ကျိုက်ထိုမြို့နှင့် သထုံမြို့များတွင် မြို့ရှောင်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင်၏ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ လုပ်ပိုင်ခွင့်ရ လယ်ပိုင်ရှင် (၂၅)ဦး၏ ဆုံးရှုံးသွားသည့် လယ်မြေများအား လျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့၏ ဘိုကလေးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသော မိချောင်းအန္တရာယ်မှ ကင်းဝေးစေရန်အတွက် လူထုပညာပေးအစီအစဉ်များ ယခုထက် ပိုမိုဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၏ သံတောင်ကြီးမြို့နယ်အတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောအတွင်းရှိ စိုက်ပျိုးမြေများကို တရားဝင်လုပ်ပိုင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိမေးခွန်းတို့နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက လည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒေါက်တာမျိုးအောင်က သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းတင်ပြရာ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့်မေးခွန်းများနှင့် စပ်လျဉ်းသည့် ကော်မတီ၏ အစီရင်ခံစာကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်းက ဆွေးနွေးပြီး ယင်းအစီရင်ခံစာကို အတည်ပြုနိုင်ရန် လွှတ်တော်သို့အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် (၆၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် တွေ့ဆုံညှိနှိုင်းမှုများမှရရှိလာမည့် ဆုံးဖြတ်ချက်များနှင့်အညီ ဘုံသဘောတူညီချက်တစ်ခုဖြင့် အနာဂတ်တွင် စစ်မှန်သည့်ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့်သင့်လျော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေမည့် စီးပွားရေးအခြေအနေကောင်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး။

# စစ်မှန်ပြီး လက်တွေ့ကျသော မူဝါဒဖြစ်ရေး လူငယ်များကိုယ်တိုင် ဒေသအလိုက် ရေတိုရေရှည် ဆောင်ရွက်ရမည့်ကဏ္ဍများကို ဖော်ထုတ်ရေးဆွဲ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မွေးကင်းစမှသည် သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ သဘာဝဘေးနှင့် လူတို့ကြောင့် ဖြစ်ပေါ်သောဘေးများ လျော့ပါးရေးနှင့်ဖြစ်ပေါ်လာပါကလည်း ကြိုတင်ကာကွယ်ခြင်းနှင့် အလျင်အမြန်တုံ့ပြန်နိုင်ရေးတို့အတွက် ဆောင်ရွက်နေခြင်းသည် ပြည်သူများလွတ်လပ်လုံခြုံစွာ နေထိုင်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အထူးသဖြင့် လူငယ်များ၏ အင်အားများစွာလိုအပ်ပါကြောင်း၊ စေတနာနှင့် ကိုယ်ပိုင်အချိန်ပေးပြီး တာဝန်ထမ်းရွက်မည့် စေတနာ့ဝန်ထမ်းလူငယ်များကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသော လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ မွမ်းမံသင်တန်း(၁/၂၀၁၆)ဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ သင်တန်းသား ၈၀ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအဖွဲ့ခွဲ အစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှုအား အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်နှင့် လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ အကောင်အထည်ဖော်မည့် ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေးအစီအစဉ် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား အလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော် Hotel Max ၌ လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ မူကြမ်းရေးဆွဲရေးအဖွဲ့တို့၏ တွေ့ဆုံဆွေးနွေးပွဲကျင်းပရာ ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လုပ်ငန်းကော်မတီဝင်များ၊ မူကြမ်းရေးဆွဲရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဗဟိုကော်မတီ ဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူငယ်များ၏ အမြင်၊ သဘောထား၊ ခံယူချက်များကို လူကြီးများ၏ အတွေ့အကြုံများ၊ အကြံပြုချက်များနှင့် ပေါင်းစပ်ကာ အပြုသဘောဆောင်သည့် ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ပြည့်စုံကောင်းမွန်သော လူငယ်မူဝါဒမူဘောင်ကြမ်းကို ရရှိနိုင်မှာဖြစ်ကြောင်း၊ အစိုးရအဖွဲ့အနေဖြင့်လည်း လူငယ်များ၏ဆန္ဒ၊ အကြံပြုချက်များကို အလေးထားဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်မြန်မာနိုင်ငံ၏ တာဝန်များကို လက်ဆင့်ကမ်းအမွေဆက်ခံဆောင်ရွက်ရမည်ဖြစ်သဖြင့် လူငယ်မူဝါဒသည် ယနေ့လူငယ်များအား အမှန်တကယ် လက်တွေ့အသုံးချနိုင်သော လမ်းညွှန်ချက်များဖြစ်ရန် ကြိုးစားရေးဆွဲ ဆောင်ရွက်ကြစေလိုကြောင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က လူငယ်မူဝါဒသည် နိုင်ငံအတွက် အရေးကြီးသော မူဝါဒဖြစ်ပါကြောင်း၊ စစ်မှန်ပြီး လက်တွေ့ကျသော မူဝါဒဖြစ်ရေး လူငယ်များကိုယ်တိုင် ဒေသအလိုက် ရေတိုရေရှည် ဆောင်ရွက်ရမည့် ကဏ္ဍများကို ဖော်ထုတ်ရေးဆွဲရန် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ဆက်စပ်ဆောင်ရွက်၍ ရေးဆွဲစေလိုကြောင်း၊ လူငယ်များနှင့် ဝန်ကြီးဌာနများအကြား တာဝန်ခံတာဝန်ယူ ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ လူငယ်မူဝါဒရေးဆွဲရေး ပြည်တွင်းအကြံပေးပုဂ္ဂိုလ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များကိုယ်စား လူငယ်ကိုယ်စားလှယ်တစ်ဦးက ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ထိုလူငယ်မူဝါဒကို ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးရေးဆွဲရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၁၃၇၈ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉နာရီခွဲမှစတင်ကာ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဥက္ကဋ္ဌ ဆရာဆူးငှက်နှင့် ဂုဏ်ထူးဆောင် ကဗျာဆရာကြီး ဦးကိုလေး (အင်းဝဂုဏ်ရည်)တို့က အဖွင့်အမှာစကားပြောကြားပြီး မန္တလေးစာပေနှင့်အနုပညာရှင်များ စုပေါင်းမဟာဘုံကထိန်တော်အတွက် အလှူငွေကျပ်တစ်သိန်းနှင့်ရဟန်းစာဆိုတော် ကိုပညာ(အမရပူရ) ကျောက်စာတိုင်အတွက် အလှူငွေကျပ်တစ်သိန်းအား ပေးအပ်ရာ ဦးထွန်းဦး(ထွန်းဦးစာပေ)က လက်ခံရယူသည်။

စာတမ်းဖတ်ပွဲတွင် ဆရာရွှေဉာဏ်ဇော်က "မန္တလေးလွင်ပြင်ရှိ တူးမြောင်းများ"စာတမ်း၊ ဆရာမ ယဉ်ယဉ်နှောင်းက "ပျောက်ကွယ်တော့မည့် မြန်မာ့လက်မှုအနုပညာများ" စာတမ်းနှင့် တရားလွှတ်တော်ရှေ့နေတစ်ဦး (မန္တလေး)က "သတင်းစာများအား တရားစွဲအရေးယူမှုအပေါ် တရားသူကြီးများ၏ အမြင်" စာတမ်းများကို ဖတ်ကြားကြသည်။

စာတမ်းဖတ်ပွဲနှင့်အတူ အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၏ အတိတ်ကလှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများပြသမှု အစီအစဉ်နှင့်အတူ လူထုစာအုပ်တိုက်၊ ဥတ္တရလွင်ပြင်စာပေနှင့် မြနန္ဒာစာအုပ်တိုက်များ၏ စာအုပ်ဈေးရောင်းပွဲ အစီအစဉ်လည်းပါရှိရာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ရောင်းချသည်။

၁၉၄၂ ခုနှစ်က တည်ထောင်ခဲ့သော အထက်မြန်မာနိုင်ငံစာရေးဆရာအသင်း၏ စာဆိုတော်နေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ၁၉၇၂ ခုနှစ်က နောက်ဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုကျင်းပခြင်းသည် နှစ်ပေါင်း ၄၄ နှစ်အကြာမှ ပြန်လည်ကျင်းပနိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

**(၀၀၂)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တွေမြို့ လောကနန္ဒာစေတီတော် ပရိဝုဏ်အတွင်း သာသနာ့ဗိမာန်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော် ပရိဝုဏ်အတွင်း သာသနာ့ဗိမာန်ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တည်ဆောက်ရေး လုပ်ငန်းများကို အရေးတကြီးမလုပ်ဆောင်ဘဲ လုပ်ငန်း လျာထားမှုနှင့်အညီ စနစ်တကျဆောင်ရွက်ရန်၊ ရာသီဥတု ပြင်းထန်သည့် ကမ်းရိုးတန်းဒေသဖြစ်၍ မိုးဒဏ်၊ လေဒဏ် ခံနိုင်ရေးအတွက် အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်း များ အမျိုးအစား၊ အရည်အသွေးကောင်းမွန်စေရေး စိစစ်ဆောင်ရွက်ရန်၊ လက်ရာသေသပ်ကောင်းမွန်စေရန် နှင့် ရေ၊ မီး၊ မိလ္လာစနစ်များအတွက် ပြည့်စုံစွာထည့်သွင်း တွက်ချက်လုပ်ဆောင်ရန် မှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

---

**❖ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှ**

ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးခွဲတွင် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ဖွဲ့စည်းလိုက်ခြင်းကြောင့် ပစ်ခတ်တိုက်ခိုက်မှုများ လျှော့ချနိုင်ခဲ့ကြောင်း၊ RCSS နှင့် တပ်မတော်တို့ ဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများရှိသော်လည်း JMC လုပ်ငန်းလမ်းညွှန်အတိုင်း သေချာစွာ စနစ်တကျ ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အဓိကအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) နှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) နှစ်ခု ဖွဲ့စည်းထားပြီး အဆိုပါကော်မတီများအပေါ်တွင် မူတည်၍ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိနေကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ထောက်ပံ့သည့် အထောက်အပံ့များ စနစ်တကျစီမံခန့်ခွဲနိုင်ရန်အတွက် ယမန်နေ့ကပင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဦးစီး၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ကို ဖွဲ့စီးခဲ့ပြီးဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသူများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စံပြအနေဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက NCA လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် အဖွဲ့များကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သောကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးမြောက်စေရန် စံပြအနေဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း။

လိုအပ်သည့် ထောက်ပံ့မှုများအဖြစ် ကြားကာလဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ၊ ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကိုပါ စီမံဆောင်ရွက်သွားမည်ဖြစ်၍ ပစ်ခတ်တိုက်ခိုက်မှုများမရှိစေရန် ထိန်းသိမ်းသွားရန် လိုအပ်ကြောင်း၊ အချို့နေရာများတွင် နယ်မြေသတ်မှတ်ချက်များ တိတိကျကျ ညှိနှိုင်းဆောင်ရွက်ထားခြင်း မရှိသေး၍ အောက်ခြေတပ်မှူးများအနေဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဆိုပါက JMC ၏ အဓိက လုပ်ငန်းတာဝန်ဖြစ်သော ပစ်ခတ်တိုက်ခိုက်မှုတွေမရှိအောင် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်နိုင်ရန်အတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကိုလည်း မိမိတို့ JMC ကပင် ဆောင်ရွက်သွားရမည်ဖြစ်ရာ အဓိကအားဖြင့် ပြည်သူလူထု အသုံးပြုသည့်နေရာများတွင် စနစ်တကျရှင်းလင်း၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား စီမံဆောင်ရွက်နိုင်မှသာလျှင် မိမိတို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) အဖွဲ့ဝင်များအနေဖြင့် တစ်နှစ်တာအတွင်း တွေ့ကြုံခဲ့ရသည့် လိုအပ်ချက်၊ အားနည်းချက်၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးပေးရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရိက JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုး၏ နှုတ်ခွန်းဆက်အမှာစကားကို ဖတ်ကြားရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ၏ အကောင်အထည်ဖော်မှုဆိုင်ရာ လမ်းညွှန်ချက်များအရ JMC ကို အကောင်အထည်ဖော်လာခဲ့သည်မှာ တစ်နှစ်ကျော်သက်တမ်းအတွင်း ရှိလာပြီဖြစ်ကာ လာမည့် နှစ်သစ်မှစတင်ကာ JMC လုပ်ငန်းများကို ရာနှုန်းပြည့် လည်ပတ်နိုင်ရန်ရှိပါကြောင်း၊ မိမိတို့ JMC ၏ တာဝန်မှာ နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနေစဉ် ကာလအတွင်း အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန်နှင့် ယုံကြည်မှုတည်ဆောက်ခြင်းမှတစ်ဆင့် အပစ်အခတ်ရပ်စဲရေးခိုင်မာအောင် တည်ဆောက်ရန်ပင် ဖြစ်ကြောင်း။

ယခုကာလတွင် ပြည်သူလူထု အပါအဝင် မိမိတို့လက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုအတိုင်းအတာ အဆင့်တစ်ခု တည်ဆောက်နိုင်ခဲ့သည်ကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ရရှိပြီးသော ယုံကြည်မှုအဆင့်ကို ထိန်းသိမ်းမြှင့်တင်သွားရန်အတွက် ယုံကြည်မှုထိခိုက်နိုင်သည့် ထိလွယ်ရှလွယ်သော အပြောအဆိုနှင့် အပြုအမူများအား ရှောင်ကြဉ်ရန်နှင့် ဖြစ်ပေါ်လာသော ပဋိပက္ခများအား ညှိနှိုင်းဆွေးနွေးဖြေရှင်းသွားကြရန် ထပ်မံနှိုးဆော်ပါကြောင်း။

JMC ၏ အခြေခံမူဖြစ်သည့် ဘက်မလိုက်ခြင်း၊ တရားမျှတခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ တန်းတူညီမျှမှုနှင့် ဂုဏ်သိက္ခာများကိုအခြေခံပြီး မိမိတို့၏ လုပ်ငန်းများကို ပူးတွဲအကောင်အထည်ဖော်သွားကြရန်လည်း ထပ်လောင်းသတိပေး ပြောကြားလိုကြောင်း၊ JMC လုပ်ငန်း အကောင်အထည်ဖော်မှုများသည် ပွင့်လင်းမြင်သာမှုနှင့် အများ၏ယုံကြည်မှုရရှိရန် အရပ်သားများ ပါဝင်မှုသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်သဖြင့် သက်ဆိုင်ရာလက်နက်ကိုင် အုပ်စုအပြင် တတိယအစုအဖွဲ့ဖြစ်သော အရပ်သားပါဝင်မှု အခန်းကဏ္ဍအား မြှင့်တင်သွားရန်လိုအပ်ကြောင်းတို့ ပါရှိသည်။

ယင်းနောက် အရပ်ဘက်မှ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးမောင်မောင်ငြိမ်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယနေ့ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီး/ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များက ယင်းတို့ဒေသရှိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးလုပ်ငန်းများအကြောင်းကို ရှင်းလင်းတင်ပြသည်။ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများက တိုင်းဒေသကြီး/ပြည်နယ်၏အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S ) က လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ရှိရသော အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့် နည်းလမ်းများအား ဆွေးနွေးအဖြေရှာခဲ့ကြသည်။

ဒေါက်တာရွှေခါးရိက "ဒီနေ့ကတော့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် JMC-S တွေကနေ သူတို့ တစ်နှစ်တာကာလအတွင်းမှာ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့အခါမှာ ဘယ်လို စိန်ခေါ်မှုတွေ တွေ့သလဲ၊ နောက်ရှေ့ဆက်ပြီးတော့ ဘယ်လို လုပ်ရင်ကောင်းမလဲဆိုတဲ့ သူတို့သုံးသပ်ချက်တွေကို တင်ပြစေတာပဲ ရှိပါသေးတယ်။ မနက်မှာတော့ တင်ပြချက်တွေအပေါ်မှာ အသေးစိတ် ဆက်လက်ဆွေးနွေးမှာ ဖြစ်ပါတယ်။ NCA စာချုပ်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေအနေနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေမရှိအောင် လုပ်ဖို့က ကျွန်တော်တို့ JMC ရဲ့ အဓိကတာဝန်ပဲ။ မနက်ဖြန်မှာ တပ်မတော်နဲ့ RCSS/SSA တို့အကြား ဖြစ်ပွားခဲ့တဲ့ ထိတွေ့မှုကိစ္စတွေလည်း ဆွေးနွေးမှာပါ" ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများမှ ကော်မတီဝင်များဖြစ်ကြသည့် တပ်မတော်သားကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အစုအဖွဲ့နှင့် အရပ်သားကိုယ်စားလှယ်အစုအဖွဲ့တို့မှ ကိုယ်စားလှယ်စုစုပေါင်း ၆၇ ဦး တက်ရောက်ခဲ့ကြသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

# KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းအား ဆွဲမိုင်းများဖောက်ခွဲပြီး တိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် KIA လက်နက်ကိုင်အဖွဲ့က ဆွဲမိုင်းများဖောက်ခွဲပြီး တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းများက အုပ်ချုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေစဉ် အောင်ဂျာကျေးရွာ၏ အနောက်ဘက် မီတာ ၂၀၀ ခန့်အကွာသို့အရောက် ယနေ့နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် KIA လက်နက်ကိုင်အဖွဲ့မှ အင်အား ၁၀ ဦးခန့်က ဆွဲမိုင်း သုံးလုံးဖောက်ခွဲပြီး RPG တစ်လုံး ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ KIA လက်နက်ကိုင်အဖွဲ့များ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဖြစ်စဉ်တွင် တပ်မတော်စစ်ကြောင်းမှ အရာရှိတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# ပုပ္ပါးတောင်မကြီး ဧရိယာအတွင်းရှိ သံဘိုရွာသစ်တွင် အင်ကြင်းကျောက်ဖြစ်ရုပ်ကြွင်းများတူးဖော်တွေ့ရှိ



**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်ပုပ္ပားတောင်မကြီး၏ ဧရိယာအတွင်းရှိ သံဘိုကျေးရွာအုပ်စု၊ သံဘိုရွာသစ်အနီးတွင် နှစ်ပေါင်းသန်းချီတည်ရှိနေသောသစ်ပင် ကျောက်ဖြစ်ရုပ်ကြွင်းများကို လွန်ခဲ့သည့် ရက်အနည်းငယ်ခန့်က စတင်တူးဖော်တွေ့ရှိခဲ့ပြီး ယနေ့အထိ ဆက်လက်တူးဖော်နေဆဲဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်း ဒေသအခေါ်(အင်ကြင်းကျောက်)ကြီးကို သံဘိုရွာသစ်အနောက်မြောက်ဘက် လှည်းဘီးကွဲရိုးသဲချောင်း၏ လက်တက်ရိုးငယ်တစ်ခုအတွင်းမှတွေ့ရှိရခြင်း ဖြစ်သည်။ ၎င်းမှာ သစ်ပင်ကြီးတစ်ပင်၏ ပင်စည်အနေအထားဖြစ်၍ အပိုင်း သုံးပိုင်းကျိုးလျက်ရှိနေပြီး ပထမအပိုင်းမှာအရှည် ၁၇ ပေ ၇ လက်မ၊ ဒုတိယအပိုင်းမှာ ၁၂ပေ ခန့်နှင့် တတိယအပိုင်းမှာ လက်ရှိအချိန်အထိ ၂၈ ပေ တူးဖော်ထားရှိပြီး ဆက်လက်၍ တူးဖော်နေဆဲဖြစ်ကြောင်း သိရသည်။ ယင်းကျောက်ဖြစ် ရုပ်ကြွင်းများ၏ လုံးပတ်မှာလည်း ပထမအပိုင်းမှာ ၆ ပေ ၂လက်မရှိပြီး၊ ဒုတိယအပိုင်းမှာ ၆ပေ ၃လက်မရှိ၍ တတိယအပိုင်းမှာ မြေပေါ်ပြီးနေရာတွင် ၆ ပေ ၅ လက်မရှိပြီး တူးဖော်ဆဲနေရာတွင် ၅ ပေ ၃ လက်မရှိကြောင်း သိရသည်။ ထို့ပြင် အဆိုပါရုပ်ကြွင်းများ တွေ့ရှိရာနေရာ၏ မြောက်ဘက် ကိုက် ၁၅၀ ခန့်အကွာ ရေရိုးငယ်တစ်ခု၏ ကမ်းပါးယံအမြစ်ဆုံသဖွယ်လုံးပတ် ၈ ပေကျော်ခန့်ရှိ ကျောက်မြစ်ဆုံ ရုပ်ကြွင်းတစ်ခုကိုလည်း တွေ့ရှိထားကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီဒုတိယရုပ်ကြွင်း ကျောက်တိုင်ကြီးကို တွေ့နေတာတော့ ကြာပါပြီ။ ကျောက်ဖြစ်ရုပ်ကြွင်း ရယ်လို့မသိခဲ့ကြဘူးပေါ့။ ပြီးခဲ့တဲ့ရက်တွေကမှ ပုပ္ပားတောင်ချစ်သူများအသင်းနှင့် ဘူမိဗေဒပညာရှင် ဦးသန်းထွန်းတို့အဖွဲ့ ရောက်လာပြီး တွေ့သွားကြတော့မှ ဒါဟာ အဖိုးတန်တဲ့ကျောက်ဖြစ်ရုပ်ကြွင်းတွေဆိုတာ သိခဲ့ကြတာပါ။ သူတို့ခန့်မှန်းချက်အရတော့ နှစ်ပေါင်းသုံးသန်းလောက် ရှိပြီလို့ပြောပါတယ်"ဟု သံဘိုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးမောင်စိုးက ပြောပြသည်။

**(ကိုနေ)**



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ ကျီးကန်းပြင် နယ်ခြားစောင့် ရဲကွပ်ကဲမှုဌာနချုပ်တွင် သတင်းရယူနေကြစဉ်။ (သတင်းစဉ်)

# မောင်တောဒေသဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ ဆက်လက်၍ ကွင်းဆင်းသတင်းရယူ

**မောင်တော ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု၊ နောက်ဆက်တွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ ကွင်းဆင်းသတင်းရယူမှုကို ယနေ့တွင် ဒုတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်ကြသည်။

အောက်တိုဘာ ၉ ရက် နံနက်ပိုင်းက အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရသည့် အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)သို့ရောက်ရှိရာ ကွပ်ကဲရေးမှူး ရဲမှူးချုပ် သူရစန်းလွင်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှုဖြစ်စဉ် မဖြစ်ပွားမီအခြေအနေ၊ ဖြစ်စဉ်ဖြစ်ပွားမှုနှင့်ဖြစ်စဉ်ဖြစ်ပွားပြီးနောက်ပိုင်း အခြေအနေများကို လည်းကောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိမှု၊ စစ်ဆေးမှု၊ အမှုဖွင့်အရေးယူဆောင်ရွက်မှု၊ ပြစ်ဒဏ်ကျမှု၊ ပြန်လည်စေလွှတ်မှုနှင့် စစ်ဆေးဆောင်ရွက်ဆဲ အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီထောက်ပံ့မှု၊ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခဲ့မှု၊ တည်ငြိမ်အေးချမ်းမှုရရှိအောင် စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီအဖွဲ့များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ဆက်လက်၍ သတင်းမီဒီယာအဖွဲ့သည် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အတွင်း ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝါးပိတ်ကျေးရွာ၌ အကြမ်းဖက်သမားအချို့က ပစ်ခတ်ပြီး မီးရှို့၍ထွက်ပြေးမှု၊ နေအိမ်အချို့ မီးလောင်မှု၊ ၎င်းရွာအတွင်းနှင့် ရွာဝန်းကျင်မှ လက်နက်၊ ခဲယမ်းဆက်စပ်ပစ္စည်းများနှင့် အသုံးပြုသည့်အလံ၊ နဖူးစည်းနှင့် ယူနီဖောင်းဝတ်စုံများ သိမ်းဆည်းရရှိမှုအခြေအနေများ၊ ပြောင်ပိုက်ကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်တိုက်ခိုက်ခံရမှုနှင့် မီးလောင်မှုဖြစ်ပွားခဲ့သည့် အခြေအနေများကို တွေ့ဆုံမေးမြန်းကြသည်။

ယင်းနောက် ကြိမ်ချောင်းကျေးရွာသို့ ရောက်ရှိကာ လူမျိုးပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ပြီး ဖြစ်စဉ်ဖြစ်ပွားမှုမရှိစေရန်နှင့် တည်ငြိမ်အေးချမ်းမှုရရှိစေရန်အတွက် စုပေါင်းဆောင်ရွက်မှုအခြေအနေ၊ ကြိမ်ချောင်းဈေးတွင် အတူတကွရောင်းဝယ်မှုနှင့် စည်ကားမှုအခြေအနေ၊ ကြိမ်ချောင်းအခြေခံပညာအထက်တန်းကျောင်းတွင် လူမျိုးပေါင်းစုံအတူတကွ ပညာသင်ကြားနေမှု အခြေအနေများကို တွေ့ဆုံမေးမြန်းကြသည်။

ထို့နောက် ငါးခူးရနယ်မြေရဲစခန်းသို့ ရောက်ရှိပြီး အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်ခံရမှု၊ လူမျိုးပေါင်းစုံအတူတကွ ယှဉ်တွဲနေထိုင်မှု၊ ဈေးဆိုင်တန်းမီးလောင်မှုနှင့် နောက်ဆက်တွဲအခြေအနေများကို တွေ့ဆုံမေးမြန်းခဲ့ကြသည်။

**(သတင်းစဉ်)**



ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ မောင်တောမြို့နယ် ပြောင်ပိုက်ကျေးရွာတွင် သတင်းရယူနေကြစဉ်။ (သတင်းစဉ်)

# လက်ချောင်းလေးများ ပြတ်တောက်သွားသည့်လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ကုသ၍ အောင်မြင်စွာ ပြန်ဆက်ပေး

**ရန်ကုန် ဒီဇင်ဘာ ၂၁**

အောက်တိုဘာလအတွင်းက တောင်ဒဂုံစက်မှုဇုန်ရှိ စက္ကူစက်ရုံတွင် အလုပ်ဝင်လုပ်ရင်း စက္ကူဖြတ်သည့်စက်ထဲ လက်ညပ်ခဲ့ပြီး ညာဘက်လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်ပြတ်တောက်ကာ လက်သန်းကြေမွသွားသည့် အသက် (၁၉)နှစ်အရွယ် လူနာအား အောင်မြင်စွာခွဲစိတ်၍ ပြန်ဆက်ပေးနိုင်ခဲ့ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာ ခွဲစိတ်မှုပညာဌာနမှ သိရသည်။

"လူနာက အချိန်မီလည်းရောက်လာတယ်။ ပြီးတော့ ပြတ်သွားတဲ့ လက်ချောင်းလေးတွေက တိတိကျကျလေး ပြတ်တယ်။ အရိုးတွေလည်း တိတိကျကျဆက်နိုင်တယ်။ ကြွေးတဲ့၊ ဆန့်တဲ့အကြောတွေလည်း ဆက်နိုင်တယ်။ သွေးကြောတွေလည်း ဆက်နိုင်တယ်။ အနာကျက်တာနဲ့ အကုန်လုံးပြန်လှုပ်နိုင်တယ်။ အခုဆိုရင် ခွဲစိတ်တာ နှစ်လနီးပါးရှိခဲ့ပြီ။ လူနာကလည်း ကြိုးစားပမ်းစားနဲ့ ပစ္စည်းကိရိယာတွေနဲ့ လေ့ကျင့်ခန်းတွေလုပ်တဲ့အခါကျတော့ တော်တော်လေးကို ပြန်သန်မာလာတယ်။ သူ့အနေနဲ့ လုပ်နေကျအလုပ်တွေ ပြန်လုပ်နိုင်မှာပါ"ဟု ရန်ကုန်ပြည်သူ့ဆေးရုံကြီး လက်ပိုင်းဆိုင်ရာခွဲစိတ်မှုပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာခင်မောင်မြင့်က ပြောသည်။

အဆိုပါ လူနာမှာ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ အသက် (၁၉)နှစ်အရွယ်ရှိ မောင်နေလင်းထက်ဆိုသူဖြစ်ပြီး တောင်ဒဂုံစက်မှုဇုန်ရှိ ပုံနှိပ်တိုက်တွင် အလုပ်ဝင်လုပ်ရာမှ အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် စက္ကူဖြတ်သည့် စက်ထဲသို့ လက်နှစ်ဖက်စလုံး မတော်တဆညပ်ခဲ့ခြင်းဖြစ်ပြီး ညာဘက်လက်ချောင်းလေးများ ပြတ်ခြင်း၊ ဘယ်ဘက်လက်ရှိ လက်ချောင်းလေးများမှာ ထိပ်ပိုင်းများ ပြတ်ခြင်း၊ သွေးကြောများ ကြေခြင်း၊ အရိုးကြေခြင်းတို့ဖြစ်ခဲ့ကြောင်း သိရသည်။

လက်ခွဲစိတ်မှုခံယူသူ မောင်နေလင်းထက်က "လုပ်ဖော်ကိုင်ဖက်တွေက ပြတ်သွားတဲ့ လက်အပိုင်းအစတွေကို ပလက်စတစ်အိတ်ထဲ ကောက်ထည့်ပြီး ရေခဲနဲ့ ထုပ်ပြီး ယူလာတယ်။ ပထမ တခြားဆေးရုံတွေသွားတယ်။ လက်ခွဲစိတ်တာမရှိတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို လာခဲ့တာ၊ ဆေးရုံကြီးမှာပဲ ခွဲစိတ်လိုက်တယ်။ အခုတော့ ညာဘက်လက်က လက်ချောင်းလေးတွေ တော်တော်ကောင်းနေပြီ"ဟု ပြောသည်။

လက်ပြတ်သွားသည့်လူနာအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ညနေ ၅ နာရီမှစတင်ကာ နောက်တစ်နေ့ နံနက် ၃ နာရီအထိ ပါမောက္ခ ဒေါက်တာခင်မောင်မြင့် အပါအဝင် ခွဲစိတ်ဆရာဝန် သုံးဦး၊ မေ့ဆေးဆရာဝန် နှစ်ဦးတို့ဖြင့် ခွဲစိတ်မှုများပြုလုပ်ခဲ့ရပြီး ခွဲစိတ်ချိန် ၁၀ နာရီကြာမြင့်ခဲ့ကြောင်း သိရသည်။

လက်ပိုင်းဆိုင်ရာ ထိခိုက်အန္တရာယ်များကြုံလာပါက ရန်ကုန်ဆေးရုံကြီးတွင် အခမဲ့ ခွဲစိတ်ကုသပေးလျက်ရှိပြီး ခွဲစိတ်မှုများအချိန်မီ ပြုလုပ်နိုင်ရန် ထိခိုက်ဒဏ်ရာရသူများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဖုန်း ၀၁- ၂၅၆၁၁၂ သို့ အချိန်မီအကြောင်းကြား ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(သီသီမင်း)**




# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးစည်းဝေး

**မကွေး ဒီဇင်ဘာ ၂၁**

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၆) ပထမနေ့ကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ စတင်ကျင်းပရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးအစီအစဉ်အရ ကတိသစ္စာမပြုရသေးသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် နှစ်ဦးမှ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၈ ဦးရှိသည့်အနက် ၆၅ ဦးတက်ရောက်၍ ၉၅ ဒသမ ၅၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးမှ လွှတ်တော်သို့ တင်သွင်းခဲ့ပြီး မိမိဝန်ကြီးဌာနအလိုက် ခန့်မှန်းခြေငွေစာရင်းရေးဆွဲထားရှိမှု အခြေအနေအား ဝန်ကြီးများမှ လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။ ယင်းခန့်မှန်းခြေငွေစာရင်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလို သည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး(၂/၂၀၁၆) ပထမနေ့ကို နံနက် ၁၁ နာရီတွင် ရပ်နားကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

## မုဒုံဘိုးဘွားရိပ်သာ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁။** ။မွန်ပြည်နယ် မုဒုံမြို့ဘိုးဘွားရိပ်သာ၏ ဆဌမအကြိမ်မြောက် ပျော်ပွဲရွှင်ပွဲ၊ ရန်ပုံငွေ နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက်(စနေနေ့)ညနေ ၅ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ရိပ်သာနေဘိုးဘွားများနှင့် ဧည့်ပရိသတ်များအား ပျော်ရွှင်ဖွယ်ရာအစီအစဉ်များ၊ သမီးငယ်လေးများ၏ အလှသရုပ်ဖော်အစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်မည့်အပြင် ရန်ပုံငွေနိဗ္ဗာန်ဈေးပွဲတော်ပါဝင်မည်ဖြစ်သည်။ ဘိုးဘွားရိပ်သာအတွက် လှူဒါန်းလိုပါက ရိပ်သာအုပ်ချုပ်ရေးမှူး ဦးဝမ်းကြည် ဖုန်း-၀၅၇ ၇၀၂၀၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကိုချစ်)**

# သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးအဆောက်အအုံသစ် မင်္ဂလာပန္နက်တင်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်း၌ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (ကျောက်ဆည်) ဝင်းအတွင်းရှိ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေး အဆောက်အအုံသစ် ဆောက်လုပ်မည့် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူတို့က သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးအဆောက်အအုံ ဆောက်လုပ်မည့် အခြေအနေနှင့် စက်ပစ္စည်းများတပ်ဆင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက WHO Standard၊ GMP Guideline များနှင့်အညီ အဆောက်အအုံနှင့် စက်ပစ္စည်းများကို တည်ဆောက်တပ်ဆင်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအား အဆင့်မီသောကျန်းမာရေးစောင့်ရှောက်မှု ဖြည့်ဆည်းပေးနိုင်ရန်အတွက် တိုးချဲ့တည်ဆောက်ခြင်းဖြစ်၍ နိုင်ငံတကာစံချိန်စံညွှန်းမီ ဆေးရည်များ ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် တာဝန်ရှိသူတို့သည် သတ်မှတ်ထားသည့်နေရာများ၌ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးအဆောက်အအုံ ပန္နက်တိုင်အား စိုက်ထူပေး၍ ပန္နက်တိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေး အဆောက်အအုံသစ် တိုးချဲ့တည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော သွေးကြောသွင်းဆေးရည် (၅)သန်းပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သည်။ စီမံကိန်းပြီးစီးပါက D 5% (DW) (Dextrose 5% Solution)၊ PS (Sodium Chloride 0.9% Solution)၊ DPS (Dextrose 5% & Sodium Chloride 0.9% Solution)၊ ½ DPS (½Strength Dextrose & Physiological Solution)၊ RL (Ringer Lactate Solution) တို့ကို ထုတ်လုပ်သွားမည်ဖြစ်သည်။

နေ့လယ်ပိုင်းတွင် မြန်မာဆေးဝါးလုပ်ငန်းကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ (ကျောက်ဆည်)တွင် 500 ml Infusion Bottles တစ်နှစ်လျှင် ငါးသန်းထုတ်လုပ်မည့် Large Volume Parenteral Solution Production New Plant အတွက် အဆောက်အအုံသစ် တည်ဆောက်ခြင်းနှင့် စက်ပစ္စည်းလိုင်းသစ် တပ်ဆင်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် Kyaw Thar Engineering & Construction Group Co., Ltd. နှင့် ဂျာမနီနိုင်ငံမှ Rieckermann ကုမ္ပဏီတို့နှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့ လက်မှတ်ရေးထိုးသည့် အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**







# ပြန်/ဆက်နှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် ပိတောက်ကုန်းကျေးရွာဖူးပွင့်စံစာကြည့်တိုက်တွင် ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးကုဌာနတို့သည် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်များပြသခြင်း၊ တိုင်းရင်းဆေးဖြင့် အခမဲ့ကုသခြင်းတို့ကို ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ရှေးဦးစွာ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ခင်အေးအေးနိုင်က မြန်မာ့တိုင်းရင်းဆေးဖြင့် ရောဂါများကို အမြစ်ပြတ်အောင်ကုသနိုင်ပုံများနှင့် သာမန်ရောဂါများကို မီးဖိုချောင်နှင့် မိမိတို့၏ပတ်ဝန်းကျင်မှ အလွယ်တကူရရှိနိုင်သော အသီး၊ အမြစ်၊ အပွင့်၊ အခေါက်တို့ဖြင့် အသုံးပြုကုသနိုင်ပုံများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခတ်ပုံကျွမ်းကျင်(၂) ဦးသိန်းလွင်က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်မှရရှိသော ဗဟုသုတများကို လူမှုစီးပွားရေးဘဝများ တိုးတက်ရေးတို့အတွက် အကျိုးရှိရှိအသုံးချတတ်စေရေး ကလေးသူငယ်များ စာပေဖတ်ရှုသော အလေ့အကျင့်ကောင်းများ ရရှိစေရေးတို့အတွက် စာကြည့်တိုက်သို့သွားရောက်၍ စာပေများကိုဖတ်ရှုစေရန် မိဘများမှအစဉ်ဆောင်ရွက်ပေးစေရေးတို့ကို ဆွေးနွေးမှာကြားပြီး စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော မူးယစ်ဆေး၊ သဘာဝဘေးနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး ပိုစတာများကို ရှင်းလင်းပြသခဲ့သည်။

ထို့နောက် တိုင်းရင်းဆေးကုဌာနမှလည်း ဝေဒနာရှင်များအား ရောဂါစမ်းသပ်စစ်ဆေးခြင်း၊ ကုသခြင်း၊ ဆေးပေးခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ဆေးကုသရန်စောင့်ဆိုင်းနေကြသူများကလည်း ခင်းကျင်းပြသထားသော စာအုပ်စာပေများကို ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# လေရှီး၊ လဟယ်နှင့် ခန္တီးမြို့တို့တွင် အမျိုးသမီးငယ်များအတွက် အလုပ်အကိုင်သင်တန်းများ ဖွင့်လှစ်သင်ကြားပေး

**ခန္တီး ဒီဇင်ဘာ ၂၁**

နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများဖြစ်သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၊ လဟယ်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ခန္တီးမြို့တို့ရှိ အမျိုးသမီးငယ်လေးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် လုပ်ငန်းများလုပ်ကိုင်တတ်ပြီး ဒေသထွက်ပစ္စည်းများကို အသုံးပြုကာ ဈေးကွက်ထိုးဖောက်၍ မိသားစုစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေရန် ဒီဇင်ဘာ ၁၉ ရက်က အဆင့်မြင့်စက်ချုပ်သင်တန်း အခြေခံအိမ်တွင်းမှုသင်တန်းနှင့် ရိုးရာဂျပ်ခုတ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၃၀/၂၀၁၆) အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၄/၂၀၁၆) နှင့် ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၉/၂၀၁၆) သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် နာဂဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးကာစီရန်းက အဖွင့်အမှာစကားပြောကြားပြီး လဟယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်သန်းနှင့် တာဝန်ရှိသူများ သင်တန်းကျောင်း ဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြောင်း သိရသည်။

ထိုနည်းတူ ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီကပင် လေရှီးမြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၄/၂၀၁၆) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၁/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ခဲ့ရာ လေရှီးမြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးညွှန့်ဦး၊ လေရှီးမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ခင်မောင်အေး၊ အိမ်တွင်းမှုကျောင်းအုပ်ဆရာမကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာမများ၊ သင်တန်းသူများ တက်ရောက်သည်။ သင်တန်းဖွင့်ပွဲတွင် လေရှီးမြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွှန့်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထွေးရီက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၁၈/၂၀၁၆) အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၁၇/၂၀၁၆) နှင့် ရိုးရာဂျပ်ခုတ်သင်တန်း အမှတ်စဉ် (၆/၂၀၁၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြား၍ သင်တန်းကိုဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းဖွင့်

**ဖြူး ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကညွတ်ကွင်းမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၂)နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂) သင်တန်းဖွင့်ပွဲကို အဆိုပါအိမ်တွင်းမှုသင်တန်းကျောင်း၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ယင်းသင်တန်းဖွင့်ပွဲတွင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကျောင်း ကျောင်းအုပ် ဒေါ်မြမြသင်းက သင်တန်းဆိုင်ရာ အချက်အလက်များ သင်ကြားပေးမည့် ဘာသာရပ်များနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးမှုကို ရှင်းလင်းပြောကြားခဲ့သည်။ **(၁၄၀)**

# ညောင်တုန်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းခင်း

**ညောင်တုန်း ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းခြင်းကို အမှတ်(၈)ရပ်ကွက်အတွင်းရှိ နှင်းဆီလမ်းမှ ကိုနေလင်းဦး ဦးဆောင်သောလမ်းသူ၊ လမ်းသားများစုပေါင်း၍ အရှည် ၄၂၆ ပေ၊ အကျယ် ၁၀ ပေနှင့် ဒု ခြောက်လက်မရှိကွန်ကရစ်လမ်းအား ဒီဇင်ဘာ ၁၈ ရက် နံနက်က လမ်းသူ လမ်းသားများ၏ စုပေါင်းလုပ်အားပေးခဲ့ကြသည်။

အဆိုပါလမ်းသည် ယခင်ကမြေသားလမ်းဖြစ်ကာ အများပြည်သူသွားလာမှုများပြားပြီး ရပ်ကွက်တွင်းသီတာလမ်းနှင့် ဘောဂလမ်းအားဆက်သွယ်ထားသောလမ်းဖြစ်သည်။ အဆိုပါ ကွန်ကရစ်လမ်းခင်းပြီးပါက နွေ၊ မိုး၊ ဆောင်း ရာသီမရွေး အများပြည်သူသွားလာနိုင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းခင်းခြင်းအတွက် ကုန်ကျငွေ ၃၆ သိန်းကျော် ကုန်ကျကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၁**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၅၆၀၀၀ | - | ၈၅၆၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၅၆၀၀၀ | - | ၈၅၆၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၅ ကျပ်၊ | ၇၃၀/၇၆၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၆၀/၈၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၉၅/၇၁၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၇၇ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၀၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၇၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၄၂၉. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇. ၈၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၈. ၁၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇. ၁၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၂၅၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၆၆. ၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅. ၁၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၉၉. ၄၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၁. ၃၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**



# နှစ်သစ်အကြိုဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်တဲ့ ဂျနီဖာလိုပက်ဇ်

ပေါ့ပ်ကြယ်ပွင့် ဂျနီဖာလိုပက်ဇ်ဟာ ယခုနှစ်နှစ်သစ်ကို ကြိုဆိုတဲ့အနေနဲ့ ပြုလုပ်မယ့် နှစ်သစ်အကြိုတေးဂီတဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေဖို့ စီစဉ်ထားခဲ့ပေမယ့် အဆိုပါအစီအစဉ်ကိုဖျက်သိမ်းကာ နှစ်သစ်ကို မိသားစုတွေနဲ့သာ အတူဖြတ်သန်းတော့မှာဖြစ်တယ်လို့ အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက် (၄၇)နှစ်အရွယ် ဂီတကြယ်ပွင့်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီမှာကျင်းပသွားမယ့် နှစ်သစ်အကြိုဖျော်ဖြေပွဲမှာ ဖျော်ဖြေသွားမယ့်အစီအစဉ်ကို ဖျက်သိမ်းခဲ့တာကြောင့် ယခုနှစ်သစ်မှာတော့ ဂျနီဖာရဲ့ “On the Floor” တေးသီချင်းသံကို ကြားရတော့မှာမဟုတ်ကြောင်း အဆိုပါမီဒီယာက ဖော်ပြခဲ့ပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ ပုဂ္ဂိုလ်ရေးနဲ့ မိသားစုဝင်တွေအပေါ် ပိုမိုအာရုံစိုက်လိုတာကြောင့် ဂျနီဖာရဲ့ ဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ရခြင်းဖြစ်တယ်လို့လဲ ဂျနီဖာရဲ့ မန်နေဂျာက ပြောကြားခဲ့ပါတယ်။ ဂျနီဖာဟာ ပြီးခဲ့တဲ့နှစ်တုန်းကကျင်းပခဲ့တဲ့ အဆိုပါဖျော်ဖြေပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တာကြောင့် ယခုနှစ်မှာလည်း ဖျော်ဖြေဖို့ ပရိသတ်အများက မျှော်လင့်နေခဲ့ကြပေမယ့် ဂျနီဖာကတော့ တစ်နှစ်တာလုံးအလုပ်များနေခဲ့ရတဲ့အတွက် နှစ်သစ်ကိုတော့ မိသားစုနဲ့သာ အချိန်ကုန်ဆုံးချင်နေတာဖြစ်ပါတယ်။

ဒ့ါအပြင် ဂျနီဖာဟာ ပြီးခဲ့တဲ့ တနင်္လာနေ့ ညပိုင်းက လော့စ်အန်ဂျလိစ်မှာ အဆိုတော်တစ်ဦးဖြစ်တဲ့ ဒရိတ်ခ်နဲ့ ညစာအတူစားခဲ့ကြပြီး အလည်အပတ်ထွက်ခဲ့ကြတာကြောင့် သူတို့နှစ်ဦးတွဲနေကြပြီဆိုတဲ့ကောလာဟလတွေဟာ ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းစားနေကြောင်းလည်း သိရပါတယ်။



အေး
ပြည့်
ရေး
သား
သည်

# ဟာဂျီဝန် ပြောလာတဲ့ ဟောလိဝုဒ်အိပ်မက်

တောင်ကိုရီးယားရဲ့ အလွန်ကျော်ကြားတဲ့ မင်းသမီးတွေထဲက တစ်ဦးဖြစ်တဲ့ ဟာဂျီဝန်က မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူး တစ်ခုမှာ သူ့ရဲ့ ဟောလိဝုဒ်ရုပ်ရှင်လောကနဲ့ပတ်သက်တဲ့ စိတ်ကူးအိပ်မက်ကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဟာဂျီဝန်က သူ့ရဲ့ရုပ်ရှင်အသစ် “Life Risking Romance”အတွက် ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဟောလိဝုဒ်ရုပ်ရှင်လောကကို ဝင်ရောက်ဖို့ စိတ်ကူးရှိမရှိမေးမြန်းခဲ့တဲ့ မေးခွန်းအပေါ် အခွင့်အရေးရပါက အပြေးသွားလိုက်ချင်ကြောင်း သူ့ရဲ့ ဟောလိဝုဒ်အိပ်မက်ကို ဖြေကြားခဲ့တာဖြစ်ပါတယ်။

“ Life Risking Romance ”မှ ဟာဂျီဝန်ရဲ့ အင်္ဂလိပ်စကားပြောစွမ်းရည်ကို မီဒီယာတွေက ချီးကျူးဖော်ပြခဲ့ကြပြီး ဒီလိုအင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောတတ်တာကြောင့် ဟောလိဝုဒ်ရုပ်ရှင်လောကကို ဝင်ရောက်ဖို့စိတ်ကူး ရှိ၊ မရှိ မေးမြန်းခဲ့ကြတာလည်း ဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာ ဟာဂျီဝန်နဲ့ တွဲဖက်သရုပ်ဆောင်ရတဲ့ ထိုင်ဝမ်မင်းသား ချန်ဘိုလင်ဟာ တရုတ်-အမေရိကန် လူမျိုးစပ်တစ်ဦးအဖြစ် သရုပ်ဆောင်ရတာဖြစ်တဲ့အတွက် သူတို့နှစ်ဦးအကြား အင်္ဂလိပ်လိုပြောကြားရတာ ဖြစ်ပါတယ်။

ဆက်လက်ပြီး ဟာဂျီဝန်က အဆိုပါ ရုပ်ရှင်အတွက် အင်္ဂလိပ်စကားကို ကြိုတင်လေ့လာခဲ့ရပြီး ရုပ်ရှင်ရိုက်ကွင်းတွေမှာလည်း သူ့ရဲ့အင်္ဂလိပ်စကားပြောသင်ပေးတဲ့ဆရာကိုပါ တစ်ပါတည်းခေါ်သွားလေ့ရှိကြောင်း ဆိုပါတယ်။ ဒ့ါအပြင် မင်းသမီးက ကမ္ဘာကြီးမှာဖြစ်ပျက်နေတဲ့ အရာတွေကို ပိုမိုသိလာခွင့်ရစေခြင်းက သူ့ကို အင်္ဂလိပ်စာလေ့လာခြင်းကို ပိုမိုစိတ်ဝင်စားလာစေခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဟာဂျီဝန်က တောင်ကိုရီးယားရုပ်ရှင်လောကမှာ ရုပ်ရှင်ကားတွေအပေါ် အဆင့်သတ်မှတ်ခြင်းနဲ့ပတ်သက်ပြီး “ကိုယ့်ရဲ့ရုပ်ရှင်ကို အောင်မြင်ပြည့်စုံတဲ့ အဆင့်သတ်မှတ်ချက်ရစေဖို့က တောင်ကိုရီးယားသရုပ်ဆောင်အားလုံးရဲ့ အိပ်မက်ဖြစ်ပါတယ်။ ဒါပေမယ့် ဒီကိစ္စဟာ ဘုရားသခင်ရဲ့အလိုတော်အတိုင်းပါပဲ။ ဒ့ါကြောင့် ကျွန်မအနေနဲ့ကတော့ ကိုယ်ရိုက်ကူးခဲ့တဲ့ရုပ်ရှင်တိုင်းမှာ အကောင်းဆုံးကြိုးစားတယ်။ အကောင်းဆုံးကြိုးစားခဲ့သလို ကောင်းတဲ့အဆင့်သတ်မှတ်ချက်တွေရဖို့လည်း အမြဲမျှော်လင့်ပါတယ်”လို့ ဆိုပါတယ်။

သူ့ရဲ့သရုပ်ဆောင်လုပ်ငန်းအပေါ် ချစ်မြတ်နိုးမှုနဲ့ပတ်သက်ပြီး မင်းသမီးက ရိုက်ကွင်းမှာ သူ့ရဲ့တစ်ကိုယ်လုံး ခေါင်းအစခြေအဆုံး ဒဏ်ရာတွေရပါစေဦးတော့ သူချစ်မြတ်နိုးတဲ့ သရုပ်ဆောင်အလုပ်ကို လုပ်ကိုင်ခွင့်ရနေတဲ့အတွက် ဘယ်တော့မှ မောပန်းတယ်လို့ခံစားရမှာမဟုတ်ကြောင်းနဲ့ ကိုယ်ပျော်ရွှင် နှစ်သက်တဲ့အလုပ်ကိုလုပ်ကိုင်ခွင့်ရနေတာဖြစ်တဲ့အတွက် စွမ်းအင်တွေ လည်း ရနေကြောင်း ဖွင့်ဟခဲ့ပါတယ်။

စိတ်ကူးအိပ်မက်တွေရှိနေတဲ့ ဟာဂျီဝန်ကို တစ်ချိန်မှာ ဟောလိဝုဒ်ရုပ်ရှင်တွေမှာ တွေ့မြင်ရမလား ဆိုတာကတော့. . .



# ကလေးဆေးရုံသို့ စန်တာကလော့စ်တွေအဖြစ် သွားရောက်လည်ပတ်ခဲ့တဲ့ ကတ်တီပါရီနဲ့ အောလန်ဒိုဘလွန်း

ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ပေါ့ပ်အဆိုတော် ကတ်တီပါရီနဲ့ မင်းသား အော်လန်ဒိုဘလွန်းတို့နှစ်ဦးဟာ ခရစ္စမတ်အထိမ်းအမှတ်အဖြစ် စန်တာကလော့စ်ဝတ်စုံတွေဝတ်ဆင်ကာ လော့စ်အန်ဂျလိစ်ကလေးဆေးရုံသို့ သွားရောက်လည်ပတ်ခဲ့ကြောင်း ယူအက်စ်မဂ္ဂဇင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မစ္စတာနဲ့ မစ္စစန်တာကလော့စ်တွေအဖြစ် ဝတ်ဆင်ထားတဲ့ ကြယ်ပွင့်စုံတွဲဟာ ယခုသီတင်းပတ်အတွင်း အဆိုပါကလေးဆေးရုံသို့ သွားရောက်လည်ပတ်ခဲ့တာဖြစ်ပြီး သူတို့နှစ်ဦးရဲ့ပုံရိပ်တွေကို ကလေးဆေးရုံက ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၀ ရက်မှာ ဆေးရုံရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြသခဲ့တာ ဖြစ်ပါတယ်။

ကတ်တီပါရီနဲ့ အော်လန်ဒိုဘလွန်းတို့နှစ်ဦးဟာ ကလေးဆေးရုံမှာ တက်ရောက်ကာဆေးကုသမှုခံယူနေကြတဲ့ ကလေးတွေနဲ့ မိသားစု သဖွယ်ရင်းရင်းနှီးနှီးနှုတ်ဆက်ကြပြီး ခရစ္စမတ်တေးသီချင်းတွေကိုလည်း အတူသီဆိုခဲ့ကြပါတယ်။ ဒ့ါအပြင် ကလေးတွေအတွက် အမှတ်တရလက်ဆောင်တွေလည်း ပေးအပ်ခဲ့ကာ ဓာတ်ပုံတွေကိုလည်း အတူတကွစိတ်ရှည်လက်ရှည်နဲ့ ရိုက်ကူးပေးခဲ့ကြကြောင်း သိရပါတယ်။

အဆိုပါကလေးဆေးရုံမှာ တက်ရောက်ကာ ဆေးကုသမှုခံယူနေရတဲ့ ကလေးငယ်တစ်ဦးရဲ့ မိခင်ဖြစ်သူကလည်း ကြယ်ပွင့်စုံတွဲရဲ့ လာရောက်လည်ပတ်မှုကို ဝမ်းသာဂုဏ်ယူမိကြောင်းနဲ့ ဒီလိုလည်ပတ်မှုအပြီးမှာ ဆေးရုံကဆင်းခွင့်ရကြောင်း သတင်းကောင်းကိုပါ ကြားသိလိုက်ရတဲ့အတွက် အထူးကျေးဇူးတင်ကြောင်း ပြီးခဲ့တဲ့ တနင်္လာနေ့က သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်မှာ သူတို့သားအမိနှစ်ဦး ကြယ်ပွင့်နှစ်ဦးနဲ့ တွဲဖက်ရိုက်ကူးထားတဲ့ဓာတ်ပုံနဲ့အတူ ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။ ■

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၂-၁၂-၂၀၁၆(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | “လင်းခေးခရီးသွားမှတ်တမ်း”(အပိုင်း-၁) |
| ၈း၃၅ | “သယံဇာတဇီဝစုံလင် မြန်မာ့ပတ်ဝန်းကျင်” |
| ၉း၃၅ | လှပစုံလင် အာဆီယံတစ်ခွင် |
| ၉း၄၅ | ASEAN Spotlight |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၃၅ | အထွေထွေသုတနှင့် ကျန်းမာရေး “ဆောင်းရာသီနှင့်ကျန်းမာရေး” |
| ၁၂း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ “ပြောလက်စ မကုန်နိုင်တယ်” (အောင်မိုး၊ ကေကေမိုးမြင့်၊ ရှိန်း) [(ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၁း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ ပန်းရွှေကြာ” (အပိုင်း-၆၇) |
| ၂း၀၀ | သုခမရင်ခွင်အငြိမ့်သဘင် “ကျွန်တော့် အငြိမ့်” (မင်းသမီး-မှုံနံ့သာ၊ လူရွှင်တော်-ငွေမိုး၊ ဂျင်မီ ဇရက်၊ ရေချမ်း) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၂း၄၀ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တုံ့မယူလို” (အပိုင်း-၆၇) |
| ၄း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၁၅ | Football Magazine |
| ၅း၃၅ | လက်တွေ့အသုံးချဘဏ္ဍာရေးသုတများ |
| ၆း၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တုံ့မယူလို” (အပိုင်း-၆၈) (ဇာတ်သိမ်း) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ ပန်းရွှေကြာ” (အပိုင်း-၆၈) -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် “ရွှေခြည်ငွေခြည်တန်းပါလို့” (အပိုင်း-၁) (ဒါရိုက်တာ -ကြည်စိုးထွန်း) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၂၂-၁၂-၂၀၁၆(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၂၀ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၁၅ | လျှပ်တစ်ပြက် |
| ၉း၂၅ | ဒေသန္တရဗဟုသုတအစုံစုံအလှဖုံဖုံ |
| ၉း၄၀ | ချစ်သူစုံတွဲတူယှဉ်နွှဲ |
| ၉း၅၀ | Casual Talk |
| ၁၁း၂၅ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | မောင်မယ်လေးများသိစေချင် |
| ၁၂း၀၀ | World Wide Web |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂း၂၅ | မြန်မာ့ရှုခင်း |
| ၁၂း၃၅ | သီချင်းလက်ဆောင် |
| ၄း၂၅ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | အလှနတ်သမီး |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိန်ဂျယ်ချစ်သူ အပိုင်း(၁၂) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း၊ -မိုးလေဝသသတင်း -ဘောလုံးကန်ကြမယ် -အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ -ယနေ့ညအတွက်မြဝတီတေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “လျှို့ဝှက်ဆန်သောကျောင်း” အပိုင်း(၄) |

## ကန်တိုနာသွင်းယူခဲ့တဲ့ ထာဝရအကောင်းဆုံးသွင်းဂိုးမှာ ပြီးပြည့်စုံမှုမရှိလို့ ပီရက်ဇ်ယုံကြည်

၁၉၉၆ခုနှစ် ဒီဇင်ဘာ ၂၁ရက် လွန်ခဲ့တဲ့ နှစ် ၂၀ကာလက မန်ယူ တိုက်စစ်မှူး ကန်တိုနာ ဆန်းဒါးလန်းဘက်ကို သွင်းယူခဲ့တဲ့ ဂိုးက ပရီမီယာလိဂ်ရဲ့ ထာဝရအလှပဆုံး သွင်းဂိုးတစ်ဂိုးပါ။ ဒါပေမယ့် ဒီဂိုးက ပြီးပြည့်စုံမှုမရှိတဲ့ သွင်းဂိုး တစ်ဂိုးသာဖြစ်တယ်လို့ အဲဒီတုန်းက ဆန်းဒါးလန်းဂိုးသမားအဖြစ်ဆောင်ရွက်ခဲ့သူ လီယွန်နယ်ပီရက်ဇ်က The Sun သတင်းဌာနမှ ကာဗာဒေလေနဲ့ အင်တာဗျူး ပြုလုပ်စဉ် ထည့်သွင်း ပြောကြားခဲ့ပါတယ်။

ကန်တိုနာဟာ အဲဒီပွဲမှာ ကွင်းလယ်တစ်ဝက်လောက်က ဘောလုံးကို ဆွဲပြေးလာပြီး ဆန်းဒါးလန်းကစားသမားနှစ်ဦးကို လိမ်ခေါက်၊ မန်ယူအသင်းဖော် မက်ကလဲနဲ့ အပေးအယူလုပ်ပြီး ဂိုးသမား ပီရက်ဇ်ကို ကျော်ကာ ဂိုးရယူခဲ့တာဖြစ်ပါတယ်။ ကန်တိုနာဟာ ဘောလုံးကို အသာမပြီး ကန်သွင်းခဲ့ရာမှာ အဲဒီကန်ချက်က ဂိုးတိုင်နဲ့ ထိပြီး ဂိုးဝင်သွားခဲ့တာဖြစ်ပါတယ်။ ဒီဂိုးက ကန်တိုနာရဲ့ အံ့အားသင့်ဖွယ်စွမ်းရည်ကို ထင်ဟပ်စေရုံသာမက ပရီမီယာလိဂ်ရဲ့ ထာဝရအလှပဆုံး သွင်းဂိုးအဖြစ် မှတ်တမ်းဝင်ထားတဲ့ ဂိုးပါ။

ဒါပေမယ့် ပီရက်ဇ်က ကန်တိုနာ အဲဒီဂိုးကို သွင်းယူခဲ့တဲ့ အချိန်မှာ ဆန်းဒါးလန်းဟာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ပြီးဖြစ်တာကြောင့် ဆန်းဒါးလန်းကစားသမားနှစ်ဦးဖြစ်တဲ့ ရစ်ချက်အော်ဒန်နဲ့ ကီဗင်ဘောတို့နှစ်ဦးစလုံးက လိုက်လံတားဆီးခဲ့ပေမယ့် ကန်တိုနာကို တစ်ချက်မှ တောင်မထိမိခဲ့ဘဲ ဘရိုင်ယန်မက်ကလဲနဲ့ ကန်တိုနာတို့ အပေးအယူလုပ်ပြီး ကန်သွင်းချက်ကလည်း ဂိုးတိုင်နဲ့ ထိပြီး ဝင်သွားခဲ့တာဟာ ကံကောင်းလို့ ဖြစ်တယ်လို့ ယုံကြည်နေကြောင်း သူ့အမြင်ကို ပြောကြားခဲ့ပါတယ်။ ပီရက်ဇ်ဟာ ခုလို ခရစ္စမတ်ကာလရောက်တိုင်း သူငယ်ချင်းတွေ စုံစုံလင်လင်နဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေ ကြည့်ရှုနေချိန်အတွင်း အမှတ်တရသွင်းဂိုးတွေကို ပြန်လည်ကြည့်ရှုရင်း ဒီဂိုးအသွင်းခံလိုက်ရတဲ့အတွက် ရှက်ရွံ့မှု ခံစားရဆဲပဲ ဖြစ်ကြောင်း ဆိုပါတယ်။

မေလှဲ့သင်း ရေးသားသည်

## အိုဇေးလ်၊ ဆန်းချက်ဇ် တို့နေရာ ပါယက်နှင့် မာကိုရှူးစ်တို့နှင့်အစားထိုးရန် အာဆင်နယ် ပြင်ဆင်နေဟု သတင်းများထွက်ပေါ်



အာဆင်နယ်အသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ရန် အဆင်မပြေသေးသည့် အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှစ်ဦးနေရာတွင် ပါယက်နှင့် မာကိုရှူးစ်တို့ကို အသင့်အစားထိုးနိုင်ရန် နည်းပြ ဝင်းဂါး စဉ်းစားပြင်ဆင်နေပြီဖြစ်ကြောင်း အင်္ဂလန်မှလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။

အာဆင်နယ်အသင်းသည် ဆန်းချက်ဇ်နှင့် အိုဇေးလ်တို့နှစ်ဦးကို စာချုပ်သက်တမ်းတိုးမြှင့်ဖို့ကြိုးစားနေသော်လည်း ယခုထိ အဆင်မပြေသေးဘဲရှိရာ အကယ်၍ စာချုပ်သစ် မချုပ်ဆိုဖြစ်လျှင် ၎င်းတို့နှစ်ဦး အရည်အသွေးကို အကောင်းဆုံး ယှဉ်နိုင်သည့် ကစားသမားနှစ်ဦးကို ခေါ်ယူရန် ဝင်းဂါးစဉ်းစားထားခြင်းဖြစ်သည်။ ဝင်းဂါးက ပထမဦးစားပေး အစီအစဉ်အဖြစ် အိုဇေးလ်နှင့် ဆန်းချက်ဇ်တို့နှင့်သာ စာချုပ်သက်တမ်းတိုးမြှင့်ရေး လုပ်ဆောင်လိုသော်လည်း နှစ်ဦးစလုံးက တစ်ပတ်လုပ်ခ ပေါင် ၂၅၀၀၀၀ အထက် ရရှိရန်ဆန္ဒရှိနေခြင်းကြောင့် အခုထိ အဆင်ပြေမှု မရှိသေးခြင်းဖြစ်သည်။ သို့သော် ယခုမူ ဝင်းဂါး၏ ဆုံးဖြတ်ချက်ပြောင်းလဲသွားပြီဖြစ်ပြီး ဒေါ့မွန်တိုက်စစ်မှူး မာကိုရှူးစ်ကို ဆန်းချက်ဇ်နေရာ အိုဇေးလ်နေရာ ဝက်စ်ဟမ်းကွင်းလယ်လူ ပါယက်တို့နှင့် အစားထိုးရန် ဘက်ပြောင်းစဉ်းစားလာခြင်းဖြစ်ကြောင်း တယ်လီဂရပ်သတင်းဌာနက ဖော်ပြသည်။

မာကိုရှူးစ်မှာ ဒဏ်ရာပြဿနာကြောင့် ဒေါ့မွန်အသင်း ရာသီအစပွဲစဉ်များကို လွဲချော်ခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် ပွဲစဉ်ခြောက်ပွဲတွင် လေးဂိုးအထိ သွင်းယူထားနိုင်သူဖြစ်ရာ သူ၏ စွမ်းဆောင်ရည်က ဝင်းဂါးကို ဆွဲဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ရှူးစ်မှာ ဗဟိုတိုက်စစ်၊ ဘယ်တောင်ပံ နေရာနှစ်မျိုးစလုံးတွင် ကစားနိုင်သူ ဖြစ်သည့်အပြင် ဝုဖ်ဘတ်တောင်ပံတိုက်စစ်မှူး ဒရက်ဇ်လာကို ခေါ်ယူရန် ကြိုးပမ်းမှု မအောင်မြင်ဖြစ်ခဲ့ပြီးနောက် ရှူးစ်ကို ခေါ်ယူရန် အာဆင်နယ်အသင်း ပစ်မှတ်ထားလာခြင်းဖြစ်သည်။

ပါယက်ကိုမူ မန်ယူ၊ ပီအက်စ်ဂျီအသင်းတို့ကလည်း အလိုရှိနေကြခြင်းကြောင့် အာဆင်နယ်အသင်း ပါယက်ကိုရရှိရေး ခက်ခဲနိုင်မည်ဖြစ်သည်။ သို့သော် ပါယက်ကိုယ်တိုင်က အာဆင်နယ်ဘက်မှ ၎င်းကို တရားဝင် ကမ်းလှမ်းခြင်းမပြုသေးသော်လည်း အာဆင်နယ်ကဲ့သို့ ပရီမီယာလိဂ် အသင်းကြီး တစ်သင်းက စိတ်ဝင်စားသည်ဆိုသည့်အတွက် ဂုဏ်ယူမိကြောင်း တုံ့ပြန်ခဲ့သည်။ ပါယက်သည် ယူရိုပြိုင်ပွဲအပြီးတွင် ဝက်စ်ဟမ်းမှ ထွက်ခွာရန် ကြိုးပမ်းခဲ့သေးပြီး ဝက်စ်ဟမ်းမှ ထွက်ခွာခွင့်မပေးခြင်းကြောင့်သာ အသင်းမပြောင်းရွှေ့ခဲ့ရခြင်းဖြစ်သည်။ သို့သော် ယခု ဇန်နဝါရီ ဈေးကွက်ဖွင့်လှစ်ချိန်မှာပင် ဝက်စ်ဟမ်းမှ ထွက်ခွာနိုင်သဖြင့် ပါယက်ကို ရရှိရေး ပြိုင်ပွဲတွင် အာဆင်နယ်ပါ ပါဝင်လာဖွယ်ရှိနေသည်။

## မက်ဆီ ကမ္ဘာ့လစာ အများဆုံးရရှိတဲ့ ကစားသမားဖြစ်လာရန် နီးစပ်နေပြီ

ဘာစီလိုနာ စူပါစတား မက်ဆီကို ဘာစီလိုနာအသင်းက ဆက်လက် ထိန်းသိမ်းခွင့်ရဖို့ ကမ္ဘာ့လုပ်ခလစာအများဆုံး ငွေကြေးတစ်ရပ်နဲ့ ကမ်းလှမ်းရန်ပြင်ဆင်သွားမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း ဥက္ကဋ္ဌ ဘာတိုမူ ၏ ပြောကြားချက်အရ သိရသည်။ ဘာတူမူ၏ အဆိုပါ ပြောကြားချက်အရ မက်ဆီမှာ လက်ရှိ လစာအများဆုံးရရှိနေသည့် အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်ရဲ့ တစ်ပတ်လုပ်ခလစာ ပေါင်၆၁၅၀၀၀ကို ကျော်လွန်သွားရန် ရှိနေခြင်းဖြစ်သည်။ မက်ဆီ လောလောဆယ်ရရှိနေသည့် တစ်ပတ်လုပ်ခလစာမှာ ပေါင် ၂၇၀၀၀၀သာဖြစ်ရာ အဆိုပါ လစာသည် တီဗက်ဇ်၊ လာဗက်ဇီ၊ စီရိုနယ်လ်ဒိုတို့ လုပ်ခလစာနှင့် လုံးဝကွာခြားနေခြင်းကြောင့် မက်ဆီနှင့် ဘာစီလိုနာတို့ စာချုပ်သစ် ချုပ်ဆိုဖြစ်လျှင် မက်ဆီ၏ လုပ်ခလစာမှာ အဆိုပါ ကစားသမားများအားလုံးကို ကျော်လွန်သွားနိုင်မည်ဖြစ်သည်။

ဘာတိုမူက "မက်ဆီက ကမ္ဘာ့ဘောလုံးသမိုင်းရဲ့ အကောင်းဆုံးကစားသမားဖြစ်ပါတယ်။ သူဟာ အကောင်းဆုံးဆိုတာသေချာရင် သူ့အတွက် နေရာစုံက စဉ်းစားပြီး သဘောတူညီချက်ရရှိဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆန္ဒကတော့ မက်ဆီကို ဒီမှာပဲ ဆက်ရှိနေဖို့ လိုလားပါတယ်" ဟု ဆိုခဲ့သည်။

မက်ဆီအား မန်စီးတီးအသင်းမှ တစ်ပတ်လုပ်ခလစာ ပေါင်၅၀၀၀၀၀ဖြင့် ကမ်းလှမ်းရန် ရှိနေသလို ပီအက်စ်ဂျီအသင်းကလည်း အလားတူ လုပ်ခလစာပေးချေရန် ဝန်မလေးဘဲ ရှိနေရာ ဘာစီလိုနာ အနေဖြင့် မက်ဆီအား ဆက်လက်ထိန်းသိမ်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ လက်ရှိ လုပ်ခလစာ၏ နှစ်ဆပေးချေရန်ပင်ဖြစ်သည်။ မက်ဆီနှင့် ဘာစီလိုနာအသင်းတို့ ချုပ်ဆိုထားသည့် စာချုပ်မှာ ၂၀၁၈ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဘာစီလိုနာ၏ စာချုပ်သစ် ကမ်းလှမ်းမှုကို မက်ဆီပယ်ချခဲ့ပြီးနောက် ကမ္ဘာ့ထိပ်တန်းအသင်းများက မက်ဆီရရှိရေး အပြိုင်အဆိုင်အားထုတ်လာ



ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် နေမာ၊ ဆွာရက်ဇ်တို့အား စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် မက်ဆီအား လစာနှုန်းထားသစ်ဖြင့် စာချုပ်သစ် ချုပ်ဆိုရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

## တိုက်စစ်မှူး ဗာဒီ၏ အနီကတ်ပြစ်ဒဏ်အယူခံဝင်မှု ပယ်ချခံရ



လက်စတာစီးတီးတိုက်စစ်မှူးဗာဒီသည် စတုတ်စီးတီးအသင်းနှင့် လက်စတာစီးတီးအသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပြသခံခဲ့ရသည့် အနီကတ်ပြစ်ဒဏ်အတွက် အယူခံဝင်ခဲ့ရာ အင်္ဂလန် ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ပယ်ချခဲ့သည်။

အဆိုပါအနီကတ်သည် တိုက်စစ်မှူး ဗာဒီအတွက် ဒုတိယမြောက်ပြသခံခဲ့ရသည့် အနီကတ်ပြစ်ဒဏ်ဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီ ဧပြီလအတွင်းကလည်း ဝက်စ်ဟမ်းအသင်းနှင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့်ပွဲစဉ်တွင်လည်း ပထမတစ်ကြိမ် အနီကတ်ပြသခံခဲ့ရသူဖြစ်သည်။

အသက်(၂၉)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဗာဒီ၏ မှားယွင်းစွာထုတ်ဖော်ပြောကြားခဲ့ခြင်းအပေါ် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ငြင်းဆိုခဲ့ခြင်းကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ကျခံရမည်ဖြစ်ပြီး လက်စတာစီးတီးအသင်းယှဉ်ပြိုင်ကစားမည့် အဲဗာတန်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ မစ်ဒယ်ဘရော့အသင်းတို့နှင့် ပွဲစဉ်များတွင် လွဲချော်လိမ့်မည်ဖြစ်သည်။

အင်္ဂလန်တိုက်စစ်မှူး ဗာဒီသည် စတုတ်စီးတီးကစားသမား မာမီဒီအော့ဖ်အား ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် ပွဲကစားချိန် ၂၈ မိနစ်တွင် ကွင်းလယ်ဒိုင်ပေါ်ဆန်က အနီကတ်ပြထုတ်ပယ်ခဲ့ခြင်းဖြစ်ပြီး ပွဲပယ်ပြစ်ဒဏ်ကြောင့် ပရီမီယာလိဂ်ပွဲစဉ်သုံးပွဲပါဝင်ကစားခွင့်ရရှိမည်မဟုတ်သော်လည်း ဇန်နဝါရီ ၇ ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အက်ဖ်အေဖလားတတိယအဆင့်ပွဲစဉ်တွင် လက်စတာစီးတီးအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

## ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား ဗီဒယ်လ် ချီလီ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုဆွတ်ခူး




ဘိုင်ယန်မြူးနစ်အသင်း၏ အားထားရသည့်ကွင်းလယ်ကစားသမား ဗီဒယ်လ်သည် ချီလီနိုင်ငံ၏ ၂၀၁၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ပြီးနောက် ချီလီနိုင်ငံ၏ ဘောလုံးဆိုင်ရာဂုဏ်သတင်းကျော်စောမှုအများဆုံးဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိကွင်းလယ်ကစားသမား ဗီဒယ်လ်သည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၁၂ လတာ ဖြစ်သန်းခဲ့ရာတွင် ဂျာမန်ပိုကယ်ဖလား၊ ဂျာမန်စူပါဖလားနှင့် ဂျာမန်ဘွန်ဒက်လီဂါဖလားတို့ကို ရယူနိုင်ခဲ့ခြင်းကြောင့် ဗီဒယ်အတွက် အောင်မြင်သည့်နှစ်တစ်နှစ်လည်းဖြစ်လာခဲ့သည်။ ချီလီကြယ်ပွင့်ဗီဒယ်လ်သည် ပေါလ်ပေါ့ဘာ၊ အန်ဒရီယာပီယာလိုတို့နှင့်အတူ ဂျူဗင်တပ်အသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာကျော်ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းဖြစ်သည်။

ဗီဒယ်လ်သည် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့သည့် ပထမရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ပွဲပေါင်း ၃၀ ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းအတွက် ပွဲပေါင်း ၁၃ ပွဲပါဝင်ကစားပေးထားနိုင်ခဲ့သူဖြစ်သည်။

ဗီဒယ်လ်၏ ချီလီကစားဖော်ဖြစ်သည့်အလက်ဆစ်ဆန်းချက်ဇ်မှာမူ နည်းပြအာစင်ဝင်းဂါး၏ နည်းစနစ်အသင်းအောက်တွင် ၂၀၁၆ ခုနှစ်တစ်လျှောက်လုံး အာဆင်နယ်အသင်းအတွက် အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် မြောက်လန်ဒန်ကလပ်အတွက် အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်လာခဲ့သည်။ ဆန်းချက်ဇ်သည် အာဆင်နယ်အသင်းနှင့်အတူ ၁၇ ပွဲတွင် ၁၂ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်ရာသီတွင် ဂိုးဖန်တီးပေးနိုင်မှု (၄၇) ကြိမ်အထိရှိခဲ့သော်လည်း ချီလီနိုင်ငံ၏ ၂၀၁၆ ခုနှစ် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုနှင့် လွဲခဲ့ရသူဖြစ်သည်။ ဗီဒယ်လ်မှာမူ ချီလီကစားဖော် ဆန်းချက်ဇ်ကို ကျော်ဖြတ်ကာ အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ငွေကြယ် ရေးသားသည်

# ပြည့်တန်ဆာလုပ်ငန်းတွင် ရောင်းစားခဲ့သူများကို ထောင်ဒဏ်တစ်သက်နှင့် ထောင်ဒဏ်(၁၂)နှစ်စီချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရှင်ရပ်ကွက်နေ အမျိုးသမီးနှစ်ဦးအား ကျပန်းအလုပ် လုပ်ကိုင်သည်မှာ မကောင်းကြောင်း၊ စားသောက်ဆိုင် စားပွဲထိုးအလုပ်လုပ်ပါက လုပ်ခပိုရမည်ဟု ပြောဆိုစည်းရုံးခေါ်ဆောင်၍ ပြည့်တန်ဆာလုပ်ငန်းတွင် ရောင်းစားခဲ့သူများဖြစ်သည့် ပြည်မြို့ ရွာဘဲရပ်ကွက်နေ မြင့်ကြိုင်၊ ခိုင်ဘွားအောင်(ခ)ခိုင်ဘွား၊ ချောက်မြို့ မြေနီကုန်းရပ် အမှတ်(၁၅)ရပ်ကွက်နေ မမြတ်နိုး(ခ) ဇင်မာဦး၊ သိန်းစိုး(ခ)ပြားကြီး(မြတ်နိုး၏ခင်ပွန်း)၊ ချောက်မြို့ ပတ္တမြားရပ်ကွက်နေ အောင်မောင်းစိန်၊ ဒေါ်ကြူကြူဝင်း(ဦးအောင်မောင်းစိန်၏ဇနီး)တို့ ရှစ်ဦးအား ပြည်ခရိုင်တရားရုံးက ဒီဇင်ဘာ ၅ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄/၃၁ အရ တရားခံ မြင့်ကြိုင်အား ထောင်ဒဏ်တစ်သက်၊ တရားခံ ခိုင်ဘွားအောင်(ခ)ခိုင်ဘွား၊ မဇင်မာဦး(ခ) မြတ်နိုး၊ သိန်းစိုး(ခ)ပြားကြီး၊ မကြူကြူဝင်း၊ ဦးအောင်မောင်းစိန်တို့ ငါးဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ-၂၄ အရ ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန်နှင့် သက်ဦးမောင်နှင့် မသူဇာတို့အား ကျင့်-၈၇/၈၈ ဖြင့် အတည်ပြုအမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဆံတော်ရှင်ရပ်ကွက်နေ ဒေါ်မိုးမိုးက သမီးဖြစ်သူ မ-----(၁၅)နှစ်နှင့် မ----(၁၅)နှစ်တို့ နှစ်ဦးတို့အား ဟင်းဝယ်ခိုင်းရာမှ ပြန်မလာဘဲ ပျောက်ဆုံးခဲ့ရာ မိခင်များက ပြည်မြို့မရဲစခန်းသို့ လူပျောက်တိုင်တန်းခဲ့ပြီး စုံစမ်းဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၃ ရက် ည ၈ နာရီတွင် ပျောက်ဆုံးနေသူ မ----မှာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာသဖြင့် အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပဲခူး)မှ တပ်ဖွဲ့ဝင်များက တွေ့ဆုံမေးမြန်းခဲ့သည်။

မေးမြန်းချက်များအရ မြင့်ကြိုင်နှင့် ခိုင်ဘွားအောင်(ခ) ခိုင်ဘွားတို့က မ----တို့နှစ်ဦးအား ကျပန်းအလုပ်လုပ်သည်မှာ မကောင်းကြောင်း၊ ချောက်မြို့ရှိ အဒေါ်ဖြစ်သူ၏ စားသောက်ဆိုင်တွင် စားပွဲထိုးအလုပ်လုပ်ပါက လခပိုရမည်ဟုစည်းရုံးခေါ်ဆောင်သဖြင့် မြင့်ကြိုင်နေအိမ်သို့ လိုက်ပါလာပြီး မှန်လုံကားဖြင့် ချောက်မြို့သို့ထွက်ခွာခဲ့ကြောင်း၊ ချောက်မြို့လမ်းဆုံ၌ မြတ်နိုးဆိုသူက စောင့်ကြိုပြီး ၎င်းနေအိမ်သို့ ခေါ်သွားကြောင်း၊ နောက်တစ်နေ့တွင် မြတ်နိုးတို့ လင်မယားက အလှပြင်ဆိုင်ခေါ်သွားပြီး အလှပြင်ခိုင်းကြောင်း၊ ၎င်းတို့စေခိုင်းချက်အရ ကြောက်ရွံ့သဖြင့် ပြည့်တန်ဆာလုပ်ငန်းကို မလုပ်ချင်ဘဲလုပ်ခဲ့ရကြောင်း၊ ထမင်းချက်လင်မယား အမည်မသိ ထိန်းကွပ်မှုအောက်၌ ပြည့်တန်ဆာအလုပ်လုပ်ခဲ့ရကြောင်း၊ မ----တို့နှစ်ဦးအား မြင့်ကြိုင်နှင့် ခိုင်ဘွားအောင်(ခ)ခိုင်ဘွားတို့က တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် ရောင်းစားခဲ့သည်ဟု ထမင်းချက်အမျိုးသမီး၏ပြောပြချက်အရ သိရှိခဲ့ရကြောင်း၊ မ--- မှာ ဆိတ်ခြံရှိ လင်မယားက နေအိမ်သို့ ခေတ္တပြန်ခိုင်းရာမှ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်ကို တွေ့ဆုံမေးမြန်းသိရသည်။

သို့ပါ၍ စားသောက်ဆိုင်တွင် အလုပ်လုပ်ရမည်ဟု လိမ်လည်ခေါ်ဆောင်၍ ပြည့်တန်ဆာလုပ်ငန်းတွင် ရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိသဖြင့် ပြည်မြို့မရဲစခန်းက (ပ)၉၈၆/၁၅၊ လူကုန်တား ပုဒ်မ-၂၄ ဖြင့် အရေးယူအမှုဖွင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# လှိုင်သာယာမှ နာမည်ကြီးလောင်းကစားဝိုင်း ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

လောင်းကစားမှုများသော လှိုင်သာယာမြို့နယ်တွင် ရဲတပ်ဖွဲ့က ရှောင်တခင်ဝင်ရောက်ဖမ်းဆီးခဲ့ရာ နာမည်ကြီးလောင်းကစားဝိုင်းတစ်ခုမှ ရှစ်ဦးကို လောင်းကစားပြုလုပ်နေစဉ် ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီက မှတ်(၁၂)ရပ်ကွက် ရွှေဝါထွန်း(၇)လမ်းရှိ နေအိမ်ပေါ်တွင် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

အမှတ်(၁၂)ရပ်ကွက် ရွှေဝါထွန်း(၇)လမ်း (မ/၃၇၇)ရှိ မမိုးမိုး(ခ)ခင်မို့မို့ဇော်(၃၀)နှစ်၏ နေအိမ်အပေါ်ထပ်တွင် ဖဲလောင်းကစားပြုလုပ်နေသော မမိုးမိုး(ခ)ခင်မို့မို့ဇော်(၃၀)နှစ်၊ ဝင်းဝင်းသော်(၃၆)နှစ်၊ မီးခွက်စျေးအောက်ထိပ် (၇)ရပ်ကွက်နေ ဇာနည်(၂၁)နှစ်၊ ဝင်းစိုးထွန်းအေး(၃၀)နှစ်၊ ရဲမင်းဦး(၃၃)နှစ်၊ ခင်မျိုးထိုက်(၃၆)နှစ်၊ ဝင်းမာထွန်း(၁၉)နှစ်၊ မေမီကျော်(၂၄)နှစ်တို့ ရှစ်ဦးအား လောင်းကြေးငွေကျပ် ၇၀၃၂၅၀ နှင့်အတူ ဖဲထုပ်နှင့် အခြားသက်သေခံပစ္စည်းများကို သောင်ကြီးရဲစခန်းမှ ဒုရဲအုပ်ဇော်ဇော်ဦး ခေါင်းဆောင်သောအဖွဲ့က ရပ်မိရပ်ဖများနှင့်အတူ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

"အမှုဖွင့်အရေးယူဆောင်ရွက်ထားပါတယ်။ ရာဇဝတ်မှုတွေက လောင်းကစားမှုနဲ့ ဆက်နွယ်နေတဲ့အတွက် လောင်းကစားမှုပပျောက်ကင်းစင်အောင် ဆောင်ရွက်နေပါတယ်။ ပြည်သူကလည်း သတင်းပေးဖို့ လိုတယ်။ ဖမ်းဆီးရမှာက ကျွန်တော်တို့ တာဝန်ပါ။ ပြည်သူပါဝင်ကူညီမယ်ဆိုရင် လောင်းကစားမှုတွေ ကင်းစင်သွားမှာပါ"ဟု သောင်ကြီးရဲခန်းမှ စခန်းမှူး ချစ်ကိုကိုက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် လောင်းကစားဝိုင်းများရှိနေသည့်အတွက် သတင်းပေးချက်အရ ရဲတပ်ဖွဲ့က ဖမ်းဆီးဆောင်ရွက်လျက်ရှိပြီး ဖမ်း၍မမိသော လောင်းကစားဝိုင်းများကို စောင့်ကြည့်လျက်ရှိကြောင်း၊ ယခုလောင်းကစားဝိုင်းတွင် ဖမ်းဆီးမိသော မီးခွက်စျေးအောက်ထိပ်ရှိ ကျူးကျော်တဲတွင် နေထိုင်သည့် ဝင်းဝင်းသော်(၃၆)နှစ်မှာ မြို့နယ်သတင်းထောက်တစ်ဦးက မီးခွက်စျေးအောက်ထိပ်ကားလမ်းဘေးတွင် လောင်းကစားဝိုင်းပြုလုပ်နေသောပုံကို ဓာတ်ပုံရိုက်ခဲ့သည့်အတွက် ထိုသတင်းထောက်အားဆဲဆိုရိုက်နှက်ခဲ့ပြီး ကင်မရာကိုလည်း ဖျက်ဆီးခဲ့သောကြောင့် လှိုင်သာယာတရားရုံးတွင် အမှုရင်ဆိုင်နေရသူဖြစ်ကြောင်း သိရသည်။ **အောင်သန်းဦး(လှိုင်သာယာ)**

# ရန်ကုန်-မန္တလေးကားလမ်းဟောင်းတွင် ယာဉ်များဆင့်ကဲတိုက်မိမှုဖြစ်ပွား၊ တစ်ဦးသေဆုံး

**ကျောက်တံခါး ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းအပိုင် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၂၈/၅) နှင့် (၁၂၈/၆)အကြား၌ ဒီဇင်ဘာ ၂၀ ရက် ညနေ ၅ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ ကျော်ထွေး(၄၁)နှစ် ခြံကြီးမြိုင်ရပ်ကွက် ဖြူးမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၉၅/--- ဖောအပြာရောင် ခြောက်ဘီးယာဉ်သည်ရှေ့၌ ရပ်ထားသော လေ့ဂျာ ၁၁၀ အနက်ရောင် ဆိုင်ကယ်ပေါ်တွင် မြင့်အောင်(၃၀)နှစ် သံမဏိရပ်ကွက် တောကျွဲအင်းမြို့နေသူနှင့် ၎င်း၏ရှေ့မှ ယာဉ်မောင်း စောစတီဗင်(၄၃)နှစ် (၉)ရပ်ကွက် တောင်ငူမြို့နေသူ၏ ယာဉ်အမှတ် 7H/--- နံ့သာရောင် HINO ခြောက်ဘီးခရီးသည်တင်ယာဉ်တို့ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှ ဝင်တိုက်မိရာ မြင့်အောင်မှာ ဝဲနား၊ နှာခေါင်းတို့တွင် သွေးထွက်ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးခဲ့ပြီး HINO ခြောက်ဘီးခရီးသည်တင်ယာဉ်မှာလည်း နောက်ဝဲဘက်ခြမ်း ပိန်ချိုင့်ပျက်စီး၍ ဆိုင်ကယ်မှာလည်း ကြေမွပျက်စီးခဲ့သည်။



ဖြစ်စဉ်နှင့် ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် တောကျွဲအင်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်သောင်းထွေးက စစ်ဆေးဆောင်ရွက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်း ကျော်ထွေးအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

### တစ်ဦးတည်းဖြစ်ကြောင်း

ဘားအံတက္ကသိုလ် စတုတ္ထနှစ် သမိုင်းအထူးပြုမှ စောကျော်အဲဟိ [၃/ဘအန(နိုင်)၂၉၉၀၁၇]၏ ဖခင် ဦးဝင်းကြည်နှင့် ဦးဝင်းကြည်(ခ) ဦးကျော်မိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# ကြေညာချက်

"မြန်မာ့ဒီမိုကရေစီ ရုပ်ရှင်ရက်သတ္တပတ်"ကို ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ ၁၅ရက်၌ ကျရောက်သော ကမ္ဘာ့ဒီမိုကရေစီနေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ အောက်ဖော်ပြပါ ဒီမိုကရေစီအနှစ်သာရ ဖော်ဆောင်နိုင်သော အနုပညာရသမြောက်သည့် ရုပ်ရှင်ဇာတ်ကားများကို ပြန်ကြားရေးဝန်ကြီးဌာနမှ စီစဉ်ရိုက်ကူးထုတ်လုပ်နိုင်ရန်အတွက် ရုပ်ရှင်လောကသားများမှ စိတ်ပါဝင်စားသူ မည်သူမဆို ရုပ်ရှင်ဇာတ်လမ်းများအား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ၄-၁-၂၀၁၇ရက် (လွတ်လပ်ရေးနေ့)တွင် နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

ရုပ်ရှင်ရိုက်ကူးရန် ရွေးချယ်ခြင်းခံရသော ဇာတ်လမ်းများအတွက် ဥာဏ်ပူဇော်ခကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပါသည်။

မှတ်ချက်။ ။ အနည်းဆုံးလျှောက်လွှာစာရွက် (၅)မျက်နှာမှ (၁၀) ထက်မပိုဘဲ ရေးသားပေးပို့ပါရန်နှင့် စာရေးသူ၏ မူပိုင်ဖြစ်ကြောင်း ခံဝန်ကတိပါရှိရပါမည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

**Why democracy?**

1. Avoiding Tyranny
2. Essential Rights
3. General freedom
4. Self determination
5. Moral autonomy
6. Human development
7. Protecting essential personal interests
8. Political equality

In addition, modern democracies produce:

9. Peace-seeking
10. Prosperity

ASIA KING 0943114301, 0942005117, 0942022125
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ၊ ကျောက်စိမ်းစေတီ
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ့်စမ်း၊ ကက္ကူ၊ မိန်းမရဲတောင်၊ ရေပြာအိုင်
+ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ မျှော်ရစ်၊ ကျိုက္ခမီ၊ စက်ခဲ
ဝင်းစိန်တောရ (၅)ရက်။ ဆက်၍- ထီးခီး၊ ကန်ချနာပူရီ (၇)ရက်။
+ ပုဂံ(စွယ်တော်လေးဆူ)၊ ပုဂံဘုရားစုံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ။
+ ဘားအံ၊ မြဝတီ၊ မဲဆောက်၊ ပဝေါ။ + ဘားအံဂူ(၅)ဂူ၊ ချစ်သုမြိုင်၊ ကျိုက်ထော်ရေတံခွန်
Dec 16, 23, 24, 29 ထွက်မည်။ ကြိုတင်လက်မှတ်ရောင်းပြီ
Hotel/ Guest House
Air-Con Bus Breakfast, Lunch, Dinner (၁၀)ဦးဝယ် (၁)ဦး Discount
Group Tour/ Package Tour

EAZY DRIVE
ရန်ကုန်မြို့ထဲ ကားကျပ်လမ်းများပေါ်တွင် ကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနိုင်အောင် အမြန်ရက်တို အတတ်သင်ပေးသည်။
ဖုန်း-၀၉-၂၆၄၈၀၇၆၉၉

ယာဉ်မောင်းအလိုရှိသည်
10', 14' ကားကျွမ်းကျင်စွာ မောင်းနိုင်ရမည်။
Ph : 01 570307, 09 265331110

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဏ-၄၀)၊ မြေကွက်တည်နေရာ ၁၁၀၄/က၊ အောင်မေတ္တာလမ်း၊ ၁၄ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးမျိုးဆွေအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမျိုးဆွေထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မေမျိုးဆွေ(ခ)ဒေါ်မျိုးကေသီ (၁၂/လသန(နိုင်)၀၀၆၃၃၀) မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် (၆၀) မြေငှားစာချုပ်ရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၃၁၊ မြေကွက်တည်နေရာအမှတ်(၃၁)၊ မော်လမြိုင်လမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဗိုလ်ကြီးသိန်းဇော်)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမြင့်လွင်[၁၂/ထတပ(နိုင်)၀၁၉၅၂၀]မှ တင်ပြပါမစ်တွင် မိသားစုဓာတ်ပုံ၊ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုနေထိုင်သူများစာရင်း၊ မူရင်းတင်ပြ၍ အိမ်ရာဆောက်လုပ် နေထိုင်ခွင့်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### (၃၄)ကြိမ်မြောက် ၅မြို့နယ် စာပြန်ပွဲကြီး ကျင်းပမည်

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း (၁)ရက်မှစ၍ (၆)ရက်တိုင်တိုင် ၂၉-၁၂-၂၀၁၆ရက်မှ ၃-၁-၂၀၁၇ရက်အထိ ရေးဖြေနှင့် အာဂုံပြန်စာမေးပွဲ စာပြန်ပွဲကြီးကို သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံ သီလရှင်စာသင်တိုက်တွင် ကျင်းပမည်။ သာသနာ့ဒါယကာ၊ ဒါယိကာမများ ၂၉-၁၂-၂၀၁၆ရက် နံနက် ၈နာရီ စာပြန်ပွဲကြီး အခမ်းအနား ဖွင့်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**သီလရှင်များနှင့် သာသန ဟိတကာရီ အမျိုးသမီးအဖွဲ့၊**
**ကျိုက္ကစံသီလရှင် စာသင်တိုက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၅၇၀၃၈၄၊ ၀၉-၂၅၀၂၇၁၈၅၉**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Sun Moon House Co., Ltd. ၏ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော သွင်းကုန်လိုင်စင်ပါမစ် No-ILV-15-16-5807 29-12-2015 ရက်နေ့တွင် လုပ်ငန်းလုပ်ကိုင်စဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၇၉၅၄၄၂၂၉၁

အမြဲတော တေးဂီတ
မြန်မာ့ဂီတရေသစစ်စစ်ကို MRTV, MWD, FM များမှအဆိုကောင်း အသံကောင်းအဆိုတော်တွေနဲ့ အကောင်းဆုံးစည်းခံလိုကြတယ်ဆိုရင်တော့ စာရေးဆရာမြန်မာသံ ခံစားမှုအဆိုတော် ဟိန်းဇေစိုးစဉ်တဲ့ အမြဲတောဂီတအဖွဲ့ကိုသတိရလိုက်ပါ။
09-421006260
09- 773365369

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၇၊ မြေကွက်အမှတ်-၆ဒီ/၂၊ မြေကွက်တည်နေရာအမှတ်-၆၁၇/က၊ ပြည်လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ [မြေပိုင်မြေ(မစိုက်ပျိုးမြေ)]အမည်ပေါက် ဦးဘိုးသုန်မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်း စာချုပ်-၆၀၈/၁၉၈၃(၁၇-၇-၁၉၈၃)၊ စွန့်လွှတ်စာတမ်း စာချုပ်-၆၀၉/၁၉၈၃(၁၇-၇-၁၉၈၃)ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၈၆/၂၀၁၂(၄-၈-၂၀၁၆) စီရင်ချက်နှင့် ဒီကရီအရ ဧရိယာ(၀. ၃၇၈)ဧက၏ တရားဝင်မခွဲစိတ်ရသေးသည့် အစိတ်အပိုင်းဖြစ်သည့် မြေကွက်(၂)ကွက်အနက် အရှေ့ဘက်ခြမ်းမြေကွက်၊ မြေပေါ်ရှိ အမှတ်-၆၁၇(က) အဆောက်အအုံ၏ ထက်ဝက်နှင့် အကျိုးခံစားခွင့်များကို ခွဲဝေခံစားစေရန် အမိန့်ရရှိသူ ဦးအေးချမ်း[၁၂/ကမရ(နိုင်)၀၃၅၄၁၈]မှ စာချုပ်အဆက်အစပ်များနှင့် တရားရုံးအမိန့်တို့ကို တင်ပြ၍ တစ်ဖက်သတ်မြေခွဲစိတ်ရန်မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



# ကဒူးတိုင်းရင်းသားတို့၏ရိုးရာဓလေ့ထုံးစံနှင့် သမိုင်းဝင်နေရာများအား MRTV ရုပ်သံလိုင်းမှ မှတ်တမ်းတင်ရိုက်ကူး

**အင်းတော် ဒီဇင်ဘာ ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် နေထိုင်ကြသော ကဒူးတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံနှင့် သမိုင်းဝင်နေရာများအား MRTV ရုပ်သံလိုင်းမှ People Talk အစီအစဉ်အနေဖြင့် ထုတ်လွှင့်နိုင်ရေးအတွက် ဒီဇင်ဘာ ၁၆ ရက်မှစ၍ အင်းတော်မြို့နယ်အတွင်း မှတ်တမ်းတင်ရိုက်ကူး လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရုပ်သံအစီအစဉ်ရိုက်ကူးမှုကို ဒီဇင်ဘာ ၁၆ ရက်က အင်းတော်မြို့နယ်အတွင်းရှိ မော်တိတ်ကျေးရွာ နေမျိုးသုဝဏ္ဏ တန်ဆောင်ဘွဲ့ခံ ရွှေဝန်ဦးကွတ္တို (ကဒူးအမျိုးသား) ဆင်ချည် တိုင်တွင်လည်းကောင်း၊ မြန်မာနိုင်ငံ၏ တတိယအကြီးဆုံးဖြစ် သော အင်းတော်လေးအင်းတွင်လည်းကောင်း၊ ကဒူးတိုင်းရင်း သားတို့၏ ရိုးရာပြောအကကို တုံစီကျေးရွာတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၇ ရက်တွင် ဆိပ်သာကျေးရွာ၊ မံဖာကျေးရွာ၊ တံခွန်တိုင် ကျေးရွာ၊ မန်လည်ကျေးရွာသို့လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် တုံစီကျေးရွာနှင့် အောင်းကုန်းကျေးရွာတွင်လည်းကောင်း အထင်ကရသမိုင်းဝင်နေရာများကို မှတ်တမ်းတင်ရိုက်ကူး ကြောင်း သိရသည်။

"ကျွန်တော်တို့ ကဒူးတိုင်းရင်းသားတို့ရဲ့ ရိုးရာဓလေ့ထုံးစံနဲ့ သမိုင်းဝင်နေရာများကို MRTV ရုပ်သံလိုင်းမှ မှတ်တမ်းတင် လာရောက်ရိုက်ကူးပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ ကျွန်တော်တို့ ကဒူး တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ ဘယ်လိုရှိတယ်။ နေထိုင်စား သောက်မှု ပုံစံတွေ၊ ရိုးရာဝတ်စုံတွေ၊ သမိုင်းအမွေအနှစ်တွေ၊ သမိုင်းဝင်နေရာတွေ၊ ကဒူးတိုင်းရင်းသားတွေ ဘယ်နေရာ မှာနေထိုင်ပြီး ရှိနေသေးတယ်ဆိုတာတွေကို မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသာမက အခြားနိုင်ငံတွေကပါ သိရှိသွားတာပေါ့" ဟု ကဒူးတိုင်းရင်းသားတစ်ဦးက ပြောပြသည်။

MRTV ရုပ်သံလိုင်းမှ ကဒူးတိုင်းရင်းသားများ နေထိုင်လျက် ရှိသော အင်းတော်မြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ပင်လည်ဘူး မြို့နယ်တို့သို့ ဒီဇင်ဘာ ၁၆ ရက်မှ စတင်ရိုက်ကူးပြီး ဗန်းမောက် မြို့နယ် စက်တောဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၂၆ ရက် မှ ၂၇ ရက်ထိ ပြုလုပ်မည့် ကဒူးအမျိုးသား ညီလာခံအောင်မြင် စွာကျင်းပပြီးစီးသည်အထိ မှတ်တမ်းတင်ရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင် (မြို့နယ် ပြန်/ဆက်)**

## နယ်လှည့်ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**မင်းဘူး ဒီဇင်ဘာ ၂၁**
ကျေးလက်နေပြည်သူများ အသိပညာမြင့်မားရေး၊ စားသုံးသူတို့၏ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေး အကြောင်း သိကောင်းစရာနှင့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို မင်းဘူးမြို့နယ် အတွင်းရှိ ဌာနဆိုင်ရာများပူးပေါင်းကာ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက မင်းဘူးမြို့နယ် ရေတွင်းကုန်း ကျေးရွာနှင့် ပေါက်ပင်တွင်းကျေးရွာ ဓမ္မာရုံတို့၌ ပြု လုပ်ခဲ့သည်။

ရှေ့ဦးစွာ မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်တည်ထောင်နိုင်ရေး အတွက် စာဖတ်ခြင်းမှရရှိနိုင်သော အကျိုးကျေးဇူးများ ကို ဟောပြောခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးခင်မောင်ညွန့်က စားသုံးသူတို့သည် မိမိတို့ ၏ အခွင့်အရေးများကို သိရှိနားလည်၍ တောင်းဆိုရ ယူနိုင်ရန်နှင့် ကုန်စည်(သို့)ဝန်ဆောင်မှုကို သုံးစွဲရာ တွင် လိမ်လည်လှည့်ဖြားမှုတို့ မခံရစေရန် စားသုံးသူ ၏အခွင့်အရေးများ၊ တာဝန်များ၊ ဆိုးဆေးအန္တရာယ် များအကြောင်းကို ဟောပြောဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းဆေးကုဌာနမှ ဒေါ်ခိုင်မေရီ သက်ထွန်းနှင့် ဝန်ထမ်းများက ဆွေးနွေးပွဲသို့ တက် ရောက်လာကြသော ပြည်သူများအား တိုင်းရင်းဆေး ပညာဖြင့် ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးကုသပေး ခြင်းများဆောင်ရွက်ပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကျေးရွာမှပြည်သူ ၁၂၅ ဦး ခန့်တက်ရောက်ခဲ့ပြီး ပြည်သူလူထုအတွက် စားသုံး သူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာ လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခြင်းနှင့် နိုင်ငံ တော်အစိုးရ၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံ၊ နံရံကပ်စာစောင်များကို ပြသဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

**မိုးပြည့်**



## လူထုလှုပ်ရှားမှုနှင့် ပညာပေးဟောပြောပွဲများဆောင်ရွက်

**ကောလင်း ဒီဇင်ဘာ ၂၁**
ကောလင်းမြို့ ဈေးရုံဗိုလ်တဲရပ်ကွက်တွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ မူးယစ်ကင်းစင်၍ ကျန်းမာကြံ့ခိုင်သော လူ့အသိုင်းအဝိုင်း ပေါ်ပေါက် လာရေးအတွက် ကောလင်းရိပ်မွန်ကိုဖွင့်လှစ်၍ မူးယစ် ဆေးအစားထိုး မက်သဒုံးဆေးရည် တိုက်ကျွေးသည့် လူနာများအား အခက်အခဲမရှိအောင် ဆောင်ရွက်ပေး နေသဖြင့် မက်သဒုံးဆေးရည်တိုက်ကျွေးသည့်လူနာ များပြားလျက်ရှိကြောင်း သိရသည်။

"ဒီနယ်မှာက အသက် ၁၅ နှစ်ကနေ ၅၅ နှစ်အတွင်း လူငယ်၊ လူရွယ်၊ လူလတ်ပိုင်းတွေအားလုံးရဲ့ လေးပုံ တစ်ပုံ (တချို့သောရွာတွေမှာ တစ်ဝက်လောက်အထိ) မူးယစ်ဆေးဝါးတစ်မျိုးမျိုးကို စမ်းသပ်၊ သုံးစွဲ၊ စွဲလန်း နေတာ တွေ့ရပါတယ်။ ဒီတော့ ရှုရာကနေသောက် မယ်၊ မျိုမယ်၊ အဲ့ဒီကတစ်ဆင့် အကြောထဲကို ထိုး သွင်းမယ်။ အဲ့ဒီလို ထိုးသွင်းတာတွေကြောင့် အဲ့ဒီဒေသ အတွင်းမှာ အိပ်ချ်အိုင်ဗီနဲ့ အသည်းရောင်ဘီပိုး၊ စီပိုး ကူးစက်ပြန့်ပွားမှုတွေ တိုးပွားလာတာဖြစ်ပြီး ဒေသ တွင်းပြည်သူလူထုကို ခြိမ်းခြောက်နေတဲ့ ကျန်းမာ ရေးပြဿနာဖြစ်လာပါတယ်။ အဲ့ဒီခြိမ်းခြောက်မှု အန္တရာယ်တွေကို လျှော့ချဖို့အတွက် MANA ရဲ့ အန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်ကိုးခုနဲ့ ဆောင်ရွက် နေကြပါတယ်" ဟု ဧရိယာမန်နေဂျာ ဒေါက်တာသိန်း ဇော်ကပြောသည်။

မက်သဒုံးအစားထိုးကုသမှုခံယူနေသူတစ်ဦးက "ကျွန် တော် လေ့လာမိသလောက်ပြောရရင် မက်သဒုံးဆေးဆို တာ ဓာတုမူးယစ်ဆေးတစ်မျိုးပါ။ လူတွေကျန်းမာရေး မထိခိုက်အောင် ဖော်စပ်ထားတာပါ၊ မက်သဒုံးဆေးရည် ဟာ တစ်ခါသောက်ထားရင် ၃၆ နာရီခံပါတယ်။ အဲ့လို သောက်ထားတဲ့အချိန်မှာ မူးယစ်ဝေဒနာလည်းမခံစားရ ဘူး။ တစ်နေ့မှတစ်ကြိမ်သောက်ရုံပါပဲ။ မူးယစ်ဆေးစွဲ သူတချို့က ရဲကဖမ်းမှာပဲဆိုပြီး တစ်မျိုးထင်နေကြတာ၊ ရဲကလည်းမဖမ်းပါဘူး။ တကယ်တော့ လူမှုအသိုင်း အဝိုင်းထဲ ပြန်ဝင်ရောက်နိုင်အောင် စီစဉ်ပေးနေကြတာ ပါ။ အခုလို မူးယစ်ဆေးစွဲနေသူတွေကို သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ အုပ်ထိန်းသူ မိဘဆွေမျိုး ညီအစ်ကိုမောင်နှမတွေအနေနဲ့ မက်သဒုံး ဆေးလာသောက်နိုင်အောင် ဝိုင်းဝန်းကူညီပြီးစည်းရုံး ပေးကြဖို့ တိုက်တွန်းစေချင်ပါတယ်" ဟု ပြောသည်။

ကောလင်းမြို့ရှိ ကောလင်းရိပ်မွန်သည် ၂၀၁၄ ခုနှစ် တွင် မက်သဒုံးဆေးရည်တိုက်ကျွေးသည့် လူနာပေါင်း ၂၀ ကျော်ခန့်ရှိရာ ကောလင်းဝန်းသိုနယ်တွင် ဧရိယာ မန်နေဂျာ၏ ၂၀၁၆ ခုနှစ်အတွင်း လေ့လာဆန်းစစ် ချက်များအရ ဘိန်းဖြူနံပါတ်ဖိုးထိုးသူအားလုံး၏ ထက် ဝက်ကျော်ကျော်၌ အိပ်ချ်အိုင်ဗီပိုးရှိနေသည်ကိုသိရှိရ သဖြင့် MANA ၏ အန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များ ဖြစ်သော လက်ကမ်းစာစောင်များ၊ ပိုစတာများဖြန့်ဝေ သည့် အသိပညာပေးဟောပြောပွဲများ ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ဇနီးမယား သားသမီးများ၊ အပေါင်းအသင်းများအား နှစ်သိမ့် ဆွေးနွေး၊ ပညာပေးခြင်း၊ အိပ်ချ်အိုင်ဗီနှင့် အသည်းရောင် ဘီပိုး၊ စီပိုးရှိ-မရှိ သွေးစစ်ပေးခြင်းများ ဆောင်ရွက် ပေးနေသဖြင့် ယခု လက်ရှိတွင် လူနာ ၁၀၀ ကျော်ခန့်ရှိနေ ကြောင်း သိရသည်။

**စိုင်းလှမင်း (မီဒီယာ)**

## ဝေးလံခက်ခဲသောဒေသသို့ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းပြုလုပ်

**မောက်မယ် ဒီဇင်ဘာ ၂၁**
လင်းခေးခရိုင် မောက်မယ်မြို့နယ် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင် ဦးဆောင် ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း စီမံချက် အောင်မြင်နိုင်ရေးအတွက် လမ်းပန်း ဆက်သွယ်ရေး ဝေးလံခက်ခဲသည့် ဒေသများဖြစ်သော ကဒူးကြီးကျေးရွာ အုပ်စုရှိ ကျေးရွာများသို့ ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် လူဝင်မှု ကြီးကြပ်ရေးဦးစီးဌာန မောက်မယ် မြို့နယ် ဦးစီးဌာနမှူးရုံးမှဦးစီးအရာရှိ ဦးအောင်တင်ရွှေနှင့်ဝန်ထမ်းများက အိမ်ထောင်စုဇယားများ အခမဲ့ ထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၂၃၀ ကျော် ကွင်းဆင်း ပြုလုပ်ပေးခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အ-မ-က ကျောင်းများသို့ သုတရသစာအုပ် ၂၀၀ ကျော် လှူဒါန်းခြင်း၊ ဗန်းမတ် ဘုန်းတော်ကြီးကျောင်းတွင် ဒေသဖွံ့ဖြိုး ရေး ဟောပြောပွဲများပြုလုပ်ခြင်း၊ ကျေး လက်နေပြည်သူများ၏ လမ်းပန်းဆက် သွယ်ရေး၊ လူမှုဘဝတိုးတက်မြင့်မားစေ ရေး၊ ငွေကြေးဆိုင်ရာ အထောက်အပံ့ များရရှိစေရေး၊ သောက်သုံးရေရရှိရေး၊ မီးရရှိရေး ကိစ္စရပ်များအတွက် ကွင်း ဆင်းဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဒေသခံ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ NGO လူမှုရေးအသင်း အဖွဲ့အစည်း များ၊ ဒေသခံကျန်းမာရေး စေတနာ့ ဝန်ထမ်းများနှင့် သင်တန်းတက်ပြီး အရန်သားဖွားများ၊ မြို့နယ်ဖွံ့ဖြိုးတိုး တက်ရေးအထောက်အကူပြုကော်မတီ များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာလူ ကြီးများက ကူညီဆောင်ရွက်ကြပြီး ကဒူးကြီးကျေးရွာအုပ်စုရှိ ကျေးရွာ ပေါင်း ၁၀ ရွာကျော်ခန့်ကို ဖွံ့ဖြိုးရေးလုပ် ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ရေးမြို့နယ် ဘုရားတောင်ပင်လယ်ဝကမ်းခြေသို့ ခရီးသွားများပြား၍ပင်လယ်စာရောင်းချသူများအဆင်ပြေ

**ရေး ဒီဇင်ဘာ ၂၁**
မွန်ပြည်နယ် ရေးမြို့နယ်တွင်ဘုရားတောင် ပင်လယ်ကမ်းခြေဖြစ်သော အနောက်ပင်လယ်ကမ်းခြေသို့ လာရောက်သူများမှာ ယခုနှစ်ပွင့်လင်းရာသီချိန်မှစတင်ကာ ခရီးသွားများ ပိုမိုလာရောက်အပန်းဖြေ အနားယူသူများပြားလာသည်နှင့်အမျှ ပင်လယ်စာရောင်းချလုပ်ကိုင်နေသူများမှာ လုပ်ငန်းတွင်ကျယ်စွာလုပ်ကိုင်နေကြပြီး အဆင်ပြေနေလျက်ရှိကြောင်း သိရသည်။

"အဓိကကတော့ပြည်ပက အနောက်ဥရောပနိုင်ငံသားနဲ့ ဂျပန်၊ ထိုင်းနိုင်ငံသားတွေလည်း လာကြတယ်။ ပြည်တွင်းက မွန်ပြည်နယ်၊ ရန်ကုန်၊ မန္တလေးကလည်း လာကြပါတယ်။ လပြည့်၊ လကွယ်၊ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်တွေမှာ ပိုမိုလာရောက်အပန်းဖြေအနားယူနေကြတယ်။ ညနေဆည်းဆာအလှအပခံစားရင်း ပင်လယ်စာများကို မိသားစုအလိုက်၊ အဖွဲ့အစည်းလိုက်ပါ လာရောက်သုံးဆောင်ပါတယ်" ဟု မြလက်ယာပင်လယ်စာဆိုင်မှ မန်နေဂျာဦးလွင်မိုးနိုင်က ပြောသည်။

"မွေးနေ့ပွဲနဲ့ အခြားအလှူတန်းပါ ကျွေးမွေးတဲ့လူတွေလည်းရှိတယ်။ လာမည့်Happy new year ကိုကြိုဆိုသူများမှာလာရောက်အပန်းဖြေဖို့အတွက် ကြိုတင်ပြင်ဆင်မှာယူထားသူတွေရှိပါတယ်။ ပင်လယ်စာ ပုစွန်ကုန်ကြမ်းကိုမူ ထားဝယ်မြို့မှ အဓိကဝယ်ယူရောင်းချရတယ်။ အခြားကုန်ကြမ်းကတော့ ပေါပါတယ်။ ခရီးသွားများပြားလာတဲ့အခါ ပင်လယ်စာရောင်းချလုပ်ကိုင်သူများမှာ လုပ်ငန်းအဆင်ပြေပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

ရေးမြို့နယ်အတွင်း လဝက၏ ၂၀၁၅ ခုနှစ်မှတ်တမ်းများအရ ပြည်ပခရီးသွားဝင်ရောက်မှု ၆၀၀ ကျော်မှာ အမေရိကန်၊ ဩစတြေးလျ၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့မှ အလာများပြားပြီး ဘုရားတောင် ပင်လယ်ဝကမ်းခြေ၊ ကဗျာဝပင်လယ်ကမ်းခြေ၊ ကော့ဒွတ်ပင်လယ်ဝ၊ ကမ်းခြေသမိုင်းဝင်ဘုရားတွေမှာ လာရောက်လည်ပတ်ကြပြီး ယခုနှစ်အတွင်းမှာလည်း ပြည်ပက လာရောက်သူများမှာ ၇၀၀ ကျော်ရှိနေကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**





## မှိုဆိပ်ပါငရုတ်သီးမှုန့်များအား မြေမြှုပ်ဖျက်ဆီး

**မင်္ဂလာတောင်ညွန့် ဒီဇင်ဘာ ၂၁**
စည်ပင်သာယာစျေးများဌာန ဌာနစုမှူး ဒေါ်နှင်းနှင်းကြည်၊ စျေးတာဝန်ခံအရာရှိ စျေးများဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ကျန်းမာရေးအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရဲတပ်ဖွဲ့နှင့် စျေးသူ၊ စျေးသားများပူးပေါင်း၍ မှိုဆိပ်ပါသည့် ငရုတ်သီးမှုန့်များအား ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စံပြစျေးအနောက်ဘက်၌ မြေမြှုပ်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## မှိုဆိပ် (Aflatoxin B1) ပါဝင်သည့်ငရုပ်သီးမှုန့်များအား စျေးကွက်တွင်းမှ ပြန်လည်ရုပ်သိမ်း

**အလုံ ဒီဇင်ဘာ ၂၁**
အလုံမြို့နယ်အတွင်းရှိ စျေးများတွင် မှိုဆိပ် (Aflatoxin B1) ပါဝင်သည့် ငရုတ်သီးမှုန့်များအား စျေးကွက်တွင်းမှ ပြန်လည်ရုပ်သိမ်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အလုံမြို့နယ် ဆင်မင်းစျေး၌ ပြုလုပ်သည်။

အဆိုပါလုပ်ငန်းအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်နှင်းယုလင်း၊ ဒေါက်တာနန်းထက်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ပြည့်ဖြိုးကျော်၊ အလုံမြို့မရဲစခန်းမှ ဒုရဲအုပ်ညီညီဟိန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့က စျေးများအတွင်း လိုက်လံစစ်ဆေးပြီး မှိုဆိပ်ပါဝင်သော ငရုပ်သီးမှုန့်များအား စျေးကွက်တွင်းမှ ပြန်လည်ရုပ်သိမ်းကာ အသိပညာပေးဟောပြောခဲ့ကြသည်။ **တင်မောင်ဦး (အလုံ)**

## တောင်ညိုဆည်ရေသောက်စနစ်မှ မိုးစပါးဖြည့်စွက်ရေ၊ အောင်ရေနှင့် နွေစပါးစိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ရေးပြုပြင်ဆောင်ရွက်

**ပြည် ဒီဇင်ဘာ ၂၁**
တောင်ညိုရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ JICA ODA ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အထိ စီမံကိန်းကာလကြာမြင့်မည်ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းရာသီတွင် တူးမြောင်းမကြီးအတွင်း အလျားပေ ၅၂၂၅၀ ပြုပြင်ဆောင်ရွက်ပြီးဖြစ်သည်။ ၂၀၁၆-၂၀၁၇ခုနှစ် လုပ်ငန်းရာသီတွင် တူးမြောင်းမကြီးမှ ကျန်ရှိတူးမြောင်းအလျားပေ ၁၉၄၅၀နှင့် တူးမြောင်းမကြီးမှ ခွဲထွက်သော တူးမြောင်းမကြီး လက်တံမြောင်းအမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၇)၊ (၈)၊ (၉)တို့နှင့်အတူ တူးမြောင်းခွဲ (က) ၂၉၁၇ ပေ၊ တူးမြောင်းခွဲ(ခ) ၃၉၉၃၅ ပေနှင့် တူးမြောင်းခွဲ (ခ) လက်တံမြောင်း အမှတ်(၃)တို့အား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ နတ္တလင်းမြို့နယ်နှင့် ဇီးကုန်းမြို့နယ်တို့ရှိ ဆည်ရေသောက်လယ်ယာမြေများအား ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးဖြည့်စွက်ရေ၊ အောင်ရေစတင်ပေးဝေနိုင်ရေး၊ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးဧက ၁၀၀၀၀ ကျော်အား ရေအပြည့်အဝပေးဝေနိုင်ရေးတို့အတွက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး (၂)နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သာယာဝတီခရိုင်တို့မှ သတ်မှတ်လျာထားဧကပြည့်မီအောင် ဆည်ရေပေးဝေနိုင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၄၉၇)**

## ပေါင်မြို့နယ်၌မူခင်းအသိပညာပေးဟောပြော

**ပေါင် ဒီဇင်ဘာ ၂၁**
မွန်ပြည်နယ်၊ ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာတွင် မူခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူကုန်ကူးမှုတာဆီးနှိမ်နင်းရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မုတ္တမနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်အောင်မင်းကြည်က အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက လေ့လာကြပြီးသိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းခဲ့သည်။ **ကိုဟိန်း(ပေါင်)**

## လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ လူငယ်များတွေ့ဆုံဆွေးနွေးပွဲ ဒလမြို့နယ်၌ကျင်းပ

**ဒလ ဒီဇင်ဘာ ၂၁**
လူငယ်များနှင့်အတူ အခြားသက်ဆိုင်သူများအားလုံးပါဝင်ခြင်းဖြင့် မူဝါဒရေးဆွဲရေးလုပ်ငန်းစဉ်ကို လူငယ်များ ကိုယ်တိုင်ဖြစ်စေ၊ လူငယ်များ၏ ကောင်းကျိုးလိုလားသူ မည်သူမဆို ပါဝင်နိုင်စေရန် လူငယ်မူဝါဒရေးဆွဲရေးဆိုင်ရာ လူငယ်များတွေ့ဆုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဒလမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လူငယ်များ တွေ့ဆုံဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်က လူငယ်မူဝါဒရေးဆွဲရေးတွင် လူငယ်မူဝါဒတစ်ရပ်ကို လူငယ်များ၏ ပါဝင်မှုဖြင့် ရေးဆွဲရန်လိုအပ်ကြောင်းနှင့် ယခုလို လူငယ်များတွေ့ဆုံဆွေးနွေးမှုတွင် လူငယ်များ၏ အခန်းကဏ္ဍများ ပါဝင်ဆောင်ရွက်သင့်ကြောင်း၊ လူငယ်များရဲ့အသံကိုထည့်သွင်းစဉ်းစားပေးခြင်း၊ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးစေရေးနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးလူငယ်မူဝါဒရေးဆွဲရေးအဖွဲ့မှ ဒလမြို့နယ်အဖွဲ့ဝင် မသက်သက်ရတနာသိန်းက လူငယ်မူဝါဒ၏ သဘောတရားများအကြောင်း သိကောင်းစရာများအား တက်ရောက်လာကြသော လူငယ်များကို ပြောကြားခဲ့သည်။ ထို့နောက် လူငယ်များကိုယ်တိုင်ပါဝင်၍ မူဝါဒလုပ်ငန်းစဉ်များဖြစ်သော အားကစား၊ နိုင်ငံ့သားကောင်၊ သုတေသန၊ ကျားမတန်းတူညီမျှမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အလုပ်အကိုင်၊ ငြိမ်းချမ်းရေးနှင့် ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးရေး၊ စာပေယဉ်ကျေးမှုနှင့် အနုပညာ၊ ပညာရေး၊ ကျန်းမာရေး၊ မူးယစ်ဆေးဝါး စသည့် ခေါင်းစဉ် ၁၂ ခုဖြင့် ဆွေးနွေးခြင်း၊ အတိုင်ပင်ခံခြင်းနှင့် အကြံဉာဏ်ရယူခြင်းများမှ တစ်ဆင့် မူဝါဒရေးဆွဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်** (IPRD)



## မှတ်ပုံတင်ထားခြင်းမရှိသော ဓာတ်မြေဩဇာဆိုင်များစစ်ဆေး

**ဘားအံ ဒီဇင်ဘာ ၂၁**
ကရင်ပြည်နယ် ဘားအံမြို့နယ်တွင်းရှိ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မြေဩဇာ အရောင်းဆိုင်များတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိသော၊ အရည်အသွေးပြည့်မီခြင်း မရှိသော စိုက်ပျိုးရေးသုံး သွင်းအားစုများရောင်းချခြင်း မရှိစေရန် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲမှ စစ်ဆေးရေးအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက်တွင် လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများကို စနစ်တကျ လုပ်ဆောင်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အဆိုပါ ကုန်သွယ်ရေးဇုန်တွင် ပိုးမွှားထိန်းချုပ်ရေးစခန်းတစ်ခုကို ဖွင့်လှစ်ထားရှိပြီး စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာများ၊ အပင်နှင့် အပင်ထွက်ဆိုင်ရာ သွင်းကုန်ထုတ်ကုန်များကို အပင်ပိုးမွှားကာကွယ်သည့် ဥပဒေနှင့်အညီ စိစစ်စစ်ဆေး ဆောင်ရွက်လျက်ရှိသော်လည်း ပိုးသတ်ဆေးဥပဒေ၊ မျိုးစေ့ဥပဒေ၊ မြေဩဇာဥပဒေနှင့် ကိုက်ညီမှုမရှိသော အရည်အသွေး ပြည့်မီခြင်းမရှိသော ထိုင်း၊ တရုတ်စာတန်းပါ စိုက်ပျိုးရေးသုံးသွင်းအားစုများ တရားမဝင် ဝင်ရောက်လာခြင်းကြောင့် ကရင်ပြည်နယ်အတွင်း စိုက်ပျိုးရေးတောင်သူများ အဆိုပါ သွင်းအားစုများကို ဝယ်ယူအသုံးပြုနေကြသဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝကို ထိခိုက်လျက်ရှိကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ပြည်နယ်သီးနှံကာကွယ်ရေး တာဝန်ခံဦးမင်းချစ်စံက ပြောကြားသည်။

မြန်မာစာအညွှန်းပါ မြေဩဇာများကိုသာ ဝယ်ယူရောင်းချရေး စစ်ဆေးပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# အမျိုးသမီးများအားအကြမ်းဖက်ခြင်းနှင့်သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး စကားဝိုင်းဆွေးနွေး

**ချောင်းဆုံ ဒီဇင်ဘာ ၂၁**

အမျိုးသမီးများအား အကြမ်းဖက်ခြင်းနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုနှုန်းကို လျော့နည်းပပျောက်စေရန် အမျိုးသမီးများအား အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် စကားဝိုင်းဆွေးနွေးပွဲများပြုလုပ်ပေးခြင်းကို ဒီဇင်ဘာ ၂၀ ရက်က မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ချောင်းဆုံမြို့ပေါ်ဈေးများတွင် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းနှင့် ဝင်ဂလုံမွှာရုံတွင် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ပြုလုပ်ရာတွင် အမျိုးသမီးငယ်များ အကြမ်းဖက်မှုနှင့်ပတ်သက်သည့် လက်ကမ်းစာစောင်များ၊ လူကုန်ကူးမှုနှင့်ပတ်သက်သည့်လက်ကမ်းစာစောင်များ၊ ကလေးသူငယ်များနှင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အချက်အလက်များကို ဖြန့်ဝေခဲ့ကြသည်။ ဆက်လက်၍ ကျန်ရှိသည့်ကျေးရွာများသို့လည်း အမျိုးသမီးများအား အကြမ်းဖက်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ပုသိမ်ကြီးတွင် ဂန္ဓမာပန်းစိုက်တောင်သူများအဆင်ပြေ




**ပုသိမ်ကြီး ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဂန္ဓမာပန်းစိုက်တောင်သူများ၏ ပန်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး နေ့စဉ်ဝင်ငွေရရှိနေသောကြောင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီမှာ ပန်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းပါတယ်၊ ကျွန်တော်တို့ဒေသမှာတော့ လပ်ကီး၊ ကီလို၊ ကြွေဖြူ၊ ပုလဲဖြူ၊ ရွှေဝါဝင်း၊ ဆမ်ဘား၊ ဂျူးဘုရင်၊ ချက်စိမ်း၊ ငုရွှေဝါ၊ ရေစို အစရှိသော ဂန္ဓာပန်းမျိုးများ စိုက်ပျိုးပါတယ်။ ပျိုးပင်ကို ပြင်ဦးလွင်မြို့တက်ဝယ်ရတာ တစ်ပင်ကို ခြောက်ကျပ်၊ ခုနှစ်ကျပ်ပဲ။ သုံးလကျော်ရင် အဖူးခြွေတာတို့၊ အရွက်ဆိတ်တာတို့ ပြုလုပ်ပြီး အပင်ပြုစုရတယ်။ ရေကတော့ နေ့စဉ် စက်နဲ့တင်ပြီး ဖျန်းပေးနေရတာ။ ယာခင်းတိုင်း ရေတွင်းတူးပြီး စိုက်ကြတာများတယ်။ ဒါကြောင့်ရာသီမရွေး စိုက်ပျိုးနိုင်တယ်။ တစ်ဧကကို အပင်တစ်သိန်းလောက်စိုက်တာဆိုတော့ ပျိုးပင်စရိတ်၊ အလုပ်သမားစရိတ်၊ ပိုးသတ်ဆေးဖိုးနဲ့ဆိုတော့ အရင်းအနှီးကတော့များတယ်။ ထွက်ရှိလာတဲ့ပန်းတွေကို ယာခင်းထိလာဝယ်တာရှိသလို သလဲကုန်းပန်းဈေးနဲ့ မန္တလေးမြို့သို့ ပို့ဆောင်ရောင်းချလို့ ပုံမှန်ဝင်ငွေရနေတော့ အဆင်ပြေပါတယ်" ဟု ပုသိမ်ကြီးမြို့နယ် လက်သစ်ကျေးရွာမှ ဂန္ဓာမာပန်းစိုက်တောင်သူ ကိုနိုင်ဝင်းက ပြောပြသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**မိုးနဲ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအနက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သုံးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးဆောက်လုပ်နေမှု၊ မိုးနဲ-မောက်မယ်လမ်းမှ ကာဟ-ဝမ်ကျူလမ်းပိုင်း အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ ကျေးလက်ကျောက်ချောလမ်းခင်းနေမှု၊ ပေါ့မိုင်း အ. မ. က ကျောင်း ခေါင်မိုးပြုပြင်ပြီးစီးမှု၊ မိုးနဲ-နမ့်စန် ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်မော်ဆွမ့်ကျေးရွာနှင့် ဆွန်မရမ်းကျေးရွာချင်းဆက်တံတား၊ မယ်ဇလီမြိုင်ကျေးရွာနှင့် နားခံကျေးရွာအကြား ကျေးရွာချင်းဆက်တံတားဆောင်ရွက်နေမှု၊ ပေါ့မိုင်းရပ်ကွက်နှင့် ကင်တုံကျေးရွာသွားလမ်း အဆင့်မြှင့်တင်မှု၊ ဝမ်နား-နမ့်မော်လေ ချောင်းကူးတံတား အရှည် ၂၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေ သံကူကွန်ကရစ်တံတားတည်ဆောက်နေမှု၊ မိုးနဲ-လင်းခေးလမ်းပိုင်း တိုးချဲ့ဆောင်ရွက်နေမှုနှင့် မြို့နယ်ပြည်သူ့အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများအား မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွဋ်နှင့်အဖွဲ့ဝင်များက ဒီဇင်ဘာ ၁၉ ရက်တွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာလုပ်ငန်းတာဝန်ခံများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## မိုင်းပျဉ်းတွင် ကျေးရွာချင်းဆက် ကွန်ကရစ်ချောင်းကူးတံတား ဆောက်လုပ်



**မိုင်းပျဉ်း ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၄၄ သန်း အကုန်အကျခံကာ ပလောင်ကုန်းဆာ ချောင်းကူးတံတားအား ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်ချောင်းကူးတံတားသည် အကျယ် ၁၄ ပေ၊ အရှည် ပေ ၁၂၀ ကွန်ကရစ်တံတားဖြစ်ပြီး မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ တံတားလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ တာဝန်ရှိ အင်ဂျင်နီယာများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် ဒီဇင်ဘာ ၁၉ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာချင်းဆက်ချောင်းကူးတံတား ဆောက်လုပ်ပြီးစီးပါက မိုင်းပျဉ်းမြို့နယ် ဆင်းမောင်းကျေးရွာအုပ်စုနှင့် တာကော်ကျေးရွာအုပ်စုရှိ ကျေးရွာပေါင်း ၄၃ ရွာ၊ အိမ်ခြေ ၈၆၈ အိမ်၊ လူဦးရေ ၄၁၄၆ ဦးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအခွင့်လမ်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကောက်ရိုးပုံများကို ရွာအပြင်ထုတ် သိမ်းဆည်းသည့်စနစ် ပြောင်းလဲလာ

**ရေတာရှည် ဒီဇင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသများတွင် ကျွဲ၊ နွားများအတွက် အစာအဖြစ် မိုးရာသီကရိတ်သိမ်းပြီးသည့် ကောက်ရိုးပုံများအား ကျေးရွာအလိုက် မီးဘေးအန္တရာယ်ကျရောက်ခြင်း မရှိစေရန် ရွာအပြင်မြေကွက်လပ်များ၌ စုပေါင်းသိမ်းဆည်းသည့်စနစ်ကို ပြောင်းလည်းအသုံးပြုလာကြပြီဖြစ်ကြောင်း သိရသည်။

"အရင်ကရွာတွေမှာ ကောက်ရိုးပုံတွေကို ရွာထဲမှာပဲ ဖြစ်သလိုပုံကြတာရှိတယ်။ ပူပြင်းခြောက်သွေ့တဲ့ရာသီတွေဆို ဆေးလိပ်မီးအမှတ်တမဲ့ပစ်ခဲ့ရင်တောင် မီးလောင်နိုင်လို့ ခုနောက်ပိုင်းမှာ ကျေးရွာတာဝန်ရှိသူတွေက ကောက်ရိုးပုံတွေကို ရွာထဲမှာ ပုံခွင့်မပေးတော့ဘူး။ အားလုံးရွာအပြင်ကို ထုတ်ခိုင်းလိုက်တာ"ဟု သပြေတန်းကျေးရွာနေ ဒေသခံတစ်ဦးက ပြောကြားသည်။

ပြောင်းလဲလာသော လယ်ယာရိတ်သိမ်းစနစ်ကြောင့် ကျွဲ၊ နွားများအတွက် ကောက်ရိုးသန့်သန့်ရရှိနိုင်ရန် ခက်ခဲလာရာ ယခုကဲ့သို့ ကောက်ရိုးပုံများ စုပုံသိမ်းဆည်းထားခြင်းမှာ မိမိတို့၏ ကျွဲ၊ နွားများကို ကျွေးမွေးခြင်းအပြင် အခြားသောဒေသများက လာရောက်ဝယ်ယူပါက ပြန်လည်ရောင်းချခြင်းတို့ ဆောင်ရွက်ကြကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## မြင်းမူမြို့နယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

**မြင်းမူ ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုတည်ဆောက်ရေးလုပ်ငန်းများအား စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်တို့သည် ဒီဇင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင်၂၀၁၆-၂၀၁၇ ခုနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသော တွင်းကြီး-ကုန်းရွာလမ်းမပေါ်ရှိ ၁၂ ပေ×၁၈ ပေ× ၅ ပေ ကွန်ကရစ်တံတားတည်ဆောက်မှုလုပ်ငန်း၊ သစ်လိမ်ကျေးရွာ လေးလက်မ စက်ရေတွင်းအသစ်တူးဖော်ဆောင်ရွက်မှု၊ ရေစက်ရုံနှင့် သံကူကွန်ကရစ်ရေစင်တည်ဆောက်နေမှု၊ ဝမ်းပြည့်-ပဲကူ-ရုံးကားညောင်ပင်ကန်ကျေးရွာချင်းဆက် အရှည်နှစ်မိုင်ရှိ ကျောက်ချောလမ်းခင်းကျင်းနေမှုများကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တွင်းကြီးကျေးရွာ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်မှုလုပ်ငန်း၊ ကုန်းရွာကျေးရွာ ပေ ၂၀× ၃ ပေရှိ ကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ တောချောင်းဦးကျေးရွာတွင်



ဆောင်ရွက်လျက်ရှိသော ဂါလန် ၅၄၀၀ ဆံ့ အမြင့်တင်ရေစင်ဆောက်လုပ်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

# ယဉ်ကျေးမှုပဒေသာကပွဲ မန္တလေးအမျိုးသား ကဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေတင်ဆက်



**မန္တလေး ဒီဇင်ဘာ ၂၁**
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနစု (မန္တလေး)မှ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးစီမံချက်နှင့်အညီ ယဉ်ကျေးမှုပဒေသာကပွဲများကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် ည ၇ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားကဇာတ်ရုံတွင် အခမဲ့ဖျော်ဖြေတင်ဆက်ခဲ့သည်။

ယဉ်ကျေးမှုပဒေသာကပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းကျော်ဇောနှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးမျိုးမြင့်အောင်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ ကျောင်းသား၊ ကျောင်းသူများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာချစ်မြတ်နိုးသူပြည်သူများလာရောက်အားပေးကြသည်။

ယဉ်ကျေးမှုပဒေသာကပွဲတွင် ထုတ်လုပ်ရေးဌာနစုမှ အနုပညာရှင်များက ခေတ်လေးခေတ်မြန်မာအက၊ မြန်မာ့စောင်းဖျော်ဖြေမှု၊ မြူးမြူးကြွကြွမင်းသားအက၊ တိုင်းရင်းသားရိုးရာအက၊ အနုပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ကဗျာလွတ်ယိမ်းအကနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တေးသံရှင်များက မြန်မာ့သံစဉ်များဖြင့် သီဆိုဖျော်ဖြေခြင်း၊ ဒုတိယပိုင်းအဖြစ် အနုပညာဦးစီးဌာန၏ တင့်လှပေဟန်အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဖျော်ဖြေပွဲအပြီးတွင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် ဖျော်ဖြေကြသည့်အနုပညာရှင်များအား ဆုငွေများချီးမြှင့်ကြသည်။ ယနေ့ခေတ်လူငယ်များ မြန်မာ့ရိုးရာယဉ်ကျေးမှုကို သိရှိခံစားပြီး ကိုယ်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့်အနုပညာကို ချစ်ခင်မြတ်နိုး တန်ဖိုးထားတတ်စေရန်ရည်ရွယ်၍ ယဉ်ကျေးမှုပဒေသာကပွဲများ၊ အငြိမ့်များဖြင့် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# သမိုင်းဝင် သပြေတန်းခံတပ်ကိုလေ့လာရင်း ဧရာဝတီမြစ်အလှကို ရှုမြင်ခံစားနိုင်

**မန္တလေး ဒီဇင်ဘာ ၂၁**
မန္တလေးတိုင်းဒေသကြီးတွင် သမိုင်းဝင်လေ့လာစရာမြောက်မြားစွာရှိပြီး နိုင်ငံတကာခရီးသွားဧည့်သည်များကို ဆွဲဆောင်စေသည်။ ထိုလေ့လာစရာများစွာထဲတွင် မြန်မာဘုရင်လက်ထက်က နယ်ချဲ့ရန်ကိုကာကွယ်တိုက်ခိုက်ရန် တည်ဆောက်ခဲ့သည့် ခံတပ်များလည်းပါသည်။ အင်းဝသို့သွားသည့်လမ်းဘေး စစ်ကိုင်းတံတားအရှေ့ဘက်ဘေးတွင် သပြေတန်းခံတပ်ကို လေ့လာနိုင်သည်။ သပြေတန်းခံတပ်ကို မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၃၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ကြာသပတေးနေ့ (၁၈၇၄ ခုနှစ် ဒီဇင်ဘာ ၃ ရက်) တွင် စတင်တည်ဆောက်ခဲ့သည်ဟု သိရသည်။

ခံတပ်ဆောက်လုပ်ခြင်း၏ရည်ရွယ်ချက်တွင် ဧရာဝတီမြစ်ကြောင်းဖြင့် ရတနာပုံနေပြည်တော်သို့ဆန်တက်လာမည့် နယ်ချဲ့ရန်ကို တွန်းလှန်တိုက်ခိုက်ရန်ဖြစ်သည်။သပြေတန်းခံတပ်နှင့် တစ်ပြိုင်တည်းတွင် စစ်ကိုင်းမြို့ အစေခံ ခံတပ်တစ်ဆောင်၊ အင်းဝမြို့ဟောင်းဆင်း ကျုံးရွာ၌ ခံတပ်တစ်ဆောင်ဆောက်လုပ်ခဲ့သည်။ ခံတပ်သုံးခုကို ဧရာဝတီမြစ်ကြောင်း၏ ဝဲယာညှပ်လျက် တြိဂံအနေအထားဖြင့် တည်ဆောက်ခဲ့သည်။ လက်ရှိကာလတွင်သပြေတန်းခံတပ် မြောက်ဘက်ခြမ်းတွင် စစ်ကိုင်းတံတားချဉ်းကပ်လမ်းဖို့မြေအောက်တွင် အောက်အနေအထားတွင်ရှိနေသော်လည်း ခံတပ်မှာ အရှေ့၊ အနောက် ပေ ၄၀၀ ကျော်၊ တောင်၊ မြောက် ပေ ၃၅၀ ကျော်ကျယ်ဝန်းသည့် အနေအထားကို တွေ့မြင်နိုင်သည်။ ခံတပ်ကိုလေ့လာခြင်းဖြင့် ရှေးခေတ်မှ စစ်ရေးအမြင်များ၊ ခံတပ်တည်ဆောက်ပုံနည်းစနစ်များ၊ ခံတပ်အတွင်းဖွဲ့စည်းထားသော အခန်းများ၊ ခံတပ်တွင်တပ်ဆင်ထားသည့် အမြောက်များကို လေ့လာသိရှိနိုင်သည်။ ခံတပ်တွင် ဆင်ခြေလျှောအုတ်လမ်းများ၊ ဥမင်လိုဏ်များ၊ စစ်သည်ရဲမက်ခန်းများ၊ လက်နက်တိုက်၊ ယမ်းတိုက်များနှင့်အတူ ရေတွင်းတို့ပါရှိသည်ကို တွေ့နိုင်သည်။ သပြေတန်းခံတပ်သည် ခံတပ်သုံးခုတွင် အရွယ်အစားအကြီးဆုံးနှင့် ထုထည်အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သော မြန်မာ-အင်္ဂလိပ် တတိယစစ်ပွဲတွင် မတိုက်ခိုက်လိုက်ဘဲ အင်္ဂလိပ်တို့ အလွယ်တကူသိမ်းပိုက်ခံလိုက်ရသော ခံတပ်ပင်ဖြစ်သည်။ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် သပြေတန်းခံတပ်ကို အရှေ့ဝင်းတော်မှူး၊ ရတနာသိယ်မြို့ဝန်၊ ရဲဘက်မြင်းဝန် သတိုးမင်းကြီး မဟာမင်းခေါင်ရာဇာဦးစီးသော မြန်မာတပ်မတော်သား ၂၀၀၀ ကျော် အရန်သင့်တပ်စွဲကာ ဆန်တက်လာမည့်ရန်သူကို တိုက်ခိုက်ချေမှုန်းရန် အသင့်အနေအထားဖြင့် မြန်မာ့သတ္တိနှင့် မြန်မာ့စစ်ရေးစွမ်းရည်ကိုပြရန် ပြင်ဆင်ထားပြီးဖြစ်သည်။ သို့သော် လွှတ်တော်မှ မခုခံရဆိုသောအမိန့်ကြောင့် တိုက်ခိုက်ခြင်းမပြုရဘဲ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက် သောကြာနေ့၊ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားခဲ့ရသည်။ ယခုအခါ သပြေတန်းခံတပ်သည် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ၊ မျိုးဆက်သစ်လူငယ်များလေ့လာနိုင်သော သမိုင်းဝင်နေရာတစ်ခုအဖြစ် တည်ရှိနေသည်။ သပြေတန်းခံတပ်ကိုလေ့လာရင်း ဧရာဝတီမြစ်အလှ၊ စစ်ကိုင်းတံတား၊ ဧရာဝတီတံတား၊ ရတနာပုံအလှတို့ကို ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။ **တီမ်တမန်**

# အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ပြုပြင်နိုင်ရေး ဆွေးနွေး

**မိုင်းယောင်း ဒီဇင်ဘာ ၂၁**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲများ ပြုပြင်နိုင်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက်က မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းသိန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မြို့နယ်များရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများအား ပြုပြင်ရန် တစ်မြို့နယ်လျှင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ခွင့်ပြုပေးခဲ့သဖြင့် မိုင်းယောင်းမြို့နယ်အတွင်းရှိ ပြုပြင်သင့်သည့် ကျေးလက်ကျန်းမာရေးဌာနခွဲစာရင်းများနှင့်အတူ ဆွေးနွေးတင်ပြခဲ့သည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသူများမှ မြို့နယ်အတွင်း အမှန်တကယ်ပြုပြင်ရန်လိုအပ်သော ကျေးလက်ကျန်းမာရေးဌာနခွဲများအား ဦးစားပေးလုပ်ဆောင်ရန် ဝိုင်းဝန်းဆွေးနွေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မိုင်းယောင်းမြို့နယ်တွင် အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဝမ်တပ်အုပ်စု ဟိုရမ်းကျေးလက်ကျန်းမာရေးဌာနခွဲ ခြံစည်းရိုးနှင့် သံပန်းတံခါးပြုပြင်ခြင်း၊ မုန်းလိုက်အုပ်စု မုန်းလိုက်ကျေးလက်ကျန်းမာရေးဌာနခွဲ ရေချိုးခန်းနှစ်ခန်းတွဲနှင့် ရေအိမ်ပြုပြင်ခြင်းနှင့် ဝမ်ဖကျေးလက်ကျန်းမာရေးဌာနခွဲ သစ်သားတိုင်နှင့် တံခါးရွက်ပြုပြင်ခြင်းလုပ်ငန်းများကို ဒေသကုမ္ပဏီတစ်ခုဖြစ်သည့် စိုင်းရှဲန်ရွက်ကုမ္ပဏီအား လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့နယ် သဲဖြူကျေးရွာ အလယ်တန်းကျောင်း၌ကျန်းမာရေးအသိပညာပေးဟောပြော



**တောင်တွင်းကြီး ဒီဇင်ဘာ ၂၁**
မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် သဲဖြူကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ဒီဇင်ဘာ ၂၀ ရက်က ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမီအောင်၊ မြို့နယ်(အား/ကာ)ကော်မတီဝင် ဦးသောင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှူး ဦးဆယ်မောင်တို့က စာဖတ်ခြင်း၏အကျိုးကျေးဇူးများ၊ အားကစားကဏ္ဍတွင် နိုင်ငံတော်ကအားထားရသည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းရေး၊ စားသုံးရန်မသင့်သည့်မုန့်နှင့် အချိုရည်များစားသုံးမိပါက ခံစားရနိုင်သည့်ရောဂါဝေဒနာများအကြောင်းကို အသီးသီးရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(၅၈၀)**

# ဇန်းမော်မြို့၌ အမျိုးသမီးအိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်

**ဇန်းမော် ဒီဇင်ဘာ ၂၁**
နယ်စပ်ဒေသရှိ တိုင်းရင်းသူအမျိုးသမီးလေးများသည် ဘဝရပ်တည်မှုအတွက် မိမိတို့နေထိုင်ရာအရပ်ဒေသများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကချင်ပြည်နယ် ဇန်းမော်ခရိုင် ဇန်းမော်မြို့အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းခန်းမ၌ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ် (၃၇/၂၀၁၆) နှင့် အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ် (၂၅/၂၀၁၆)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုကျောင်းအုပ်ဆရာမကြီး ဒေါ်သိမ့်သိမ့်စိုးက အခြေခံအိမ်တွင်းမှုနှင့် အဆင့်မြင့်အိမ်တွင်းမှုနှင့်ပတ်သက်သည့် သင်တန်းအတွင်းပို့ချမည့် ဘာသာရပ်များအပြင် သီးခြားဘာသာရပ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်များကိုလည်းကောင်း၊ ကျန်းမာရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးအဖွဲ့နှင့် ကြက်ခြေနီရှေးဦးပြုစုခြင်းသင်တန်းများကို အသိပညာပေးဟောပြောပွဲများလည်း ပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများအား စစ်ဆေးကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းကို အခြေခံအိမ်တွင်းမှုသင်တန်းသူ ၂၇ ဦးနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၈ ဦးတို့အား ဒီဇင်ဘာ ၁၉ ရက်မှစ၍ ၁၄ ပတ်ကြာ သင်တန်းဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့မှူးတွင်ဆေးဆိုင်များအား ရှောင်တခင်စစ်ဆေး

**ကော့မှူး ဒီဇင်ဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်း မူခင်းမဖြစ်ပွားရေး၊ မူးယစ်ဆေးဝါး၊ ကာမရာဂဆေးများ သိုလှောင်ရောင်းချဖြန့်ဖြူးခြင်းများ မရှိစေရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ရပ်ကွက်အသီးသီးရှိ ဆေးဆိုင်များအား သတ်မှတ်ပြဋ္ဌာန်းထားသောဥပဒေနှင့် အသိပညာပေးမှုအပေါ် တိကျစွာလိုက်နာခြင်းရှိ၊ မရှိ သိရှိစေရန်အတွက် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့စခန်းမှတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဝင်ရောက်စစ်ဆေးခဲ့သည်။

ဆေးဆိုင်ပိုင်ရှင်နှင့် တာဝန်ခံများအား မူးယစ်ဆေးဝါး၊ ကာမရာဂစိတ်ကြွဆေးများ၊ ကျန်းမာရေးဦးစီးဌာနက သတ်မှတ်ထားသောဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးများကို လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမရှိစေရေး၊ စိစစ်တွေ့ရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ပြီး အများပြည်သူ့များအား မူခင်းကင်းဝေးရေး၊ အေးချမ်းသာယာစွာ လူမှုဘဝရပ်တည်နိုင်ရေးအတွက် ဥပဒေဘောင်အတွင်း ရောင်းဝယ်ဖောက်ကားရန်၊ ပြည်သူတစ်ယောက်အနေဖြင့် အများအကျိုးအတွက် တာဝန်ရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

**ကော့မှူးသား**

## ပြည်တွင်းရေးရာ

## အခြေခံပညာကျောင်းများ၌ အခွန်နှင့် ပတ်သက်၍ အသိပညာပေးဟောပြော

**ဝါးခယ်မ ဒီဇင်ဘာ ၂၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ လိုက်လံကာအခွန်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ဒုတိယပတ်က အ-ထ-က (၁) နှင့် (၂) ကျောင်းများ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဝါးခယ်မမြို့နယ်အခွန်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီရိမြကကျောင်းသား၊ ကျောင်းသူများ အခွန်နှင့်ပတ်သက်၍ အသိပညာဗဟုသုတပြည့်စုံစေရေးအတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်၊ အောင်ဘာလေသိန်းဆုခွန်များနှင့် ပတ်သက်၍လည်းကောင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှု ပြစ်ဒဏ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**

## တာချီလိတ်၌ လူသုံးကုန်နှင့်အလှကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း အခမ်းဖွင့်လှစ်သင်ကြားပေး

**တာချီလိတ် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာ သင်တန်းကို ဒီဇင်ဘာ ၁၈ ရက် နံနက်က မြို့နယ်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံး၌ အခမ်းဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီးဦးစိုးညွန့်လွင်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်း သင်တန်းတွင် လူသုံးကုန်ပစ္စည်း ၁၆ မျိုးနှင့် အလှကုန်ပစ္စည်း ၁၆ မျိုးတို့၏ ထုတ်လုပ်မှုနည်းပညာများအား ရန်ကုန်ရုံးချုပ်နှင့် တောင်ကြီးရုံးတို့မှ သင်တန်းဆရာမ နှစ်ဦးတို့က နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ခုနစ်ရက် ကြာစာတွေ့လက်တွေ့ သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**



# မိုးစပါးမျိုးသန့်စံပြကွက်ရိတ်သိမ်း

**စဉ့်ကိုင် ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး အရည်အသွေးကောင်း ဧရာမင်းစပါးမျိုးသန့်စံပြကွက် ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာအုပ်စု ကွင်းအမှတ် (၆၉) တောင်သူဦးမျိုးဝေ၏ စိုက်ဧက ၁ ဒသမ ၄၉ ဧကကွက်တွင် ပြုလုပ်ခဲ့သည်။

ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်လွင်နှင့် ခရိုင်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ၊ စဉ့်ကိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဌေးနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်းမှာ ၈၆ ဒသမ ၃၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

အရည်အသွေးကောင်းမွန်သော ဧရာမင်းမျိုးကွဲ စပါးစိုက်ပျိုးလျက်ရှိပြီး မြို့နယ်အတွင်း စိုက်ပျိုးဧကများအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိစေရန် မျိုးသန့်စံပြကွက်များ ထူထောင်ခြင်းနှင့်အကျိုးဆောင်တောင်သူများဖြင့်လည်း မျိုးသန့်မျိုးပွားလုပ်ငန်းများကို စဉ့်ကိုင်မြို့နယ်တွင် စိုက်ပျိုးထားသောမိုးစပါးစိုက်ဧကများ အထွက်နှုန်းမှန်ကန်စေရေးအတွက် စဉ့်ကိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးနှင့် ဝန်ထမ်းများကကွင်းဆင်းဆောင်ရွက်ပြီးပါက မျိုးကောင်းမျိုးသန့်များကို မြို့နယ်အတွင်းရှိတောင်သူများထံဖြန့်ဖြူးသွားမည်ဖြစ်သည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## တရားဥပဒေစိုးမိုးရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေး

**သထုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် သထုံမြို့ရှိ TWO LAKES HOTEL တွင် Than Lwin Citizen Empowerment Program နှင့် Triangle Women's Support Group တို့ပူးပေါင်းကာ အခင်းကျင်းသစ်၊ တရားဥပဒေ စိုးမိုးရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့်တကွ ဥပဒေပြုရာတွင်ပါဝင်သူများ၊ ဆုံးဖြတ်ချက်ချရာတွင်ပါဝင်သည့် အစိုးရအဖွဲ့ဝင်များတို့အား တွေ့ဆုံကာ ရပ်ရွာတိုင်းရှိပြဿနာများကို ဖော်ထုတ်ဆွေးနွေးခြင်းဖြင့် အဖွဲ့အစည်းအသီးသီးတို့ ချိတ်ဆက်မှုအားကောင်းပြီး ဆွေးနွေးပွဲမှ တွေ့ရှိချက်များကိုလည်း သက်ဆိုင်ရာဒေသရှိ တာဝန်ရှိသူများထံ ပေးပို့တင်ပြသွားနိုင်ရေးအတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း Trangle Women's Support Group မှ ဒါရိုက်တာ ဒေါ်ခင်လေးက ပြောသည်။

တရားဥပဒေစိုးမိုးမှုအားကောင်းလာစေရန် အစိုးရအဖွဲ့တစ်ခုတည်းကသာ ပြုလုပ်နေသည်ထက် အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများအားလုံးတို့က ပူးပေါင်းပါဝင်ပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ပြီး ဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ပြည်သူများသိရှိလိုက်နာလာစေရန်အတွက် စာသင်ကျောင်းများတွင် အစပြု သင်ကြားပေးခြင်းနှင့် ပြည်သူများအကြား ပညာပေးဟောပြောပွဲများကို ပြုလုပ်ပေးရန်လိုကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆွေးနွေးပွဲ တက်ရောက်လာသူ တစ်ဦးက "နိုင်ငံတစ်နိုင်ငံမှာ အမှုအခင်းတွေ များလာတယ်ဆိုတာက တရားဥပဒေစိုးမိုးမှုအားနည်းလာတယ်၊ နိုင်ငံရဲ့တိုးတက်မှုဟာ ဆုတ်ယုတ် လာတယ်လို့ သုံးသပ်လို့ရတယ်။ ပြည်သူတွေဘဝကလည်း မလုံခြုံသလိုဖြစ်လာတဲ့အတွက် ကောင်းမွန်တဲ့နည်းလမ်းတစ်ခုတော့ ရှိစေချင်တယ်" ဟု ပြောသည်။

အဆိုပါဆွေးနွေးပွဲတွင် လက်ရှိနိုင်ငံရေးအခြေနေများ၊ တရားဥပဒေစိုးမိုးရေး၊ အရပ်ဘက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့်တောင်သူလယ်သမားများ၏ အခန်းကဏ္ဍ၊ ကောင်းမွန်သောလူမှုအဖွဲ့အစည်းနှင့်အမျိုးသမီးကဏ္ဍ အကြောင်းများတို့ကို နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် စိတ်ပါဝင်သူများ ၆၀ ခန့် တက်ရောက်ကာ နှစ်ရက်ကြာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

## ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်နှင့် ဆေးပစ္စည်းကိရိယာများ ရရှိသုံးစွဲနိုင်ရေး အသိပညာပေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်နှင့် ဆေးပစ္စည်းကိရိယာများရရှိသုံးစွဲနိုင်ရေးအတွက် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အသိပညာပေး ဗီနိုင်းပိုစတာများကပ်၍ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဆောင်ရွက်ထားလျက်ရှိရာ သပြေကုန်းရပ်ကွက်အတွင်းရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခွဲမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လေ့လာနေမှုကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုခဲ့ကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးတဲ့အနေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တားမြစ်ဓါတုပစ္စည်းများပါဝင်သော အလှကုန်များ၏ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ၊ နိုင်ငံတွင်းအများဆုံးတွေ့ရှိနေရသည့် သုံးစွဲရန်မသင့်သော အလှကုန် ပစ္စည်းအမျိုးအစားများကို သိရှိနားလည်ရှောင်ရှားနိုင်မှာဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်က ပြောကြားခဲ့သည်။

အဆိုပါပညာပေး ဗီနိုင်းပိုစတာတွင် ပြည်သူအများနေ့စဉ်စားသောက်သုံးစွဲနေကြသည့် အစားအသောက်များတွင် သုံးစွဲခွင့်မပြုသည့် ဆိုးဆေးများနှင့် တာရှည်ခံပစ္စည်းများ ပါဝင်နေမှု၊ ဆေးဝါးများ ဝယ်ယူသုံးစွဲရာတွင် သတိပြုလိုက်နာသင့်သည့်အချက်များ၊ ဆေးဝါးအတုသုံးစွဲမှု၏ အန္တရာယ်များ၊ ဆေးဝါးအန္တရာယ်ကင်းရှင်းရေး အထူးသတိပြုရန်အချက်များနှင့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းအမျိုးအစား များအား ပြည်သူများမှ သိရှိလိုက်နာသုံးစွဲနိုင်စေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရသည်။

**(ရွှေကုက္ကို)**

## နိုင်ငံခြားမှအထူးကုဆရာဝန်ကြီးများ အခမဲ့ဆေးကုသပေးမည်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၁**

ဒေါက်တာစောမြအောင် ဖောင်ဒေးရှင်းမှ နိုင်ငံခြားမှ အထူးကုဆရာဝန်ကြီးများ ကိုယ်တိုင်လာရောက်၍ ကျောက်ဖြူမြို့နယ်နှင့် ဇင်ချောင်းကျေးရွာတို့တွင် ဒီဇင်ဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးကုသရေးအဖွဲ့ (၃၃)ဦး ပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် တွင် ဇင်ချောင်းကျေးရွာသို့ သွားရောက်မည်ဖြစ်ပြီး ဒီဇင်ဘာ ၂၉ ရက်တွင် အခမဲ့စမ်းသပ်ပြီး ဆေးကုသခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ကျောက်ဖြူမြို့နယ်တွင် အထွေထွေရောဂါ၊ ဦးနှောက်နှင့် အာရုံကြောရောဂါ၊ ကင်ဆာရောဂါနှင့် လူကြီးရောဂါများကို ရမ္မာဝတီခန်းမတွင်လည်းကောင်း၊ မျက်စိရောဂါနှင့် သွားရောဂါများကို ကျောက်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးတွင်လည်းကောင်း အခမဲ့စမ်းသပ်ကုသပေးသွားမည်ဖြစ်သည်။

**ခရိုင်( မြန်/ဆက်)**

## မြန်မာ့ပထဝီဝင်အသင်း ဒုတိယအကြိမ်သုတေသနစာတမ်းဖတ်ပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၁**

မြန်မာ့ပထဝီဝင်အသင်း(မန္တလေး)က ကြီးမှူးကျင်းပသော ဒုတိယအကြိမ် ပထဝီဝင်ဟောပြောပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအဆောင် (A) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာ့ပထဝီဝင်အသင်း (မန္တလေး)ဥက္ကဋ္ဌ ဒေါက်တာဝင်းမောင်က ဒုတိယအကြိမ် ပထဝီဝင်ဟောပြောပွဲနှင့် သုတေသနစာတမ်းဖတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



ယင်းနောက် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည် တက္ကသိုလ်များမှ ပထဝီဝင် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိကများ၊ အငြိမ်းစား ပါမောက္ခများက ပထဝီဝင် ဘာသာရပ် အသုံးဝင်ပုံ၊ မြန်မာနိုင်ငံ၏ အသက်သွေးကြောဧရာဝတီမြစ်ထိန်းသိမ်းရေး၊ မြစ်ကြောင်း ပြောင်းလဲမှုများ၊ မြစ်ဆုံစီမံကိန်းနှင့် နောက်ဆက်တွဲအကျိုးဆက်များ၊ ချမ်းမြသာစည်မြို့နယ် လူဦးရေပျံ့နှံ့နေထိုင်မှုနှင့် အိမ်ရာပိုင်ဆိုင်မှု လေ့လာချက်စာတမ်း၊ ပထဝီဝင်နှင့် GPS စနစ်အပါ အဝင် သုတေသနစာတမ်း ၂၃ စောင် ဖတ်ကြားခဲ့သည်။

စာတမ်းဖတ်ပွဲသို့ တက္ကသိုလ်များမှ ဘွဲ့လွန်၊ ဘွဲ့ကြို ပထဝီဝင် အထူးပြု ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ**

## အင်းတော်မြို့နယ် နားမကြိုင်း–ဗျူဟာလမ်း မြေသားပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်



**အင်းတော် ဒီဇင်ဘာ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နားမကြိုင်းကျေးရွာနှင့် ရွှေဘို-မြစ်ကြီးနား ဗျူဟာလမ်းတို့ ဆက်သွယ်ထားသော ကျေးလက်လမ်းအား မြေသားပေါင်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းအား အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၁၈ ဒသမ ၂ သန်းဖြင့် (၁/၀ ဒသမ ၅ မိုင်×၁၈ ပေ× ၂ ပေ) ဆောင်ရွက်လျက်ရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးကျော်နိုင်က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကျော်မြိုင်**

## မန္တလေးမြို့တွင် ဓာတ်ပုံပညာသင်တန်း ဖွင့်လှစ်



**မန္တလေး ဒီဇင်ဘာ ၂၁**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) က ကြီးမှူးကျင်းပသော ဓာတ်ပုံပညာသင်တန်း (၄/၂၀၁၆) ဖွင့်ပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက အဖွင့်အမှာစကားပြောကြားပြီး အထက်မြန်မာပြည်ဓာတ်ပုံအသင်း အတွင်းရေးမှူး ဦးစစ်သွေးကျော်က သင်ကြားမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးခင်မောင်ချိုက လက်တွေ့ရိုက်ကူးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ၎င်းနောက် သင်တန်းနည်းပြများကိုယ်စား ဆရာဦးသိန်းဌေးမောင်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အထက်မြန်မာပြည်ဓာတ်ပုံအသင်းနှင့် မန္တလေးဓာတ်ပုံအသင်းတို့မှ သင်တန်းနည်းပြများ၊ ကရင်၊ မွန်၊ ရခိုင်၊ နေပြည်တော်၊ တနင်္သာရီ၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ သင်တန်းသားများတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၉ ရက် မှ ၂၃ ရက်ထိ စာတွေ့၊ လက်တွေ့ ငါးရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ဒစ်ဂျစ်တယ်ကင်မရာအကြောင်း၊ မှန်ဘီလူးများအသုံးပြုပုံ၊ ဓာတ်ပုံကောင်းတစ်ပုံရရှိရေး ရိုက်ကူးမည့်နည်းလမ်းများ၊ အလင်းအမှောင်အကြောင်း၊ သတင်းဓာတ်ပုံအကြောင်းနှင့် အခြားဓာတ်ပုံပညာရပ်များကိုလည်း သင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းတွင် ညအလှကဏ္ဍ၊ ရှုခင်းအလှကဏ္ဍနှင့် သတင်းဓာတ်ပုံကဏ္ဍ စသည့်ဓာတ်ပုံပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# မန္တလေးမြို့တွင် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းလေးမျိုး ဖွင့်လှစ်

**မန္တလေး ဒီဇင်ဘာ ၂၁**
မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)တို့ ပူးပေါင်းဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းအမှတ်စဉ် (၈/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ဒုတိယအပတ်က မန္တလေးမြို့ FITC (Fu Qing International Language Teaching Centre) သင်တန်းခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများဖြစ်သည့် ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေးသင်တန်းများပါဝင်မည်ဖြစ်ပြီး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၁၆၀ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းအား စာတွေ့လက်တွေ့ လုပ်ငန်းခွင်မပျက် သင်ကြားပို့ချပေးမည်ဖြစ်ကာ သင်တန်းကာလမှာ အစားအစာနှင့်အဖျော်ယမကာ ထုတ်လုပ်ရေးသင်တန်းအတွက် ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ပြီး ကျန်သင်တန်းများအတွက် ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကဏ္ဍတွင် ဝန်ဆောင်မှုကောင်းများပေးနိုင်ရေးအတွက် သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၌ ၂၀၁၅ ခုနှစ်မှ ယနေ့အထိ ဒေသဆိုင်ရာဧည့်လမ်းညွှန်သင်တန်း တစ်ကြိမ်၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းလေးမျိုးကို မန္တလေးတွင် ခုနစ်ကြိမ်နှင့် မိတ္ထီလာတွင် တစ်ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၆၄၇ ဦးအား လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ရာ ဆက်လက်၍လည်း တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်သင်ကြားပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ရွှေနှင့် တာဝန်ရှိသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မန္တလေးဇုန်)၊ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ဟိုတယ်လုပ်ငန်းရှင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းအား ဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာ လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်ဘာသာရပ်ဆိုင်ရာသင်တန်းများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဒေသအသီးသီးတွင် စဉ်ဆက်မပြတ်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။ **ဟိုတယ်/ခရီး**

# ကွန်ဟိန်းမြို့၌ အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်တန်းကျောင်းဖွင့်

**ကွန်ဟိန်း ဒီဇင်ဘာ ၂၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးတို့က အသီးသီးအမှာစကားပြောကြားခဲ့သည်။

ယင်းနောက် ဒေါ်နန်းငွေလှက သင်တန်းကျောင်းနှင့်ပတ်သက်၍ တည်ထောင်ဖွင့်လှစ်သည့်အခြေအနေများကိုလည်းကောင်း၊ သင်တန်းပို့ချပေးမည့်ဘာသာရပ်များနှင့် သင်တန်းကျောင်းမှပံ့ပိုးပေးမည့်အခြေအနေများကို ပြောကြားခဲ့သည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး အဆိုပါသင်တန်းတွင် ကလေးသွားရေခံ၊ ကလေးဘောင်းဘီ၊ အမျိုးသမီးဝတ်အင်္ကျီခုနစ်မျိုး၊ အမျိုးသားဝတ် ဟာဝေယံရှပ်လည်ကတုံးတို့ကို အဓိကသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်မှုဘာသာရပ်အနေဖြင့် တစ်ချောင်းထိုးခြံပုဝါထိုးနည်း၊ ဇန်းခင်းထိုးနည်း စသည့် လက်မှုပညာရပ်များအပြင် အိမ်တွင်းမှုမုန့်လုပ်နည်းများကို သင်ကြားပေးသွားမည်ဖြစ်ကာ ယခုပထမအသုတ်အနေဖြင့် အဆောင်နေသင်တန်းသူ ၃၀၊ နေ့တက်သင်တန်းသူ ၂၀ စုစုပေါင်း ၅၀ ကို သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းကာလမှာ ၁၄ ပတ်ကြာမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် သင်တန်းသုံးကြိမ်ဖွင့်လှစ်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သင်တန်းကျောင်း ကျောင်းအုပ်ကြီးထံမှ သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## အခြေခံအိမ်တွင်းမှုသက်မွေးပညာလုပ်ငန်းသင်တန်းဖွင့်

**ပေါက် ဒီဇင်ဘာ ၂၁**
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပေါက်မြို့နယ် အမျိုးသမီးငယ်များ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ် (၃၄) နှင့် အဆင့်မြင့်သင်တန်းအမှတ်စဉ် (၃၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့များ၊ သင်တန်းဆရာမများ၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ ယခုသင်တန်းတွင် အခြေခံသင်တန်းသူ ၂၀ နှင့် အဆင့်မြင့်သင်တန်းသူ ၅ ဦးဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **ညဏ်တိုး(ပြန်/ဆက်)**

## မအူပင်မြို့နယ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာ ပုံမှန်အစည်းအဝေးကျင်းပ

**မအူပင် ဒီဇင်ဘာ ၂၁**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အခက်အခဲမရှိဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူးက ဌာနဆိုင်ရာများအလိုက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများအတွက် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် ပြောကြားပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။ **မအူပင်ခရိုင်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ရန်ကုန်ကျေးရွာ၌ဖွင့်လှစ်လျက်ရှိသည့် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေးခြင်းနှင့် စာအုပ်စာစောင်များ ပြသခြင်း၊ ငှားရမ်းပေးခြင်း၊ နံရံကပ်စာစောင်များပြသပေးခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက အဆိုပါသင်တန်း၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပြန်/ဆက်**

# ခရစ္စမတ်နေ့ကိုဘယ်လိုကျော်ဖြတ်ကြမလဲ

မောင်သောင်းဝင်း(တမန်ဟောင်း)



နှစ်စဉ် ဒီဇင်ဘာလ ၂၅ ရက်နေ့သည် ခရစ္စမတ်နေ့ဖြစ်သည်။ ထိုနေ့တွင်ကမ္ဘာတစ်ဝန်း၌ အစိုးရရုံး၊ ဌာနများနှင့်ကုမ္ပဏီများ ပိတ်ထားကြသည်။ အချို့သောနိုင်ငံများတွင် ထိုနေ့မှစ၍ နှစ်ဆန်းတစ်ရက်နေ့ (New Year Day) အထိ ရက်ရှည်ရုံးပိတ်ပေးထားသည်။ မြန်မာသင်္ကြန်ကာလ ရုံးပိတ်ရက်ကဲ့သို့ပင်ဖြစ်သည်။ ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ကို အတိအကျမသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ခရစ်တော်မွေးနေ့အဖြစ်ကျင်းပကြသည်။ ဘာသာရေးနှင့် ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သောနိုင်ငံများတွင်လည်း စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။

**လက်ဆောင် အပြန်အလှန်ပေး**

ခရစ္စမတ်နေ့၏ အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လက်ဆောင်ပေးကြခြင်းဖြစ်သည်။ အချို့သောနိုင်ငံများသည် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ခရစ္စမတ်အကြိုနေ့(Christmas Eve)အခမ်းအနားများကျင်းပကြသည်။ ထိုနေ့တွင်လူငယ်များသည် နေအိမ်များကိုလှည့်လည်ပြီး ခရစ်ယာန်ဓမ္မတေးသီချင်းများဆိုကာ ဆုတောင်းပေးကြသည်။ အချို့သောအိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များပေးကြသည်။ မိတ်ဆွေများ၊ဆွေမျိုးများနှင့်မိသားစုများစုစည်းကာ ရိုးရာအစားအသောက်များ ချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးကြသည်။

ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ ခရစ္စမတ်ပွဲတော် ကာလတွင်မဖြစ်မနေပါဝင်သောအရာများသည် ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ်ရောင်စုံမီးများ၊ မီးရှူး၊ မီးပန်းများနှင့် ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများထွန်းညှိထားကြသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများကျင်းပခြင်းဖြစ်သည်။

**ခရစ္စမတ်ဘိုးဘိုး**

ခရစ္စမတ်ပွဲတော်ကာလတွင်အဓိကကျသော ဇာတ်ဆောင်သည်ခရစ္စမတ်ဘိုးဘိုး (Santa Claus) ဖြစ်သည်။ Santa Claus သည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင်ကော်လံအရှည်ပါသော အနီရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်အပွကြီးတို့ကို ဝတ်ဆင်ထားပြီး ခါးတွင်ခါးပတ်အနက်ကြီးစီးထားသည်။ အနက်ရောင်ဘွတ်ဖိနပ်ရှည်ကြီးကိုစီးထားသည်။ ကလေးများအတွက် လက်ဆောင်ပစ္စည်းများထည့်ထားသည့်အိတ်ကြီးကို သယ်ဆောင်လာသည်ဟု ယုံကြည်ထားကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိကလေးများ၏ အင်အားစာရင်းကို ပြုစုထားသည်ဟုဆိုသည်။ လိမ္မာယဉ်ကျေးသောကလေးများ၊ ဆိုးသွမ်းသောကလေးများ၊ အပြုအမူရိုင်းစိုင်းသောကလေးများ၊ နူးညံ့သိမ်မွေ့သောကလေးများဟူ၍ စာရင်းခွဲခြားပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသောကလေးများအား ကစားစရာအရုပ်များနှင့် ချောကလက်များ လက်ဆောင်ပေးပြီး ဆိုးသွမ်းသောကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟုဆိုသည်။ ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများ ရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။

**လိမ္မာယဉ်ကျေးစေရန်**

ခရစ္စမတ်ဘိုးဘိုးသည် ထိုသို့ဆောင်ရွက်ပေးခြင်း အမှန်တကယ် ရှိ-မရှိကိုမူ မည်သူမျှအတိအကျ ပြောနိုင်မည်မဟုတ်ချေ။ ကလေးများလိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရှုထောင့်အရ ပြောဆိုနေခြင်းလည်းဖြစ်နိုင်ပါသည်။ မည်သည့်ဘာသာအယူဝါဒတွင်ဖြစ်စေ အနှစ်ချုပ်သည် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင်ဖြစ်သည်။ ကလေးငယ်များကိုငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့်စည်းရုံးထားခြင်းဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုအရ ရုံး၊ ဌာန၊ ကုမ္ပဏီများသည် ခရစ္စမတ်ပွဲတော်မတိုင်မီ လက်ဆောင်ပစ္စည်းများပေးပို့ရန်ကြိုတင်ပြင်ဆင်ကြရသည်။ စာရေးသူ ထိုင်းနိုင်ငံတွင်တာဝန်ထမ်းဆောင်စဉ်က ခရစ္စမတ်ရာသီရောက်လျှင်အနည်းငယ်အလုပ်များပါသည်။ လက်ဆောင်ပေးရမည့် စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များနှင့် ခင်မင်ရင်းနှီးသောမိတ်ဆွေများ အမည်စာရင်းကို ကြိုတင်ပြုစုရပါသည်။ လက်ဆောင်ပစ္စည်းခြင်းများ ထုပ်ပိုး ပြင်ဆင်ကြရပါသည်။ အထူးသဖြင့်ခရစ္စမတ်မတိုင်မီသုံးလလောက်ကတည်းက သက်ဆိုင်ရာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ နိုင်ငံခြားဖြစ်အရက်ဝယ်ယူရန်အတွက် အခွန်ကင်းလွတ်ခွင့်တောင်းခံရခြင်းဖြစ်သည်။

ခရစ္စမတ်အကြိုနေ့ကတည်းက ရုံးများပိတ်တတ်သဖြင့် ဒီဇင်ဘာ ၂၂ ရက်လောက်တွင် လက်ဆောင်ပစ္စည်းခြင်းများ အပြန်အလှန်ပေးပို့ပေးကြရသည်။ ဒေသခန့်ဝန်ထမ်းများသည် လက်ဆောင်ပစ္စည်းနှင့် မုန့်ဖိုးရကြသဖြင့်ပျော်ရွှင်ကြသည်။ ခရစ္စမတ်ယဉ်ကျေးမှုကို ထိုအချိန်မှသာ ထဲထဲဝင်ဝင်သိခဲ့ရသည်။ အပြန်အလှန် အလှူအတန်းပြုလုပ်ခြင်းဖြစ်သည်။ သို့သော်ပေးသောလက်ဆောင်ပစ္စည်းအများစုသည် နိုင်ငံခြားဖြစ် အရက်ပုလင်းများဖြစ်နေသည်။ တန်ဖိုးမြင့်မားစွာပေးရသဖြင့်ငွေကြေးကုန်ကျမှုများပြားသည်။

**သောက်စားမူးယစ်မှုများရှိလာ**

မြန်မာနိုင်ငံတွင်လည်း လူငယ်အချို့သည် ခရစ္စမတ်နေ့အခမ်းအနားများပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ပြုလုပ်ခြင်းသည် အချင်းချင်းမေတ္တာထားလာသဖြင့် ကောင်းမွန်ပါသည်။ သို့သော်ခရစ္စမတ်နေ့တွင် ညဘက်၌ ပါတီပွဲများကျင်းပကာ သောက်စားမူးယစ်မှုများ ရှိလာကြသည်။ အချို့သောမြန်မာမိန်းကလေးများသည် အရက်၊ ဘီယာသောက်လာကြသည်။ ညဥ့်နက်သန်းခေါင်အထိအပျော်လွန်ကြသဖြင့်လမ်းမှားရောက်တတ်ကြသည်။ မူးယစ်ကာ ယာဉ်မောင်းကြသဖြင့် ယာဉ်တိုက်မှုများဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရရှိမှုများရှိသည်။ တချို့ဆိုလျှင် အသက်ပင်ဆုံးရှုံးရသည်။

သာဓကအနေဖြင့် ထိုင်းနိုင်ငံတွင် နှစ်စဉ်ခရစ္စမတ်နေ့မှသည် နှစ်သစ်ကူးနေ့အထိ ရုံးပိတ်ရက်ကာလအတွင်း ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည်။ သေကျေ၊ ထိခိုက်ဒဏ်ရာရရှိသူအရေအတွက်သည် ရာဂဏန်းကျော်သည်။ မြန်မာလူငယ်များအနေဖြင့် ခရစ္စမတ်နေ့ကို မြန်မာဘာသာရေးပွဲတော်တစ်ခုအဖြစ် ခံယူကာ သောက်စားပျော်ပါးလာကြသည်။ အမှန်စင်စစ်မှာမူ မြန်မာရိုးရာပွဲတော်များတွင်လည်း အသောက်အစားပြုလုပ်ရန် တရားဝင်ခွင့်ပြုထားခြင်းမရှိပေ။ အချို့သောစီးပွားရေးအမြတ်ထုတ်လိုသူများကြောင့် လူငယ်များသည် လမ်းမှားသို့ရောက်ရှိနေကြခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ပြောဆိုခွင့်၊ ပျော်ရွှင် ကြည်နူးခွင့်များရှိကြပါသည်။ ထိုလွတ်လပ်ခွင့်များသည် မိမိနှင့် မိမိပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှုမရှိစေရန်လည်း လိုအပ်သည်။ လူသည်တစ်ဦးတည်းနေထိုင်သော သတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့် နေထိုင်ကြရသည်။ အထူးသဖြင့် မိမိမွေးဖွားရာဒေသ၊ နိုင်ငံ၏ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့်အစဉ်အလာကောင်းများကိုမူတန်ဖိုးထားတတ်ရန်လိုအပ်ပါသည်။ ထိုသို့တန်ဖိုးထားတတ်သည့်စိတ်သဘောထားကိုမျိုးချစ်စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

**တိုင်းတစ်ပါးယဉ်ကျေးမှုကိုအထင်ကြီး**

တစ်ကမ္ဘာလုံးဆက်စပ်ပြောင်းလဲနေသော ခေတ်ကြီးတွင်ယဉ်ကျေးမှုပေါင်းစုံသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကိုအထင်ကြီးပြီး မိမိယဉ်ကျေးမှုအစဉ်အလာများကို မေ့လျော့လာတတ်ကြသည်။ ရုပ်သံလိုင်းများသည် အဆိပ်အတောက်ဖြစ်စေသော ဖျော်ဖြေမှုမျိုးကို ရှောင်ရှားသင့်ပါသည်။ ရုပ်ရှင်၊ ဂီတ အနုပညာရှင်များအနေဖြင့်လည်း ထိန်းထိန်းသိမ်းသိမ်း ဝတ်စားဆင်ယဉ်သင့်ပါသည်။ လူငယ်များသည်အတုခိုးမှုမြန်ဆန်ပါသည်။ စာပေပညာရှင်ကြီးများ အနေဖြင့်လည်း ပညာပေးစာပေများကို ရေးသားသွားသင့်ပါသည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှုမရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ်အရွက်ဖုံးကာ တဖြည်းဖြည်းမှေးမှိန်လာနိုင်ပါသည်။

**ပျော်ရွှင်ကြည်နူးစွာ ဖြတ်သန်း**

ခြုံ၍တင်ပြရလျှင် မကြာမီရက်အတွင်း ခရစ္စမတ်နေ့အထိမ်းအမှတ်အခမ်းအနားများ၊ ပွဲတော်များ ကျင်းပကြတော့မည်ဖြစ်သည်။ ထိုသို့ကျင်းပရာတွင် သက်ဆိုင်ရာဘာသာ၏ အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များအား လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်သွားသင့်ပါသည်။ ထိုနေ့ကိုအကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပကာ သောက်စားမူးယစ်ရမ်းကားနေမည်ဆိုလျှင် ခရစ္စမတ်နေ့၏အနှစ်သာရ ပျက်ပြယ်သွားမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ မျိုးဆက်သစ်မြန်မာလူငယ်များအနေဖြင့် မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များတွင်လည်း မြန်မာဆန်ဆန် ပျော်ရွှင်ကြည်နူးစွာ ဖြတ်သန်းနိုင်ကြပါစေ။

## ကြော်ငြာ


“မေသုမောင် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့”

ခရီးလှည့်လည်ရေး လုပ်ငန်းလိုင်စင် အမှတ်-ပခ-၀၀၅၅

* (၁၄)ညအိပ်(၁၅)ရက်၊သံဝေဇနိယလေးဌာန၊အဝိဇဟိတလေးဌာန၊ (Hotel-3-Night) (20-Jan မွေးနေ့အထူးအစီအစဉ်) (05.Feb) (22.Feb) (22.Mar)(12.Apr)

* Hotel.သီးသန့်၊(၇)ညအိပ် (၈)ရက် ထွက်ခွါမည့်ရက်-(11.Apr)

* (Jan-Feb-Mar)ခရီးစဉ်များအတွက် အထူးဈေးနှုန်းဖြင့် ပြောင်းလဲ၍ ကုသိုလ်ယူပို့ဆောင်ပေးပါမည်။

ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ကမာရွတ်မြို့နယ်၊

ရန်ကုန်ဖုန်း-၀၉၇၃၉၅၀၁၂၄၇၀၊၀၉၅၀၁၂၄၇၀၊၀၉၇၃၂၄၁၆၈၇၊ ၀၉၄၃၁၁၂၄၂၇၊၀၁-၂၃၀၅၉၂၈၊၀၂၇၆၀၂၄၊၀၉၄၄၄၀၃၀၂၇၀

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

GOLDEN CITY
*ချောင်းသာ (စား/တည်း/ ငြိမ်း)
၃၀၀၀၀/-၅၀၀၀၀/- DEC - 23/30
*တောင်ကြီး၊ အင်းလေး၊ ပင်းတယ
*မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ
09-450765726,09-454466958

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက် Model မြင့် ကားသစ် မျိုးစုံ ရောင်း/ငှား/ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
Hot Line - 01-200952

သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ ဆောင်ရေး

ဒီဇင်ဘာ နှင့် နှစ်သစ်ဇန်နဝါရီလ နှစ်ဆတိုး အထူး

Promotion ခရီးစဉ်ကြီးငွေကျပ်(၁၀)သိန်း – Jan - 3,7,12

(၁၅)ရက် – ကျသင့်ငွေ (~~၁၂.၅~~)သိန်း အစား {၁၀.၉} သိန်း

(၈) ရက် – ကျသင့်ငွေ (~~၁၁.၅~~)သိန်း အစား {၈.၉} သိန်း

ဝန်ဆောင်မှုနှင့်စိတ်ချမ်းသာမှု အပြည့်အဝ ဈေးနှုန်းအသက်သာဆုံး ဘုရားဌာနနေရာဒေသအစုံ ဘုရားဖူးချင်သူများအတွက် အပိုကြေးလုံးဝတောင်းထားခြင်းမရှိ တိတိကျကျစရိတ်ငြိမ်း (၁၆)ဦး(၁)ဦးအခမဲ့ အဝတ်စဉ် အင်္ကျီ ၊ စနေ နေ့တိုင်းထွက်ရှိပါမည်။

Jan - 14,17,21 / Feb - 11,14,18,23,25,28 / Mar - 7,11,14,18,21,25 /Apr - 1

ရုံးချုပ် - အမှတ်(၁၀၅) ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
၀၉- ၇၇၈၈၂၂၂၆၀ ၊ မန္တလေး - ၀၉- ၇၇၈၈၂၂၂၅၀ တောင်ကြီး - ၀၈၁-၂၀၀၁၇၃ ၊ ၀၉- ၇၇၈၈၂၂၂၄၀

အထက်မြန်မာပြည်နေ မြန်မာတိုးရစ်(စ်)များ အား ပိုမိုအဆင်ပြေချောမွေ့လွယ်ကူသော ခရီးသွားဝန်ဆောင်မှုများပေးနိုင်ရန်

မန္တလေးမြို့တွင် ရွှေခင်းလမ်းရုံးခွဲအား ဖွင့်လှစ်လိုက်ပါပြီ

မန္တလေးလေဆိပ်တိုက်ရိုက်အတွက် ပြည်ပခရီးစဉ်များ

✈ ဘန်ကောက် - ပတ္တရား 5D 4N (21~25 Jan 2017) USD 495

✈ ဗီယက်နမ် 6D 5N (21~26 Jan 2017) USD 560

✈ စင်ကာပူ 5D 4N (24~28 Jan 2017) USD 879

✈ ဘန်ကောက် - ဂျပန် 8D 7N (10~17 Feb 2017) USD 2,800

✈ ဘန်ကောက် - ကိုရီးယား 7D 6N (10~16 Feb 2017) USD 1,450

✈ ဘန်ကောက် - ဒူဘိုင်း 7D 6N (10~16 Feb 2017) USD 1,880

ပေးရတဲ့ပိုက်ဆံနဲ့ တန်လိုသူများ၊မိမိကိုယ်တိုင် စီစဉ်သည်ထက် ကုန်ကျစရိတ် ပိုမိုသက်သာလိုသူများ၊စိတ်အနှောင့်အယှက်ကင်းကင်း ကုန်ကျစရိတ်အပြီးအစီးဖြင့် Hassle-free ခရီးသွားလိုသူများအတွက်

ရွှေခင်းလမ်းခရီးသွားလုပ်ငန်း Tel: 01 524 841, 09 788 999 810 ~ 860

မန္တလေးရုံးခွဲ။ ။အမှတ် - ၈၁၊ ၂၇ လမ်း (၆၈ × ၆၉ ကြား)။ ဖုန်း - ၀၉ ၇၇ ၁၄ ၇၇ ၁၄၁ ~ ၁၄၆

အားလုံးအတွက် အခမဲ့

အူရီဒူးအချင်းချင်း အခမဲ့ ဖုန်းခေါ် ဆိုခြင်းအပြင် တစ်ကမ္ဘာလုံးကို Viber, BeeTalk တို့သုံးပြီး ဖုန်းခေါ် ဆိုခြင်း၊ မက်ဆေ့ချ်ပေးပို့ခြင်း၊ ဗွီဒီယို ဖုန်းခေါ် ဆိုခြင်း နှင့် အခြားအသုံးပြုမှုများကို သုံးပြီး အခမဲ့ ချိတ်ဆက်နိုင်ပါပြီ။

ooredoo




အခုပဲရယူဖို့ *133# ကို ခေါ်ဆိုလိုက်ပါ

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်


SPRING LINE
★ Hlaing River Landmark ★
8th Jan 2017
Body Structure ဆောက်လုပ်ပြီးစီးခြင်း အခမ်းအနား
ဆောက်လုပ်မှုပြီးစီးသော PROJECT မှသာ
လူကြီးမင်းတို့အတွက် အာမခံနှင့်
ရင်းနှီးမြှုပ်နှံမှုအကျိုးအမြတ်ကို အခိုင်အမာဖြစ်စေပါသည်
*FREEHOLD LAND
*BUILDING COMPLETED 80%
*NEW CITY CENTER
*ROOM UNIT VARIABLE
Hlaing
River
Aung zaya Bridge
Hlaing River Rd
Bayint Naung Bridge2
Bayint Naung Bridge
VIP Customers များအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
Booking Date မှ 8 JAN 2017 နေ့ထိရယူလိုက်ပါ၊
Special Offer For Vip Customer
100,000 Ks/day
Valid From Booking Date Till To 8th Jan 2017
The Earlier You Book
The More You Get
Room Unit Can Variable
Living And Office Together As Desired
Complete & Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Permanently Property Rights Of Land
Wealth For Next Generation
Cluster Of Active Business Center
Boutique Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: အမှတ် ( ၄၆၀ ) လှိုင်မြစ်လမ်း ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ် ။
( ပေါက်တောဂ မီးပွိုင့်မှ အောင်ဇေယျ တံတား မတက်ခင် ညာဘက်ခြမ်း )
Facebook: Springline complex
Shwe Oak Khai Construction Co.,Ltd.


M40,M50
MPT SMARTPHONE
MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
FREE SIM WITH INTERNET
15 GB FOR M50 - 4.5 GB FOR M40
MPT
M40 4.0 inch
32,000 Ks
M50 5.0 inch
99,000 Ks
ဖုန်းဝယ်ယူစဉ်တွင်ပါရှိသည့် MPT SIM CARD ကို SIM 1 တွင် ထည့်သွင်းအသုံးပြုမှသာလျှင်
FREE INTERNET ကို အသုံးပြုနိုင်မည် ဖြစ်ပါသည်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နန်းစံ

## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၂၅)နေ ဦးမြိုင်ဟင်း-ဒေါ်နန်းဖူး (Shareholders)တို့၏မိခင်၊ ဒေါ်အိမျိုးသွယ်(Managing Director)၊ ဒေါ်သဲမျိုးစု(Corporate Relations Head)တို့၏ အဘွားဖြစ်သူ ဒေါ်နန်းစံသည် ၁၈-၁၂-၂၀၁၆ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**United Beauty Palace Myanmar Co.,Ltd.**

**မိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နန်းစံ

## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုလမ်း၊ အမှတ်(၂၅)နေ ဦးမြိုင်ဟင်း-ဒေါ်နန်းဖူး (Shareholders)တို့၏မိခင်၊ ဒေါ်အိမျိုးသွယ်(Managing Director)၊ ဒေါ်သဲမျိုးစု(Corporate Relations Head)တို့၏ အဘွားဖြစ်သူ ဒေါ်နန်းစံသည် ၁၈-၁၂-၂၀၁၆ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**United Pharma Co.,Ltd.**

**မိသားစု**

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ရ

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅

## လက်ပံတောင်းတောင်ကြေးနီစီမံကိန်းတွင် မြေယာဆုံးရှုံးခဲ့ရသည့် ရွာသူရွာသားများအတွက် လစဉ်ငွေကြေးထောက်ပံ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅

### သတင်းအညွှန်း

သုံးလသားအရွယ် ကလေးငယ်ပိုက်ထဲရှိ သန္ဓေသားဟု ယူဆရသည့် အသားလုံးများအား အောင်မြင်စွာ ခွဲစိတ်ထုတ်ယူနိုင်

စာမျက်နှာ » ၇

မောင်တောဒေသ ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့များ ဆက်လက်၍ ကွင်းဆင်းသတင်းရယူ

စာမျက်နှာ » ၁၀

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ တွေ့ရှိရသော အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့် နည်းလမ်းများရှာဖွေရန်အတွက် ကော်မတီ၏ မျက်နှာစုံညီအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) မှ လုပ်ဆောင်နေသည့် လုပ်ငန်းတာဝန်များအား ဆွေးနွေးရန်၊ ပြည်နယ် / တိုင်းဒေသကြီးအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S ) မှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ရှိရသော အခက်အခဲနှင့် စိန်ခေါ်မှုများအပေါ် ကျော်လွှားနိုင်မည့် နည်းလမ်းများ ရှာဖွေရန်နှင့် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအနေဖြင့် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ထိန်းသိမ်းသွားနိုင်ရန်တို့အတွက် ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ မျက်နှာစုံညီ အစည်းအဝေးကို ကျင်းပခဲ့သည်။

အဆိုပါ JMC ၏ ပထမဆုံး မျက်နှာစုံညီ အစည်းအဝေးကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ မျက်နှာစုံညီအစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)



မြန်မာနှင့် ပါလက်စတိုင်းအသင်းတို့ ဒီဇင်ဘာ ၂၀ ရက်က ယှဉ်ပြိုင်ကစားစဉ်။

# မြန်မာယူ-၁၉ အမျိုးသမီးအသင်း ကာဂျစ္စတန်နှင့် ယနေ့ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

၂၀၁၇ အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲအုပ်စု (ဂ) ဒုတိယနေ့ပွဲစဉ်အဖြစ် အဖွင့်ပွဲ၌ ဂိုးပြတ်အနိုင်ရထားသည့် မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ဒီဇင်ဘာ ၂၂ ရက်တွင် ယှဉ်ပြိုင်ရမည့် ကာဂျစ္စတန်နှင့်ပွဲတွင် အနိုင်ရလဒ်အပြင် ဂိုးများစွာ သွင်းယူနိုင်ရန် လိုအပ်နေသည်။

ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၂၂ ရက် ညနေ ၃ နာရီတွင် ထိုင်းအသင်းနှင့် ပါလက်စတိုင်းအသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် ပထမနေ့ပွဲစဉ်များတွင် မြန်မာအသင်းနှင့်ထိုင်းအသင်းတို့ နိုင်ပွဲရရှိထားပြီး မြန်မာအသင်းက ပါလက်စတိုင်းအသင်းကို ၁၀ ဂိုး-ဂိုးမရှိ၊ ထိုင်းအသင်းက ကာဂျစ္စတန်အသင်းကို ခုနစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲတွင် ပါလက်စတိုင်းအသင်းကို ခြေအသာဖြင့် တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ဂျူလိုင်ကျော်က ငါးဂိုး၊ နုနုက သုံးဂိုး၊ ရွှေမိုးအေးနှင့် သဥ္ဇာချိုက တစ်ဂိုးစီသွင်းယူခဲ့သည်။ ခြေစစ်ပွဲအုပ်စု(ဂ)တွင်ပါဝင်သော အသင်းများအနက် ကာဂျစ္စတန်နှင့် ပါလက်စတိုင်းအသင်းတို့၏ အနေအထားမှာ မြန်မာနှင့် ထိုင်းအသင်းကို ယှဉ်ကစားနိုင်ရန် မလွယ်ရာ ယနေ့ပွဲတွင်လည်း မြန်မာနှင့် ထိုင်းအသင်းသာ ဆက်လက်အနိုင်ရသွားဖွယ်ရှိနေသည်။

ခြေစစ်ပွဲတွင် အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာနှင့် ထိုင်းအသင်းတို့ အပြိုင်လုရမည်ဖြစ်ပြီး နောက်ဆုံးပွဲမှသာ အဖြေပေါ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၅–၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက် တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက် **"ကမ္ဘောဇဘဏ်လီမိတက်"** သည် ကျပ်ငွေ (၂၂,၉၅၉.၈၃)သန်း ဖြင့် **"ပထမ"** နေရာမှ (၅)နှစ်ဆက် ဝင်ငွေခွန် အများဆုံးထမ်းဆောင်ခဲ့ခြင်း၊

ကမ္ဘောဇဘဏ်လီမိတက်၏ **"ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)"** သည် နိုင်ငံတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တပြေးညီ ရှေ့ဆုံးမှ တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိပြီး ၂၀၀၇ ခုနှစ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံတော်နှင့်ပြည်သူအတွက် **(၁၁၀.၆၈၂)ဘီလီယံ** လှူဒါန်းခဲ့ခြင်း၊

ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ချီးမြှင့်သော ဆုအမြောက်အမြားကို ကမ္ဘောဇဘဏ်လီမိတက်မှ နှစ်စဉ် ထိုက်တန်စွာလက်ခံရရှိခဲ့ခြင်း၊

နိုင်ငံတကာမှ သတ်မှတ်ထားသော စံချိန်စံညွှန်းများ၊ အရည်အချင်းများနှင့် အရည်အသွေး စစ်ဆေးမှုများကို အောင်မြင်ပြီး ၂၀၁၆ ခုနှစ်အတွင်း မြန်မာ့ဘဏ္ဍာရေးသမိုင်းတွင် ပထမဆုံးအဖြစ် ထိုင်းနိုင်ငံ၊ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် ကမ္ဘောဇနိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးခွဲများကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊

စသည့် အောင်မြင်မှုများအတွက် ကမ္ဘောဇဘဏ်လီမိတက်နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူပြည်သားများ အမြဲထာဝရ အားကိုးအားထားရသော အောင်မြင်သည့် ထိပ်တန်းဘဏ်ကြီးအဖြစ် ထာဝရရပ်တည်နိုင်ပါစေကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း ဆထက်ထမ်းပိုးတို့၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

ဦးအောင်မြတ်
အုပ်ချုပ်မှုဒါရိုက်တာ
**Mother Trading & Construction Co., Ltd.**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ

၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ

၂၀၁၅-၂၀၁၆ အခွန်စည်းကြပ်နှစ်အတွက်

တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော ကုမ္ပဏီများအနက်

**"ကမ္ဘောဇဘဏ်လီမိတက်"** သည် **"ပထမနေရာ"** မှ **(၅)နှစ်ဆက်**

ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့ကြောင်း သိရှိရသဖြင့်

**"ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း"** အား

အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒေါက်တာကျော်မင်းဦး + ဒေါ်သင်းသင်းဦး**
**ချမ်းငြိမ်းအောင်အထူးကုဆေးရုံ – မန္တလေးမြို့**
**ချမ်းငြိမ်းအောင် ကုမ္ပဏီလီမိတက် – မန္တလေးမြို့**


# THREE STAR

Air-con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ပြုပြင်ခြင်း၊ တပ်ဆင်ခြင်း၊ ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း ဆေးကြောသန့်စင်ခြင်းလုပ်ငန်းများကို အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

Split Type Air-con Brand New **1HP 255000-Ks**

၃ နှစ် အာမခံ တပ်ဆင်ပြီးဈေးနှုန်း **1.5HP 310000-Ks**

(Copper Pipe-10', Wire, Frame, Transportation)

"အနီးဆုံးဆိုင်ခွဲသို့ ဆက်သွယ်ရန်"

တောင်ဥက္ကလာ - 705784, 09-5163480
လှိုင်မြို့နယ် - 09-401505153, 09-420186543
ဗဟန်းမြို့နယ် - 09-428192157, 09-252833530
စမ်းချောင်း - 09-450047285, 09-250161435
မင်္ဂလာတောင်ညွန့် - 09420047153, 09-250069932

မြို့ ရွာ တစ် ခွင် သာ ခေ ချင်
မီး တွင် မ ပေါ့ နှင့်

တိုတော့်နိုင် CAR RENTAL

မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(ဖဲ့စာတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်။

09 25 358 2510, 09 515 8803

**ကျေးဇူးဆပ်ပါမည်**

မြိတ်မြို့၊ မြစ်မရပ်၊ မင်္ဂလာလမ်းနေ ဦးထွန်းလွင်[၆/မအရ(နိုင်) ၀၈၉၂၅၄] ပိုင်ဆိုင်သည့် သုခနေ-၁ (FMD/ 0036/ 09) (Gt-46.54)၏ ရေယာဉ်မှတ်ပုံတင်လက်မှတ် (ဂရန်)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၂၁၅၁၄၁

**မိုးထွင့်မဟာ**
**အိမ်ခြံမြေအကျိုးဆောင်**

အိမ်ခြံမြေ-တိုက်ခန်း၊ ကွန်ဒို၊ လုံးချင်း၊ စက်မှုဇုန် ရောင်းဝယ်ငှားလိုသူများ အပ်နိုင်ပါပြီ။

ဖုန်း -၀၉-၇၈၂၃၀၅၁၂၀၊
၀၉-၉၆၂၃၀၅၁၂၀၊
၀၉-၄၄၂၃၀၅၁၂၀

ထွက်ပြီ

The SPEAKER news journal

သတင်းဆောင်းပါးကောင်းဖတ်ချင်သူများအတွက် သတင်းဂျာနယ်

အတွဲ(၁)၊ အမှတ်(၅)

➤ ပါတီဥက္ကဋ္ဌတာဝန် ၆၈ ရက် ထမ်းဆောင်ခဲ့သည့် NLD ပါတီဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ကြီး — စိုးမြင့်မိုး(ဘူမိ)
➤ ပြည်သူလူထုအတွက် ထိထိရောက်ရောက် အကျိုးရှိအောင် မလုပ်နိုင်သေးဘူး။ — ဦးဝင်းထိန်နှင့်တွေ့ဆုံခြင်းမှ ....
➤ ရခိုင်သူ မသီတာထွေးအသတ်ခံရတဲ့ကိစ္စနဲ့ စတင်ခဲ့တဲ့ ပြဿနာဟာ ဘာကြောင့် နောက်ဆုံးမှာ ရိုဟင်ဂျာအဖြစ် အသိအမှတ်ပြုရေး ပြဿနာအဖြစ် ကျန်ရစ်နေသလဲ .... — သီဟသွေး
➤ မောင်းမကျေးရွာက နစ်လောင်းပြိုင်လူသတ်မှု ဘာ့ကြောင့်မမိသေးတာလဲ ....

ဝန်ကြီးက အဂတိကင်းရှိနဲ့ မလုံလောက်ပါဘူး။ သူ တာဝန်ယူရတဲ့ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတွေအားလုံး အဂတိကင်းဖို့ သူက တာဝန်ခံ၊ တာဝန်ယူရမှာပါ။ — ဒေါက်တာရန်မျိုးသိမ်း

တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ။ အထက်ဗမာပြည်ဖြန့်ချိရေး ထွန်းဦးစာပေ၊ နဂါးစာပေ

အမှတ်(၅)၊ ပုညဝဏ္ဏလမ်း၊ မလွကုန်းဒေ့းကြွယ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
thespeakernewsjournal@gmail.com
ဖုန်း -၀၉-၇၇၃၇၃၅၈၁၅၊ ၀၉-၄၅၆၃၁၆၄၁၃

